# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ် (ဓမ္မပဒ - ၁၂)**


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၀၈)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး နာဂရိုးရာနှစ်သစ်ကူးပွဲတော်တက်ရောက်



**လဟယ် ဇန်နဝါရီ ၁၅**

၂၀၁၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လဟယ်မြို့ ရွှေပြည်သာ အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဉရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးများ၊ နာဂရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံနာဂတိုင်းရင်းသား တိုင်းရင်းသူများနှင့် ပြည်တွင်း ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဝတ်ဆင်ပေး**

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နာဂရိုးရာဦးထုပ်ကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

အစီအစဉ်အရ နိုင်ငံတော်အလံကို အလေးပြုကြပြီး အခမ်းအနားသဘာပတိ နာဂတိုင်းရင်းသား ဦးမောင်ပိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တောတောင်သဘာဝအလှအပများနှင့် သဘာဝပတ်ဝန်းကျင် မပျက်စီးသေးသောဒေသသို့ ရောက်ရှိလာရသည့်အတွက်လည်း အလွန်ပင် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွား

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ၂၀၁၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်**

(သတင်းစဉ်)




KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# အပြောင်းအလဲတစ်ခုအတွက် သမိုင်းဝင်မည့်နေ့တစ်နေ့

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ဟောင်းသည် ယမန်နေ့တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ရန်ကုန်မြို့နေပြည်သူများ ယနေ့စတင်ထိတွေ့ကြရပြီဖြစ်ရာ အပြောင်းအလဲတစ်ခု၏သဘာဝအတိုင်း အဆင်မပြေမှု၊ အထာမကျမှုတို့နှင့် ရင်ဆိုင်ကြရမည်ကိုလည်း အားလုံးက မျှော်လင့်ထားကြပြီးသားဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယာယီအခက်အခဲများကို ကျော်ဖြတ်ပြီးသည့် ဟိုမှာဘက်တွင် စနစ်သစ်၏ ကောင်းကျိုးရလဒ်များကို ရရှိခံစားကြရမည်ဟု ယုံကြည်မိသည်။

သယ်ယူပို့ဆောင်ရေးစနစ်သစ် အပြောင်းအလဲတွင် ထူးထူးခြားခြားဟုဆိုရမည့်အချက်မှာ ပြည်သူများက စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ကြခြင်းပင်ဖြစ်သည်။ ဤသည်မှာ အပြောင်းအလဲအတွက် အားသာချက်တစ်ရပ်လည်း ဖြစ်သည်။ ခရီးသွားပြည်သူများ အခက်အခဲတစ်စုံတစ်ရာကြုံတွေ့ပါက အကူအညီပေးမည့် စေတနာ့ဝန်ထမ်းလုပ်အားပေးများက ရန်ကုန်မြို့ခရီးစဉ်လမ်းကြောင်းများပေါ်ရှိ မှတ်တိုင်များတွင် ရှိနေကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပြည်သူများ ကြုံတွေ့ရသည့် အခက်အခဲများကို စုစည်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ပြန်လည်တင်ပြခြင်းတို့ ဆောင်ရွက်သွားကြမည်ဖြစ်သည်ဟု သိရသည်။ အများပြည်သူ အကျိုးအတွက် ပြည်သူများကပင် တစ်တပ်တစ်အား ပါဝင်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ရာ ဒီမိုကရေစီ၏ သရုပ်သကန်တစ်ခုဟူ၍ ဆိုရမည် ဖြစ်သည်။

စနစ်သစ်တစ်ခုကို ကူးပြောင်းရခြင်းမှာ စနစ်ဟောင်းတွင် ပြည်သူအများ နိစ္စဓူဝတွေ့ကြုံခံစားခဲ့ကြရသော အနိဋ္ဌာရုံများကို ဖယ်ရှားလိုရင်းက အဓိကဖြစ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ကြသည့် လုပ်ငန်းရှင်အနည်းစုနှင့် ခရီးသွားပြည်သူ လူများစုတို့အကြား အကျိုးစီးပွားတို့ကို ချိန်ညှိကာ အများပြည်သူဝန်ဆောင်မှုတို့ကို မြှင့်တင်သွားခြင်းဖြင့် အောင်မြင်မှုရလဒ်တို့ ရရှိမည်ဟု ယုံကြည်မိသည်။ တစ်ဖက်တွင်လည်း သယ်ယူပို့ဆောင်ရေးစနစ်သစ်သည် တစ်ချက်လွှတ် တရားသေ ဆောင်ရွက်မှုမဟုတ်ဘဲ အားသာချက်တို့ကို ခိုင်မြဲစွာ ဆုပ်ကိုင်၊ အားနည်းချက်တို့ကို ရှာဖွေပြုပြင်ကာ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ပြောကြားထားပြီးဖြစ်သကဲ့သို့ စနစ်သစ်ဖြင့် ယာဉ်လိုင်းများ ပြေးဆွဲမှုကို စောင့်ကြည့်စစ်ဆေးခြင်း၊ စည်းကမ်းချိုးဖောက်မှုတို့ရှိပါက ထိထိရောက်ရောက် အရေးယူခြင်းတို့ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားထားပြီးဖြစ်ရာ စနစ်သစ်၏ အနေအထားအရ အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်မည်ဟု သုံးသပ်နိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ယာဉ်လိုင်းအသစ် ၆၁ လိုင်းဖြင့် ရန်ကုန်မြို့ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်သစ် စတင်သည့် ယနေ့သည် ရန်ကုန်မြို့၏ သမိုင်းဝင်မည့် နေ့တစ်နေ့ဖြစ်သည်။ အခက်အခဲ တစ်စုံတစ်ရာကြုံတွေ့ရပါက ကိုယ်တိုင်ရင်ဆိုင်ကျော်လွှားခြင်း၊ အခက်အခဲကြုံနေသူများကို ကူညီဖြေရှင်းပေးခြင်းတို့ဖြင့် ယနေ့တစ်နေ့တာသည် အောင်မြင်မှုသို့ ဦးတည်သည့် ပထမဆုံးနေ့ဖြစ်လာပြီး ဒုတိယမြောက်နေ့၊ တတိယမြောက်နေ့ စသည်တို့တွင် အတွေ့အကြုံတို့က မိမိတို့ကို သင်ကြားသွားလိမ့်မည်ဖြစ်သည်။

ရန်ကုန်မြို့ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် Yangon Bus Service-YBS အပြောင်းအလဲအောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလပြည်သူများအပါအဝင်ဖြစ်သော စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုအပ်ပါကြောင်း။ ။




## မန္တလေးသို့ ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု သုံးသိန်းရှစ်သောင်းကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၃၈၅၀၃၁ ဦးရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနစာရင်းများအရ သိရသည်။

၂၀၁၅ ခုနှစ်က မန္တလေးသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် သုံးသိန်းဝင်ရောက်မည်ဟု ခန့်မှန်းခဲ့ရာ ၃၀၆၄၃၂ ဦးဝင်ရောက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်ဝင်ရောက်မှုကို လေးသိန်းခန့်မှန်းခဲ့ကြောင်း ယင်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းယုက ပြောသည်။ စာရင်းများနှိုင်းယှဉ်ချက်အရ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၅ ခုနှစ်က စာရင်းများထက်ပိုမိုများပြားခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များပြားသည့် မန္တလေးသို့ ခရီးသွားရာသီတွင် အဆက်မပြတ်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ခံတစ်ဦးကလည်း "လက်ရှိတည်ရှိနေတဲ့ ယဉ်ကျေးမှုဒေသတွေနဲ့ သဘာဝအမွေအနှစ်ဒေသတွေအပြင် ခရီးစဉ်နေရာသစ်တွေ ဖော်ထုတ်သင့်တယ်။ ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားမယ့် ရိုးရာဓလေ့တွေကိုလည်း ဖော်ထုတ်သင့်တယ်"ဟုပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ခေတ်မီမီးငြိမ်းသတ်ရေးကိရိယာများ တိုးချဲ့သုံးစွဲရန် လိုအပ်လာ

**ရန်ကုန် ဇန်နဝါရီ ၁၅**



ခေတ်မီတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုဖြစ်ပွားမှုနှုန်းသည်လည်း များပြားသည့်အတွက် ပြည်သူများအနေဖြင့် ခေတ်မီ မီးငြိမ်းသတ်ရေးကိရိယာများ သုံးစွဲရန်လိုအပ်လာကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူး ဦးကျော်သူရက ပြောသည်။

"ခေတ်မီတိုးတက်လာတဲ့အတွက် လျှပ်စစ်မီး၊ လျှပ်စစ်ပစ္စည်းအသုံးပြုမှုတွေ များပြား လာပါတယ်။ တစ်ချိန်တည်းမှာ ပေါ့ဆမှုကြောင့် မီးလောင်မှုတွေဟာလည်း တိုးလာတာတွေ့ရပါတယ်။ မီးလောင်မှုတစ်ခုဟာ အချိန်မီ သိလိုက်တယ်၊ အချိန်မီ ငြိမ်းသတ်နိုင်တယ်ဆိုရင် ဆုံးရှုံးမှုတန်ဖိုးနည်းပါတယ်။ ဒီလို မီးလောင်တာကို အချိန်မီသိနိုင်ဖို့ အလိုအလျောက် မီးငြိမ်းသတ်ကိရိယာတွေ၊ စနစ်တွေ တိုက်ခန်းတွေမှာ တပ်ဆင်အသုံးပြုဖို့ လိုအပ်ပါတယ်။ ခေတ်မီ မီးငြိမ်းသတ်ရေးကိရိယာတွေ သုံးစွဲလာတာနဲ့အမျှ ဆုံးရှုံးမှုတန်ဖိုးဟာလည်း ကျဆင်းသွားမှာ ဖြစ်ပါတယ်" ဟု ဦးကျော်သူရက ကမ္ဘာအေးဘုရားလမ်း မီးသတ်ဦးစီးဌာနရုံးချုပ်၌ ကျင်းပသော မီးသတ်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုအကြိမ်ပေါင်း ၁၄၇ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ အထူးသဖြင့် မင်္ဂလာဈေးကြီးကဲ့သို့ မီးလောင်မှုများဖြစ်ပွားခဲ့သည့်အတွက် ဆုံးရှုံးမှုတန်ဖိုးမှာ များပြားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးသတ်ပစ္စည်းများ သရုပ်ပြပွဲတွင် ဂျပန်နိုင်ငံမှ မိတ်ဆက်ပြသခဲ့သည့် အကြော်ကြော်နေစဉ် မီးလောင်မှုဖြစ်ပွားသည့်အခါ အသုံးပြုသော Shobo Pack ၊ မီးလောင်မှုဖြစ် ပွားရာနေရာသို့ ပစ်ပေါက်အသုံးပြုရသော Fire ball နှင့် အဆောက်အအုံမျက်နှာကြက်များတွင်တပ်ဆင်ထားပြီး အလိုအလျောက် မီးငြိမ်းသတ်နိုင်သော Higonokami Automatic တို့ဖြစ်သည်။

ယခုအခါ ခြောက်သွေ့ရာသီသို့ ကူးပြောင်းလာပြီ ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကို အထူးသတိပြုရန် လိုအပ်လာကြောင်း ညွှန်ကြားရေးမှူးက ထပ်လောင်းရှင်းပြသည်။

**မြင့်မောင်စိုး ၊ ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)**

## တိုင်းရင်းစာပေ အင်္ဂလိပ်စာ၊ မြန်မာစာ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**လိပ်သို ဇန်နဝါရီ ၁၅** - တိုင်းရင်းသားဘာသာစကားဖွံ့ဖြိုးတိုးတက်စေရေး၊ အင်္ဂလိပ်စာ၊ မြန်မာစာအရေးအဖတ်မှန်ကန်စေရေးအတွက်ရည်ရွယ်ပြီး ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်မြို့အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့် တိုင်းရင်းစာပေ၊ အင်္ဂလိပ်စာ၊ မြန်မာစာ၊ စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် သံတောင်ကြီးမြို့နယ် ဘောဂလမြို့၊ လိပ်သိုမြို့၊ သံတောင်မြို့အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၆ ဦးသည် စကောကရင်၊ ကယန်း၊ ဂေဘားတိုင်းရင်းသား ဘာသာများမှ ကဗျာ၊ စာဖတ်၊ စာရေး၊ ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုရရှိသူများကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၅-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၆ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၃ · ၃၁ |
| ထိုင်း | တစ်ဘတ် | ၃၇ · ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၇၃ |
| တရုတ် | တစ်ယွမ် | ၁၉၄ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀ · ၃၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ *ရှေ့ဖုံးမှ*

ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစစအရာရာ မမေ့မလျော့ စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ကျရောက်သည့် အေးချမ်းသာယာသော နာဂရိုးရာ နှစ်သစ်ကူးပွဲတော်နေ့တွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ပြည်နယ်ပြည်မ မခွဲခြားဘဲ မျှော်မှန်းထားသော ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရန် ရည်မှန်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**နာဂဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်**

ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်များအပါအဝင် နိုင်ငံတစ်ဝန်းလုံးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ နာဂဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ထိုက်သင့်သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိ**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက နှစ်အလိုက်ရန်ပုံငွေများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးအရ ကန့်သတ်ချက်အနည်းငယ် ရှိနေသေးသော်လည်း ထိုက်သင့်သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီဖြစ်ကြောင်း၊

**မတူကွဲပြားမှုများညှိနှိုင်းဆွေးနွေး**

တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် ပြည်ထောင်စုကြီးကို ပြည်နယ်ကြီး/ငယ်၊ ဒေသကြီး/ငယ်၊ လူဦးရေများခြင်း/နည်းခြင်း၊ သယံဇာတများခြင်း/နည်းခြင်း၊ လူမှုစီးပွားကွာခြားခြင်းတို့အပေါ် အခြေခံမှုမပြုဘဲ တိုင်းရင်းသားအားလုံး ညီညွတ်မျှတသည့် အကျိုးခံစားခွင့်ရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအားလုံးသည် ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်သည့်အတွက် မတူကွဲပြားမှုများကို ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံ၍ ညှိနှိုင်းဆွေးနွေးအဖြေရှာသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အစိုးရအဖွဲ့သက်တမ်းကိုးလအတွင်း နာဂဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ရန်ပုံငွေများအလိုက် ငွေကျပ်သန်းပေါင်း ၉၆၂၄ ဒသမ ၄၄၈ သန်း ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ဒေသနေပြည်သူများအတွက် စားနပ်ရိက္ခာဆန် ၃၇၅၈ အိတ် ထောက်ပံ့ပေးခဲ့ကြောင်း၊ နာဂဒေသဘက်ပေါင်းစုံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် အစိုးရနှင့်အတူ အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံရှင်းလင်း**

ယင်းနောက် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို)ဥက္ကဋ္ဌ ဦးအောင်ထွင်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး နာဂတိုင်းရင်းသူ မခေါင်က နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နာဂရိုးရာ နှစ်သစ်ကူးလက်ဆောင် ပေးအပ်သည်။

ထို့နောက် ကချင်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များက နာဂတိုင်းရင်းသားများအတွက် နှစ်သစ်ကူးလက်ဆောင်များပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား နာဂရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံပြီး နာဂတိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

**နာဂရိုးရာဂျပ်ခုတ်စင်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နှစ်သစ်ကူးပွဲတော် ကျင်းပသည့် ကွင်းအနီးရှိ နာဂရိုးရာ ပန်းတုံးထုခြင်းကို ပါဝင်ဆင်နွှဲပြီး နာဂရိုးရာ ပန်းပဲဖိုနှင့် နာဂရိုးရာဂျပ်ခုတ်စင်တို့ကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် လဟယ်မြို့ သာသနပါလ ဓမ္မဗိမာန်တော်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရ အမှူးပြုသည့် ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ စားသုံးဆီ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နာဂတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို မိရိုးဖလာ တောင်ယာလုပ်ငန်းခွင်နှင့် လယ်ယာလုပ်ငန်းခွင်များမှ ကောက်ပဲသီးနှံများရိတ်သိမ်းပြီးနောက် နှစ်သစ်တောင်ယာ၊ လယ်ယာလုပ်ငန်းခွင်မဝင်မီ ကျင်းပခဲ့ကြခြင်းဖြစ်သည်။

**နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်ကို နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အဖြစ် သတ်မှတ်**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ယခင်က နှစ်စဉ် ကျေးရွာအလိုက် ကျင်းပပြီး ၁၉၅၆ - ၅၇ ပြည့်နှစ်တွင် နာဂတိုင်းရင်းသား အကြီးအကဲများ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် နှစ်သစ်ကူးပွဲတော်များကို ကျင်းပခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် နာဂမျိုးနွယ်စု အကြီးအကဲများ ညှိနှိုင်းတိုင်ပင်မှုဖြင့် နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်ကို နာဂရိုးရာနှစ်သစ်ကူးပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်။

**၁၇ ကြိမ်တိုင်ခဲ့ပြီဖြစ်**

၁၉၉၃ ခုနှစ်မှစ၍ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သည်။ ၂၀၀၁ ခုနှစ်မှ စတင်၍ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်အဆင့်အဖြစ် နာဂဒေသ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့များ၌ လှည့်လည်ကျင်းပခဲ့ရာ ၁၇ ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မီးပုံပွဲသို့ တက်ရောက်ချီးမြှင့်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နာဂရိုးရာနှစ်သစ်ကူးလက်ဆောင် ပေးအပ်စဉ် (သတင်းစဉ်)

# (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

၂၀၁၇ ခုနှစ် (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ ကန္တဟေဝန်ပန်းခြံရှိ ကန္တရဝတီကျောက်သားရင်ပြင်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ခရိုင်ဝန် Mr. Suebsak Eaimvijarn နှင့်အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ဖတ်ကြားသည်။





**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား သဝဏ်လွှာ ဖတ်ကြားစဉ်** (ပြည်နယ် ပြန်/ဆက်)

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က သဝဏ်လွှာဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ခရိုင်ဝန် Mr. Suebsak Eaimvijarn က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲတွင် ဆုရရှိသူ တောင်သူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကန္တရဝတီ အားကစားကွင်းအတွင်း ကျင်းပသည့် ရိုးရာစပါးထောင်းပြိုင်ပွဲ၊ ရိုးရာနပန်းပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နတ်မောက်မြို့၌ လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**နတ်မောက် ဇန်နဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လူမှုအခြေပြုဗဟိုဌာနကို အများပြည်သူနှင့် ထိတွေ့ဆက်ဆံပြီး ကူညီဆောင်ရွက်မှုအပိုင်းများ လုပ်ဆောင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် စာအုပ်နှင့် မတွေ့ပါက စာမဖတ်ဖြစ်ခြင်းကြောင့် စာအုပ်နှင့် တိုက်မိသည့်အနေအထားမျိုး၊ စာအုပ်ကိုရှောင်၍ မလွတ်သည့် အနေအထားမျိုး ဖန်တီးပေးထားချင်သည့်အတွက် ရွေ့လျားစာကြည့်တိုက်များ လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ကလေးများနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများကို အဓိကဖြန့်ချိရန် စီစဉ်ထားမှု၊ ငယ်ငယ်ကတည်းက စာဖတ်ဝါသနာကိန်းအောင်းသွားရန် စာအုပ်နှင့် ထိတွေ့ပေးရန် လိုအပ်မှုနှင့် ကလေးများ စိတ်ဝင်စားမည့် စာအုပ်အသစ်များ လိုအပ်မှုတို့ကိုလည်း ပြောကြားခဲ့သည်။

ပြန်ကြားရေး ဝန်ကြီးဌာနသည် လုပ်ငန်းသဘာဝချင်းတူ၊ စေတနာတူ၊ ဝါသနာတူသည့် အဖွဲ့အစည်းများနှင့် နေရာတိုင်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာများနှင့် အခြားသော အဖွဲ့အစည်းများကသာ ဆောင်ရွက်နေရုံဖြင့်မပြီးဘဲ ရပ်ရွာနေ အများပြည်သူများကလည်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်များ အောင်မြင်စေရေးအတွက် စာပေဝါသနာပါသောပုဂ္ဂိုလ်များ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အများပြည်သူအားလုံးတို့က ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ လူမှုအခြေပြုဗဟိုဌာနအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

ယနေ့လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်သည့် နေရာဒေသသည် အမျိုးသားခေါင်းဆောင်ကြီး မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတိ ချက်ကြွေမွေးရပ်မြေ၌ ကျင်းပခြင်းဖြစ်သည့်အပြင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် ထူးခြားသည့် ပွဲတစ်ပွဲဟု ဆိုနိုင်သည်။

မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက ရွေ့လျားစာကြည့်တိုက် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများသည် လူမှုအခြေပြု ဗဟိုဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Mobile Library Bus နှင့် နတ်မောက်မြို့နယ် လူမှုအခြေပြုဗဟိုဌာနအတွင်း ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအတွင်း ပြသထားသည့် ဒေသထွက်ကုန်များ၊ ကွန်ပျူတာသင်တန်း၊ ကလေးစာဖတ်ခန်းနှင့် Mobile Library Bus တို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ် အထိမ်းအမှတ်ပြတိုက်နှင့် သာသနာ့ဟိတစာကြည့်အသင်းကို သွားရောက်ကြည့်ရှုသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်က အင်းစိန်ရုံးနှင့် ဒီဇင်ဘာ ၁၅ ရက်တွင် မြောင်းမြခရိုင်ရုံးတို့၌ လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ယခု နတ်မောက်ရုံး၌ ထပ်မံဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ဆက်လက်၍ ပျဉ်းမနား၊ မြစ်ကြီးနားနှင့် ဘားအံမြို့တို့၌လည်း ထပ်မံဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မင်းဘူးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

## ပွင့်ဖြူမြို့၌ ရေဆိုးထုတ်မြောင်းတူးဖော်

**ပွင့်ဖြူ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့ပတ်လမ်း ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းနှင့် ရေခလုတ်ပြုလုပ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇန်နဝါရီလဒုတိယပတ်က ရေဆိုးထုတ်မြောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ရေဆိုးထုတ်မြောင်းနှင့် ရေခလုတ်ပြုလုပ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေမှ စိုက်ထုတ်၍ အကုန်အကျခံကာ ရေနုတ်မြောင်းတူးဖော်ပြီး ရေနုတ်မြောင်းအရှည်ပေ ၂၀၀၀ အတွင်းရှိ သဲနုန်း၊ အမှိုက်များနှင့် မြေသားများကို ရှင်းလင်းဆယ်ယူကြသည်။ ယင်းလုပ်ငန်းပြီးစီးသွားသဖြင့်ရေဆိုးရေညစ်များကြောင့် ကျန်းမာရေးထိခိုက်ခြင်း၊ ခြင်ပေါက်ပွားခြင်း လျော့နည်းသွားသဖြင့် မြို့သန့်ရှင်းသာယာလှပပြီး ပြည်သူများ ကျန်းမာပျော်ရွှင်မှုအား အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဌေး( ပွင့်ဖြူ)**

# လယ်ယာထုတ်ကုန်များတွင် စားသုံးသူများကို အန္တရာယ်ဖြစ်စေမည့် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲမှုမပြုရန် ပညာပေး



**နေပြည်တော် ဇန်နဝါရီ ၁၅**

အစားအစာလုံခြုံစိတ်ချရပြီး ပိုးသတ်ဆေးကင်းရှင်းသည့် သီးနှံများထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ တောင်သူများ သိရှိလိုက်နာစေရန်ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများအား GAP လက်တွေ့ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၅ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနက တည်ထောင်ထားသည့် GAP စိုက်ကွင်း၌ ပြုလုပ်ခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုတို့က တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်ဦးစီးမှူးများ၊ မြေအသုံးချရေးတာဝန်ခံများ၊ ပိုးမွှားတာဝန်ခံများ၊ မျိုးစေ့ဌာနတာဝန်ခံများ၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများကို GAP နှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားခဲ့သည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေ ထုတ်ပြန်ထားတဲ့ မူဝါဒလမ်းစဉ်တွေမှာ အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်တွေဟာ ခရိုင်အဆင့်၊ တိုင်းအဆင့်က ပညာရှင်တွေ၊ ဝန်ထမ်းတွေနဲ့ မြေနဲ့ပတ်သက်တဲ့ပညာရှင်တွေ၊ ပိုးမွှားရောဂါနဲ့ ပတ်သက်တဲ့ပညာရှင်တွေ၊ မျိုးစေ့နဲ့ ပတ်သက်တဲ့ ပညာရှင်တွေနဲ့ နည်းပညာပေးဝန်ထမ်းတွေကို ဆောင်ရွက်ရမယ့် လုပ်ငန်းစနစ်တွေကို အသေးစိတ်ဆွေးနွေးနိုင်ဖို့ ဒီကွင်းသရုပ်ပြပွဲကို ကျင်းပရတာ ဖြစ်ပါတယ်။ စားနပ်ရိက္ခာဖူလုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရဓာတ်ပြည့်ဝရေးဆိုတဲ့ လုပ်ငန်းစဉ်တွေရှိပါတယ်။ စားနပ်ရိက္ခာဖူလုံရေးကို ခေတ်အဆက်ဆက်က ဦးစားပေးပြီး ဆောင်ရွက်ခဲ့တာရှိပါတယ်။ အဲဒီစနစ်ကနေ ထုတ်လုပ်မှုတွေ၊ လုပ်ငန်းဆောင်ရွက်မှုတွေ လုပ်ခဲ့ကြတယ်။ ဒါကြောင့်လည်း ဒီနေ့ မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာဖူလုံမှုဟာ စိုးရိမ်စရာမရှိသေးဘူး။ သို့သော်လည်း အခုရောက်ရှိနေတဲ့အနေအထားလေးတွေမှာ ဒုတိယပိုင်းဖြစ်တဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ အာဟာရပြည့်ဝရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်မှုအားနည်းနေသေးတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအပိုင်းကို အဓိကဆောင်ရွက်ပေးဖို့အတွက် လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေအနေကို သုံးသပ်တဲ့အခါ မြန်မာနိုင်ငံကထွက်တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ စားသုံးသူဈေးကွက်မှာရှိနေတဲ့ပစ္စည်းတွေမှာ ရောဂါဝေဒနာတွေကို ဖြစ်ပေါ်စေမယ့် ဓာတုဆေးဝါးတွေ အလွန်အကျွံသုံးစွဲတာကို တွေ့နေရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေသလို ဌာနကလည်း လယ်ယာထွက်ကုန်တွေကို တောင်သူတွေနဲ့လက်တွဲပြီး ဆောင်ရွက်နေတဲ့ စိုက်ပျိုးရေးဦးစီးဌာနကလည်း အဓိကတာဝန်ယူရတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ရဲတင့်ထွန်းက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် အဓိကထားလုပ်ကိုင်ရမည့် စိုက်ပျိုးရေးစနစ်မှာ အော်ဂဲနစ်သီးနှံအနေဖြင့် သွားရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ လက်ရှိသုံးစွဲနေသည့်စနစ်နှင့် လူများ လိုက်နာနိုင်သည့် အနေအထားအရ အော်ဂဲနစ်သီးနှံကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားရန် အချိန်တစ်ခုစောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ သို့သော် ဓာတုဆေးဝါးများသုံးစွဲသည့် အလေ့အကျင့်ရှိသည့်ဒေသများတွင် ချက်ချင်းပြောင်းလဲရန်ခက်ခဲသည့်အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ GAP စနစ်တွင် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို သုံးစွဲသင့်သလောက် သုံးစွဲခွင့်ပြုရန် လမ်းညွှန်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ကျွန်တော်တို့နိုင်ငံက ထုတ်လုပ်လိုက်တဲ့ လယ်ယာထွက်ကုန်တိုင်းဟာ ကျန်းမာရေးရှုထောင့်အတွက် လိုအပ်တဲ့ ဟင်းသီးဟင်းရွက် သစ်သီးဝလံတွေဖြစ်ဖို့ အရေးကြီးပါတယ်။ စားသုံးတဲ့အခါမှာလည်း ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် ပိုးသတ်ဆေးတွေလျှော့ချသုံးစွဲဖို့၊ ဓာတုဆေးဝါးတွေ လျှော့ချသုံးစွဲဖို့၊ အော်ဂဲနစ်စနစ်ထိတောင်မှ ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်စားသုံးနိုင်ဖို့အထိ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တာဝန်ရှိတဲ့အတိုင်း ဝန်ထမ်းတွေကတစ်ဆင့် တောင်သူတွေရဲ့ တကယ့်ကွင်းထဲမှာ စိုက်တဲ့နယ်ပယ်မှာ ဒီစနစ်တွေကို လိုက်နာကျင့်သုံးနိုင်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ထုတ်လုပ်လိုက်တဲ့အခါမှာလည်း တောင်သူတွေဟာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ၊ ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်တွေ စားသုံးသူအတွက် လုံခြုံစိတ်ချရတယ်ဆိုတဲ့ အခြေအနေကို ထုတ်လုပ်ပေးတဲ့အတွက် စိုက်ပျိုးတဲ့သူမှာ ဝင်ငွေလည်းပိုပြီး ရနိုင်သလို ထုတ်လုပ်တဲ့ပစ္စည်းဟာ စားသုံးသူမှာ အန္တရာယ်မဖြစ်ဘဲနဲ့ သက်ရှည်ကျန်းမာဖို့ အထောက်အကူဖြစ်တယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP စနစ်ဖြင့် စိုက်ပျိုးသည့် သရက်ခြံ ၂၇ ခြံကို ယမန်နှစ်က စစ်ကိုင်းတိုင်းဒေသကြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးခွင့်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း GAP စနစ်ကို လိုက်နာဆောင်ရွက်သည့် တောင်သူများကိုစစ်ဆေး၍ GAP ထောက်ခံချက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဟင်းသီးဟင်းရွက်၊ စပါး၊ ပဲမျိုးစုံ၊ ဆီထွက် သီးနှံ၊ ကော်ဖီစသည့် သီးနှံ ၁၄ မျိုးကိုလည်း GAP ထောက်ခံချက် ထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေးဝန်ထမ်း ၃၀၀ ကျော် တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သိန်း**

❖ *ကျောဖုံးမှ*

သိသာစွာကျဆင်းခဲ့ပြီး သကြားဝယ်လိုအားကြောင့် ယခုနှစ် ကြံရာသီ၌ ကြံတစ်တန်လျှင် ငွေကျပ် ၅၅၀၀၀ ဈေးနှုန်းသတ်မှတ်၍ စတင်ဈေးဖွင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ကြံစိုက်ပျိုးသည့် တောင်သူများအနေဖြင့်များစွာ အဆင်ပြေကြသည်ကို တွေ့ရှိရသည်။ ထို့အပြင် ကြံဈေးနှုန်းများ ဆက်လက်တိုးမြှင့်ဝယ်ယူမည်ဆိုသည့် သတင်းနှင့်ပတ်သက်၍ အမှတ်(၆)သကြားစက်ရုံမှတာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းခဲ့ရာ "ဟုတ်ပါတယ်၊ ဒီနေ့ကစပြီး တစ်တန်ကို ကျပ် ၇၀၀၀၀ နှုန်းနဲ့ဝယ်မှာပါ၊ ဒီဈေးနှုန်းကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သကြားစက်အားလုံးထဲမှာ ပထမဦးဆုံးဈေးအမြင့်ဆုံးပေးပြီးဝယ်ယူတာဖြစ်ပါတယ်၊ အဓိကကတော့ တောင်သူတွေ စပါးဈေး၊ ပဲဈေးမကောင်းလို့ စီးပွားရေးအရအခက်အခဲတွေ ဖြစ်ပေါ်နေတာကို စက်ရုံအနေနဲ့ တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့သဘောပါ" ဟု လက်ထောက်စက်ရုံမှူး ဦးတင်ဌေးက ရှင်းလင်းပြောကြားခဲ့သည်။ ကြံဈေးနှုန်းတိုးမြှင့်ဝယ်ယူမည့် သတင်းကြောင့် တောင်သူများအကြားတွင်လည်း အံ့သြဝမ်းသာမှုများရှိခဲ့ပြီး လက်ရှိကြံရောင်းချရန်ကျန်နေသော တောင်သူများအတွက် သားရွှေအိုးထမ်းနိုင်ကြပြီဖြစ်ကြောင်း တောင်သူများ၏ ပြောကြားမှုများလည်း ရှိနေသည်။

* *ကျောဖုံးမှ*

လက်ရှိအချိန်အထိ လာနီညာဖြစ်ရန် သေချာမှု ရာခိုင်နှုန်း ၅၂ ရာခိုင်နှုန်းရှိနေဆဲဖြစ်ကြောင်း ၎င်းက သုံးသပ်တင်ပြထားသည်။

ထို့အပြင် တစ်ပြည်လုံးတွင် ညအပူချိန်များ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းထားသည်။ နောက်နှစ်ရက်အတွင်း ညအပူချိန်များ ကျဆင်းနိုင်ကြောင်း သုံးသပ်ထားပြီး အအေးပိုလာမှုကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ပိုမိုကြုံတွေ့လာရကြောင်း မိုးလေဝသသတင်းအချက်အလက်များအရ သိရသည်။
(၀၀၁)

❒ *ကျောဖုံးမှ*

(မ.ထ.သ ) ကိုဖျက်သိမ်း၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုအာဏာပိုင်အဖွဲ့၏ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ယာဉ်လိုင်း ၆၁ လိုင်းဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်သည်။

ယင်းသို့ပြေးဆွဲရာတွင် ကနဦး စာရင်းများအရ ယာဉ်အစီးရေ ၃၇၀၀ ကျော်ဖြင့် စတင် ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်တိုသည့် ယာဉ်လမ်းကြောင်းတွင် ယာဉ်အစီးရေ ၅၅ စီးခန့်ဖြင့် လည်းကောင်း၊ ခရီးစဉ်ရှည်သည့် လမ်းကြောင်းတွင် ယာဉ်အစီးရေ ၁၁၀ ကျော်ခန့်ဖြင့်လည်းကောင်း အသုံးပြုပြေးဆွဲသွားမည်ဖြစ်သည်။ ယာဉ်စီးခနှုန်းထားများကို ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ စသည်ဖြင့် ခရီးစဉ်အပိုင်းအလိုက် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး အဆိုပါဘတ်စ်ကားများ စတင်ပြေးဆွဲရာတွင် ပြည်သူများအဆင်ပြေစေရန်အတွက် ကားမှတ်တိုင်များတွင် ကြော်ငြာဆိုင်းဘုတ်များ ကပ်ထားမည့်အပြင် စေတနာ့ဝန်ထမ်းများက သက်ဆိုင်ရာနှင့်အတူ ပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန် လမ်းညွှန်ကူညီမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုံးဆင်းရုံးတက်ချိန်တွေမှာ ၂ မိနစ်၊ ၃ မိနစ်တစ်စီး လွှတ်ပေးမှာပါ။ လူပါးတဲ့အချိန်မှာတော့ ၅ မိနစ် တစ်စီးနှုန်း လွှတ်ပေးသွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

ထိုသို့ပြောင်းလဲပြေးဆွဲရာတွင် ယာဉ်အသစ်များနှင့် ကြံ့ခိုင်ကောင်းမွန်နေသောယာဉ်များကို အဆင့်အလိုက်သတ်မှတ်၍ ဦးစားပေးလမ်းကြောင်းများတွင် ထည့်သွင်းပြေးဆွဲသွားမည်ဖြစ်သည်။ ထို့အပြင် ဒိုင်နာ၊ ဘီအမ်ကားများကို သုံးလအထိ ဆက်လက်ပြေးဆွဲခွင့်ပြုသွားမည်ဖြစ်ပြီး ယာဉ်ပိုင်ရှင်များအနေဖြင့် ဇန်နဝါရီ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ထံ တင်ပြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြန်လည်ပါဝင်လာခြင်းမရှိတော့သည့် CNG ဘတ်စ်ကားများကို သက်ဆိုင်ရာက CNG ဆက်လက်ထုတ်ပေးမည်မဟုတ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"ဘတ်စ်ကားတွေမှာ CNG တပ်ပေးခဲ့တာဟာ အများပြည်သူကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တွေ လုပ်ပေးဖို့တပ်ပေးခဲ့တာဖြစ်တဲ့အတွက် အခုပြေးဆွဲမယ့် ယာဉ်လိုင်းတွေထဲမှာ မပါတော့တဲ့ CNG ယာဉ်တွေကို ဇန်နဝါရီ ၁၆ ရက်ကစပြီး CNG မပေးတော့ပါဘူး၊ ကျန်တဲ့ကုန်သယ်ယူရေးယာဉ်တွေနဲ့ အငှားယာဉ်ဖြစ်တဲ့ CNG ယာဉ်တွေ မပါဝင်ပါဘူး" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆိုသည်။

ထို့အပြင် ဘတ်စ်ကားလိုင်းစနစ် ပြောင်းလဲပြေးဆွဲမှုနှင့်ပတ်သက်၍ ပြည်သူများ၏အသံကိုနားထောင်ပြီး လိုအပ်ချက်ရှိသည့်နေရာတွင် တိုးချဲ့ပြေးဆွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘတ်စ်ကားလိုင်းပြေးဆွဲမှုနှင့်ပတ်သက်၍ သုံးလတစ်ကြိမ် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်းနှင့် တစ်ဦးချင်းပိုင်ပြေးဆွဲနေသော ယာဉ်လိုင်းများကို ပေါင်းစပ်၍ စုပေါင်းပြေးဆွဲသည့်စနစ်မှ အများပိုင်စနစ်ကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းကဲ့သို့ အများပိုင်ကုမ္ပဏီများအဖြစ် ပြောင်းလဲပြီးနောက် အဆိုပါဘတ်စ်ကားများတွင် CCTV များ၊ GPS စနစ်များ တပ်ဆင်မည်ဖြစ်ကြောင်း၊ ငွေပေးချေရာတွင်လည်း ကတ်စနစ်အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါကားများကို Control Center ဖြင့် ထိန်းချုပ်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့အတွင်း ဘတ်စ်ကားပြေးဆွဲရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ထံ လာရောက်လျှောက်ထားသည့် ကုမ္ပဏီ ၂၀ ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရကိုယ်တိုင် ရှယ်ယာထည့်ဝင်ပြီး ၂၀၁၇ ခုနှစ်အတွင်း အဆိုပါယာဉ်လိုင်းများ ကို အများပိုင် ဘတ်စ်ကားလိုင်းများအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။



ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေခြောက်သန်းကျော် နေထိုင်လျက်ရှိပြီး လူဦးရေ သိန်း ၂၀ ကျော်မှာ လိုင်းကားများကို နေ့စဉ် အသုံးပြုလျက်ရှိကာ ရန်ကုန်မြို့နေပြည်သူများ အဆင်ပြေစေရေးအတွက် ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သောကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့တွင် ပထမဆုံး BRT ယာဉ်လိုင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

# ပြည်သူ့အတွက် .........

**လောကနတ်**

ဒီမိုကရေစီထွန်းသစ်စနိုင်ငံများအနေဖြင့် မှုခင်းဖြစ်ပွားမှုနှုန်းမြင့်မားခြင်းသည် ကြီးမားသောစိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

အကြမ်းဖက်မှုအပါအဝင် မှုခင်းများဖြစ်ပွားမှုကြောင့် ကြေကွဲဖွယ်ရာ အသက်ဆုံးရှုံးမှုများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များဖြစ်စေသည်သာမက နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာတို့ကိုလည်း ထိခိုက်စေပြီး တည်ငြိမ်သော ဒီမိုကရေစီစနစ်ကူးပြောင်းရာတွင် ကြီးမားသော အခက်အခဲများ ဖြစ်ပေါ်စေသည့်အပြင် ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေ၏ အကာအကွယ်ကို တန်းတူညီမျှစွာ ရယူနိုင်ခြင်းမှ ဆုံးရှုံးစေပြီး လွတ်လပ်စွာ ရှင်သန်မှုနှင့် အခွင့်အရေးများကိုလည်း လက်လွှတ်ရမည် ဖြစ်ပါသည်။

**ဒီမိုကရေစီစနစ်၏ အနှစ်သာရ**

ဒီမိုကရေစီနိုင်ငံများအတွက် နိုင်ငံရေးရာများကို ထိန်းကျောင်းရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံသားများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အများသဘောဆန္ဒနှင့်အညီ ဆောင်ရွက်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားများ၏လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်မှုနှင့်သာတူညီမျှမှုဟူသည့် ဒီမိုကရေစီစနစ်၏ အနှစ်သာရတွင်ပါဝင်သည့် ဒီမိုကရေစီရဲလုပ်ငန်းသည် မရှိမဖြစ်လိုအပ်ပါသည်။

ဒီမိုကရေစီခေတ်တွင် သိသာစွာမြင့်မားလာသော မှုခင်းဖြစ်ပွားမှုအတိုင်းအတာများ၊ လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲမှုပုံစံများနှင့် နည်းပညာတိုးတက်မှုများကြောင့် ပြောင်းလဲဆန်းသစ်လာသည့် မှုခင်းပုံစံများကြောင့် ယနေ့ခေတ်ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍသည် ယခင်ခေတ်များနှင့်မတူဘဲ ပိုမိုကျယ်ပြန့်လာပါသည်။

ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော ရဲတပ်ဖွဲ့တွင် ပြည့်စုံစွာဖြည့်ဆည်းရမည့် အင်္ဂါရပ်များမှာ မိမိကိုယ်တိုင် ဥပဒေလိုက်နာမှုကို တာဝန်ယူခြင်း၊ ဒီမိုကရေစီအစိုးရ၏ ဖွဲ့စည်းပုံများကို တာဝန်ခံခြင်း၊ လုပ်ဆောင်ချက်များ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပြည်သူတစ်ဦးချင်း၊ ပုဂ္ဂလိကအစုအဖွဲ့အုပ်စုများ၏ ဘေးကင်းလုံခြုံမှုနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းကို ဦးစားပေးဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးများကို ကာကွယ်ခြင်း၊ အရည်အသွေးမြင့် ဝန်ဆောင်မှုများပေးနေစဉ်တွင် လုပ်ငန်းပိုင်းဆိုင်ရာ ကျင့်ဝတ်များ၏ မြင့်မားသော စံသတ်မှတ်ချက်များကို လိုက်နာခြင်းနှင့် မိမိဝန်ဆောင်မှု ပေးသောပြည်သူကို ကိုယ်စားပြုခြင်းတို့ ဖြစ်ပါသည်။

**တရားမျှတမှု ရှိရမည်**

ရဲတပ်ဖွဲ့သည် အစိုးရ၏ အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် အစိုးရ၏ မူဝါဒအကောင်အထည်ဖော်မှု၊ ဥပဒေနည်းဥပဒေများကိုက်ညီမှုနှင့် အစိုးရ၏ ရင်းမြစ်သယံဇာတသုံးစွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အစိုးရထံတင်ပြနိုင်ရေး တာဝန်ခံရပါမည်။ သို့သော် ရဲတပ်ဖွဲ့သည် နိုင်ငံရေးအရဘက်လိုက်ခြင်းမပြုရန်နှင့် ဥပဒေအရ အရေးယူရာတွင်လည်း တရားမျှတမှုရှိရန် လိုအပ်ပါသည်။

**ပွင့်လင်းမြင်သာမှု**

ရဲတပ်ဖွဲ့၏တာဝန်ယူမှုကို ဖော်ဆောင်ပေးသည်မှာ ပွင့်လင်းမြင်သာရှိမှုဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ရဲတပ်ဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုအများစုသည် စေ့စေ့စပ်စပ်စစ်ဆေးမှုအတွက် လမ်းဖွင့်ပေးထားသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် Media နည်းလမ်းများဖြင့် ပြင်ပအဖွဲ့အစည်းများသို့ အသိပေးအကြောင်းကြားခြင်းကို ဖော်ဆောင်ပေးရပါမည်။ အဆိုပါ ပွင့်လင်းမြင်သာမှုသည် ရဲတပ်ဖွဲ့ဝင် တစ်ဦးချင်း၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းလျော့နည်းကျဆင်းရေးအတွက် လုပ်ငန်းအခြေအနေ ဆောင်ရွက်မှုများကို ပေါ်လွင်စေရန်အတွက် အကျိုးသက်ရောက်မှုဖြစ်ထွန်းစေပါသည်။

ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မိမိ၏ ဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ချက်များ၊ အပြုအမူများအတွက် တာဝန်ရှိရုံသာမက ပြည်သူများအပေါ်တွင်လည်း တာဝန်ရှိပါသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ ပြည်သူတစ်ဦးချင်းအတွက် (သို့မဟုတ်) ပုဂ္ဂလိကအစုအဖွဲ့များအတွက် အထူးသဖြင့် အင်အားနည်းသူများ၏ လိုအပ်ချက်များအတွက် လိုလိုလားလားဖြင့် ဘေးကင်းလုံခြုံမှုနှင့် အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းများကို ဦးစားပေးတုံ့ပြန် ဆောင်ရွက်ပေးသင့်ပါသည်။

**ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်**

ဒီမိုကရေစီရဲလုပ်ငန်းဆိုသည်မှာ လူ့အခွင့်အရေးများကို အထောက်အကူပေးခြင်းနှင့် အလေးထားသောအသွင်ဖြင့် ရဲလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြည်သူတစ်ဦးချင်း၏ဘဝနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်မှာ ဒီမိုကရေစီရဲလုပ်ငန်း၏ ဦးစားပေးလုပ်ငန်းဖြစ်ပါသည်။ ရဲတပ်ဖွဲ့အနေဖြင့် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ စုဝေးခွင့်နှင့် လှုပ်ရှားခွင့်၊ ဖမ်းဆီးချုပ်နှောင်ခြင်းအပါအဝင် ဥပဒေအရစီမံအုပ်ချုပ်ရာတွင် ဘက်မလိုက်မှုများကို လွတ်လပ်စွာ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါသည်။

ထို့အတူ ဥပဒေအရ စီမံအုပ်ချုပ်ရာတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းကို ရဲလုပ်ငန်း၏ ဦးစားပေးလုပ်ငန်းအဖြစ် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်တို့ဖြင့် ကျင့်သုံးဆောင်ရွက်ခွင့်ရရှိရန် လိုအပ်ပါသည်။

**ယုံကြည်ကိုးစားမှု**

ရဲတပ်ဖွဲ့သည် ပြည်သူလူထုလိုအပ်ချက်များကို ကောင်းစွာဖြည့်ဆည်းပေးနိုင်သော၊ ရဲတပ်ဖွဲ့၏ ကာကွယ်စောင့်ရှောက်မှုကို အများဆုံးလိုအပ်နေသည့် အင်အားနည်းသူများနှင့် လူ့အဖွဲ့အစည်းမှ အသိအမှတ်မပြု ဘေးဖယ်ခံထားရသူများ၏ ယုံကြည်ကိုးစားမှုကို ထိုက်တန်စွာရယူနိုင်သော ကိုယ်စားပြု အဖွဲ့အစည်းဖြစ်ပါသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်အသစ်များ စုဆောင်းရာတွင် လူတန်းစားအမျိုးအစားပေါင်းစုံရောနှောနေသော ကွဲပြားခြားနားသည့် လူထုကို ကိုယ်စားပြုသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး ကျယ်ပြန့်စွာ ရည်မှန်းထားရှိ စုစည်းဆောင်ရွက်ရန်လိုပါသည်။

**လက်တွေ့ကျကျ**

တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် ရဲတပ်ဖွဲ့သည် ပြည်တွင်းဥပဒေများအပြင် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီ ဥပဒေအရ အရေးယူမှုတာဝန်များကို ဆောင်ရွက်ရမည်၊ တရားဥပဒေစိုးမိုးရေးကို လက်တွေ့ကျကျတာဝန်ယူဆောင်ရွက်ကြောင်းကိုလည်း သက်သေပြနိုင်ရမည် ဖြစ်ပါသည်။

> **ယနေ့ခေတ်ရဲတပ်ဖွဲ့ဝင်များ၏ ပင်မတာဝန်သည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းများကို ကာကွယ်တားဆီးခြင်းအားဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရမည်ဖြစ်ပါသည်။ ပဋိပက္ခများဖြစ်ပွားခြင်း၊ ဆန္ဒပြမှုများ ဖြစ်ပွားခြင်း၊ ဆင်းရဲမွဲတေမှုများခြင်း၊ အလုပ်လက်မဲ့ပေါများခြင်း၊ ငွေကြေးဖောင်းပွမှုများခြင်းတို့သည် သက်ဆိုင်ရာ အစိုးရအဖွဲ့တွင် တွေ့ကြုံရမည့် စိန်ခေါ်မှုဖြစ်ပြီး ထိရောက်သော ပြစ်ဒဏ်ချမှတ်ခြင်း၊ တရားဥပဒေကို လေးစားလိုက်နာမှုအားနည်းခြင်းတို့သည် တရားစီရင်ရေးအဖွဲ့အစည်းများ တွေ့ကြုံရမည့် စိန်ခေါ်မှုဖြစ်**

ထိုသို့ဆောင်ရွက်နိုင်ရန်မှာ ရဲတပ်ဖွဲ့အတွက် ပြဋ္ဌာန်းထားသော ဥပဒေများ၊ မူဝါဒများ၊ လမ်းညွှန်ချက်များသည် ရှင်းလင်းရန်၊ တိကျရန်နှင့် ပြည်သူလူထုမှ လွယ်ကူစွာသိရှိနားလည်စေရန် လိုအပ်ပါသည်။ ရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာဆိုင်ရာ ဥပဒေစည်းကမ်းများနှင့် တိကျစွာဖွင့်ဆိုထားသော ပြစ်မှုများကို သိရှိပြီး ပြစ်မှုတရားစီရင်ရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းသဘောတရားများကိုလည်း ကွဲပြားစွာသိရှိထားရန် လိုအပ်ပါသည်။

**ဖိအားများအောက်**

ဒီမိုကရေစီခေတ်တွင် ပေါ်ပေါက်လာသော ပဋိပက္ခများ၊ ဆန္ဒပြမှုများ၊ အကြမ်းဖက်မှုများ၊ မှုခင်းများနှင့် ပြစ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များသည် ဖိအားများအောက်တွင် အလုပ်လုပ်ကိုင်ရမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

မည်သို့ပင်ဖိအားများ၊ စိန်ခေါ်မှုများဖြစ်စေကာမူ ရဲတပ်ဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ရဲအက်ဥပဒေများအပြင် လူ့အခွင့်အရေးအရ နိုင်ငံတကာစံနှုန်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရန်အပြင် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်မှုများကို လက်တွေ့ကျကျ ခိုင်မာစွာသက်သေပြနိုင်ရန် လိုအပ်ပါသည်။




**အပြန်အလှန်**

သံသယဖြင့် ဖမ်းဆီးချုပ်နှောင်ထားသော တရားခံများနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ လူ့အခွင့်အရေးနှင့်အညီ တန်ဖိုးထားနိုင်ရေး ဦးစားပေးရမည်ဖြစ်ပါသည်။ ဥပဒေနှင့်အညီထိရောက်မှုရှိပြီး တရားမျှတစွာ တရားစွဲဆိုနိုင်ရေးအတွက် ပြစ်မှုတရားစီရင်ရေးကဏ္ဍ အဖွဲ့အစည်းများနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန်လိုအပ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့သည် တရားစီရင်ရေးတာဝန်များတွင် ဝင်ရောက်ထမ်းဆောင်ခြင်း မပြုရဟူသော ယေဘုယျစည်းမျဉ်းရှိပါသည်။ ရဲတပ်ဖွဲ့အနေဖြင့် တရားသူကြီး၏ တရားစီရင်မှုကို တိကျစွာလေးစားလိုက်နာရမည့်အပြင် အရေးပေါ်အခြေအနေမှအပ အကျဉ်းထောင်ဝန်ထမ်း၏ တာဝန်များကို ဆောင်ရွက်ခြင်းမပြုရပါ။ တရားစီရင်ရေးကဏ္ဍရှိ အဖွဲ့အစည်းအားလုံးသည် လုပ်ငန်းသဘောအရ ဆက်စပ်ဆောင်ရွက်နေရသဖြင့် အဖွဲ့အစည်းတစ်ခု၏ ပြုပြင်ပြောင်းလဲမှုသည် ဆက်စပ်အဖွဲ့အစည်းများက လိုက်ပါပြောင်းလဲ မှသာ ထိရောက်မှုနှင့်တိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း သိရှိထားသင့်ပါသည်။

**ညီတူညီမျှသက်ရောက်မှုရှိရမည်**

ရဲတပ်ဖွဲ့သည် ဥပဒေအာဏာများ သက်ရောက်မှုရှိစေရေး ဒီမိုကရေစီနည်းလမ်းကျစွာ ကြိုးပမ်းရုံသာမက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေကိုအပြည့်အဝလေးစားလိုက်နာရမည်၊ တရားဥပဒေစိုးမိုးမှုရှိသော လူ့အဖွဲ့အစည်းတစ်ခုတွင် ဥပဒေသည် နိုင်ငံသားပြည်သူအားလုံး၏ အပေါ်တွင် ညီတူညီမျှသက်ရောက်မှုရှိရမည်ဖြစ်ပါသည်။

ထိုသို့သက်ရောက်မှုရှိစေရန်အတွက် ရဲတပ်ဖွဲ့ဝင်များသည် ရဲကျင့်ဝတ်များလိုက်နာခြင်း၊ အကျင့်ပျက်ခြစားမှုမှရှောင်ကြဉ်ခြင်း၊ လူ့အခွင့်အရေးများကို လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ ခိုင်လုံသောအကြောင်းရင်းကို အခြေပြု၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများနှင့် သက်သေများကို ထောက်ပံ့အားပေးခြင်း၊ ပြစ်မှုကျူးလွန်သူများကို အချိန်မီဖမ်းဆီးချုပ်နှောင်ပြီး အမြန်ဆုံးတရားစွဲတင်ခြင်းအားဖြင့် တရားစီရင်မှုကဏ္ဍကို အထောက်အကူပြုခြင်း၊ ပြည်သူလူထုတည်ငြိမ်အေးချမ်းရေးကိုထိန်းသိမ်းလျက် ဒီမိုကရေစီလွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ အချိုးညီသောအင်အားကို အသုံးပြုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူသားမဆန်သောလုပ်ရပ်များဖြင့် သက်သေရယူခြင်းမှ ရှောင်ကြဉ်ခြင်းဟူသည့် အချက်ဆယ်ချက်နှင့်အညီ စနစ်တကျလိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

**လုပ်ပိုင်ခွင့်အာဏာ**

ရဲတပ်ဖွဲ့၏ တာဝန်ရှိမှုဆိုသည်မှာ တပ်ဖွဲ့ဝင်တစ်ဦးချင်းအဆင့်မှ အဖွဲ့အစည်းတစ်ခုလုံးအဆင့်အထိ မိမိအဖွဲ့အစည်းကို စောင့်ကြည့်ကြီးကြပ်ရန်တာဝန်ရှိသော ဥပဒေအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာကို ဦးစားပေးအလေးထားလိုက်နာဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ဖြင့် ရဲလုပ်ငန်းဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့အနေဖြင့် ဥပဒေကိုလေးစားလိုက်နာသော၊ စည်းကမ်းရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသောအဖွဲ့အစည်းဖြစ်ကြောင်း သက်သေပြနိုင်ရမည် ဖြစ်ပါသည်။

ထိုသို့ သက်သေပြနိုင်ရန် တာဝန်ယူခြင်းနှင့် ထိန်းချုပ်ခြင်း၊ ကြီးကြပ်သည့်အဖွဲ့အစည်းများမှ လေ့လာစေခြင်း၊ ရဲတပ်ဖွဲ့နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်စေခြင်း၊ ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုများပေးဆောင်ရန် စွမ်းရည်မြင့်မားခြင်း၊ ရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာဆက်ဆံရေး အပြုသဘောဆောင်ခြင်း၊ သတင်းအချက်အလက်များ ပြည်သူလူထုသိစေခြင်း၊ ပွင့်လင်းစွာ ဆွေးနွေးနိုင်သည့် ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူထုအခြေပြုရဲလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြဿနာဖြေရှင်းမှုရှေးရှုသော ရဲလုပ်ငန်းများဆောင်ရွက်ခြင်း၊ လူနည်းစုအဖွဲ့အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။

**ခွဲခြားဆက်ဆံမှု ရှောင်ကြဉ်**

ရဲတပ်ဖွဲ့၏ ဖွဲ့စည်းမှုသည် ရဲတပ်ဖွဲ့၏ ရည်မှန်းချက်ပန်းတိုင်များနှင့် ကိုက်ညီရမည်ဖြစ်သည်။ တပ်ဖွဲ့အတွင်းသဘောထားကွဲလွဲစေနိုင်သည့် ခွဲခြားဆက်ဆံအုပ်ချုပ်မှုမျိုးမဖြစ်အောင် ရှောင်ကြဉ်ရန်လိုအပ်ပါသည်။ လိုအပ်သည့်သတ်မှတ်အရည်အသွေးနှင့်ပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် လိုအပ်သောပစ္စည်းကိရိယာများနှင့် အခြေခံအဆောက်အအုံများကို ဖွဲ့စည်းပုံစနစ်တွင် ထည့်သွင်းတည်ဆောက်ထားရပါမည်။ ရဲတပ်ဖွဲ့၏ ဖွဲ့စည်းမှုနှင့်စီမံခန့်ခွဲမှုများကို ဒီမိုကရေစီစနစ်နှင့်ကိုက်ညီစေရန်အတွက် ပြည့်စုံရမည့်အင်္ဂါရပ် ကိုးခု ရှိပါသည်။

၎င်းတို့မှာ ရှင်းလင်းသောအမိန့်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်မှုစီမံခန့်ခွဲဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုအရည်အသွေး ကြီးကြပ်ခြင်း၊ ပြည်သူလူထုကိုယ်စားပြုသော ရဲတပ်ဖွဲ့၏ဖွဲ့စည်းပုံ၊ တပ်ဖွဲ့ဝင်သစ်စုဆောင်းခြင်း၊ လူတန်းစားရောနှောထားရှိခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် လုပ်ငန်းတိုးတက်စေခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ၊ အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းတို့ ဖြစ်ပါသည်။

ယနေ့ခေတ်ရဲတပ်ဖွဲ့ဝင်များ၏ ပင်မတာဝန်သည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းများကို ကာကွယ်တားဆီးခြင်းအားဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရမည်ဖြစ်ပါသည်။ ပဋိပက္ခများဖြစ်ပွားခြင်း၊ ဆန္ဒပြမှုများဖြစ်ပွားခြင်း၊ ဆင်းရဲမွဲတေမှုများခြင်း၊ အလုပ်လက်မဲ့ပေါများခြင်း၊ ငွေကြေးဖောင်းပွမှုများခြင်းတို့သည် သက်ဆိုင်ရာ အစိုးရအဖွဲ့တွင် တွေ့ကြုံရမည့် စိန်ခေါ်မှုဖြစ်ပြီး ထိရောက်သော ပြစ်ဒဏ်ချမှတ်ခြင်း၊ တရားဥပဒေကို လေးစားလိုက်နာမှုအားနည်းခြင်းတို့သည် တရားစီရင်ရေးအဖွဲ့အစည်းများ တွေ့ကြုံရမည့် စိန်ခေါ်မှုဖြစ်ပါသည်။

**သိရှိနားလည်စေရေး**

ရဲတပ်ဖွဲ့ကမူ အဆိုပါအဖွဲ့အစည်းအားလုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သဖြင့် ဖြစ်ပေါ်လာသမျှ စိန်ခေါ်မှုများတွင် တာဝန်ရှိသည့် အသွင်သဏ္ဌာန်ပုံရိပ်များ ထင်ရှားစွာ လုပ်ငန်းသဘောအရ ပါဝင်တွေ့ကြုံရလျက်ရှိပါသည်။ မှုခင်းကြိုတင်ကာကွယ်ခြင်း၊ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးတရားစွဲဆိုခြင်းကို ဆောင်ရွက်ရသော ရဲတပ်ဖွဲ့၏ လုပ်ငန်းဝတ္တရားများကို ပြည်သူတစ်ရပ်လုံး သိရှိနားလည်စေရန် ဆောင်ရွက်ရမည့်အပြင် ပြည်သူလူထုက ရဲတပ်ဖွဲ့အပေါ် ယုံကြည်သက်ဝင်အားကိုးမှုရှိစေရေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်စေရေးတို့အတွက် အကျင့်ပျက် ခြစားမှုကင်းသော၊ ဥပဒေကို တိကျစွာလိုက်နာသော၊ တာဝန်ယူမှု/တာဝန်ခံမှုရှိသော၊ ဒီမိုကရေစီရဲလုပ်ငန်းကို အခြေခံသော ပြည်သူ့အတွက် ပြည်သူ့ရဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# နိုဘယ်လ်-မြန်မာစာပေပွဲတော်နှင့် ရသစာပေတစ်ခေတ် ပြန်လည်ဆန်းသစ်စေရေး တိမ်မြုပ်နေသည့် ရသစာပေအကြောင်းတစေ့တစောင်း

## ဆောင်းပါး-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

စာပေဖွံ့ဖြိုးတိုးတက်ပါမှ၊ အနုပညာဖွံ့ဖြိုးတိုးတက်ပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဆိုသည့် စကားကို လက်ကိုင်ပြုရင်း မြန်မာစာပေကို ချစ်မြတ်နိုးသူများ၊ တန်ဖိုးထားသူများ ဆွေးနွေးတိုင်ပင်ရင်း ရည်ရွယ်ချက်ကောင်းတစ်ခုကို ဦးတည်ကျင်းပလာခဲ့သည့် နိုဘယ်လ်-မြန်မာစာပေပွဲတော်သည် ယခုနှစ်တွင် သုံးနှစ်တိုင်ခဲ့ပြီဖြစ်သည်။

တတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပသွားမည့် ယခုနှစ် ၂၀၁၇ နိုဘယ်လ်-မြန်မာစာပေပွဲတော် (Nobel-Myanmar Literary Festival) တွင်မူ ရသစာပေကို ဖော်ထုတ်သွားမည်ဖြစ်သည်။

စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ(ဦး)ငြိမ်းမင်းက "လူမျိုးအရ၊ အင်အားအရ ကြီးမားတဲ့ လူမျိုးနှစ်မျိုးကြားမှာ ကျွန်တော်တို့နေနေရပေမယ့် တိုင်းပြည်ပျောက်မသွားတာ၊ လူမျိုးပျောက်မသွားတာ ကိုယ်ပိုင်ရသစာပေတွေ ဖန်တီးနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။ ပုဂံခေတ်ကတည်းကစပြီး ကဗျာတွေရှိတယ်၊ စကားပြေတွေရှိတယ်၊ ဒါက ကနေ့အချိန်အထိပဲ။ အံ့သြစရာကောင်းတာက ကနေ့အချိန်မှာ ရသစာပေတွေက ပျောက်ကွယ်လုနီးပါးဖြစ်နေပါတယ်။ ဝတ္ထုတွေလည်း သိပ်မတွင်ကျယ်ဘူး၊ ကဗျာ တွေလည်း သိပ်ပြီးမတွင်ကျယ်ဘူး၊ ရေးတဲ့သူ ၊ ဖတ်တဲ့သူရှိပေမယ့် ကိုယ့်အသိုင်းအဝိုင်းနဲ့ကိုယ် ဖတ်နေတာပဲ။

"တကယ့်ပြည်သူလူထုကြားထဲမှာ ပျံ့နှံ့စိမ့်ဝင်တဲ့ ရသစာပေက အလွန်နည်းနေတယ်။ ရသစာပေစိမ့်ဝင်မှု နည်းတဲ့အခါ လူတွေရဲ့စိတ်တွေက မှန်ကန်တဲ့ ချစ်ခင်မှု၊ မြတ်နိုးမှု၊ တန်ဖိုးထားမှုတွေမရှိတော့ဘူး။ အဲဒါကိုထွန်းကားဖို့ ဒီလိုကာလမျိုးမှာ အလွန်အရေးပါလာတဲ့အတွက် အခုနှစ်စာပေပွဲတော်မှာတော့ ရသစာပေကို ခေါင်းစဉ်တင်လိုက်ခြင်းပဲဖြစ်ပါတယ်"ဟု ပြောသည်။

ရသစာပေကို ဖတ်ရှုခြင်းကြောင့် နှလုံးသားများ နူးညံ့လာစေရုံမျှမကဘဲ ရသကို အခြေခံ၍ မိမိအကျိုးစီးပွားသာမက လူ့အဖွဲ့အစည်းပတ်ဝန်းကျင်၊ မိမိတိုင်းပြည်၏ လက်ရှိအခြေအနေအပေါ် ဦးနှောက်နှင့်ရော နှလုံးသားဖြင့်ပါ သုံးသပ်ရှုမြင်နိုင်လိမ့်မည်ဖြစ်သည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)က "သုတစာပေဆိုတာက လောကမှာ အဆင်သင့်အဖြေထုတ်ပြီးသားတွေ အများကြီးရနိုင်တယ်။ အများကြီးရှိတယ်။ မိဘကျေးဇူးသည် မြင်းမိုရ်တောင်လောက်ကြီး၏။ လူဆိုတာဖောက်ပြန်တတ်၏။ မူးယစ်ဆေးဝါးအန္တရာယ်သည်ကြီးမား၏။ အဲ့သည်လို အဖြေထုတ်ပြီးသားကို သုတစာပေကပေးတာ အများကြီးပါ။ ရသစာပေကတော့ မိဘကျေးဇူးကြီး၏လို့ တိုက်ရိုက်မပြောဘူး။ ဥပမာ-ဝေဿန္တရာဇာတ်တော်ထဲက မဒ္ဒီဒေဝီသောကရောက်တဲ့ အခန်းလေးပြပြီး သားသမီးကြောင့် မိဘဘယ်လောက်သောကရောက်နေလဲ၊ သားသမီးကို မိဘက ဘယ်လောက်ချစ်သလဲဆိုတာ ကိုယ်ကိုယ်တိုင် ခံစားလာရအောင် ပြတယ်။ သုတစာပေလို မိဘကျေးဇူးကြီးမားပါတယ်လို့ တိုက်ရိုက်မပြောဘဲ ရင်ထဲ ၊ နှလုံးထဲကနေ ခံစားရတယ်။ ဒါဟာ ရသစာပေရဲ့တန်ဖိုးပဲ။ ဒါကြောင့် ရသစာပေရဲ့ တန်ဖိုးက ကြီးမားပါတယ်။ တန်ဖိုးဖြတ်မရပါဘူး"ဟု ပြောသည်။

သုတစာပေသည် အချက်အလက်၊ အကြောင်းအရာနှင့် စွမ်းဆောင်နိုင်မည့်အရာတစ်ခုကို သိစေရန် ဦးနှောက်က မှတ်သားပေးရခြင်းသာဖြစ်ပြီး ရသစာပေသည် နှလုံးသားနှင့် ဖတ်ရှုခံစား၍ နှလုံးသားတွင် သိုမှီးကာ လောကအသိုင်းအဝိုင်းကို ရှုမြင်တတ်အောင် စိတ်ကျန်းမာရေး ကိုယ်ခံစွမ်းအားမြင့်တက်လာအောင် လုပ်ဆောင်ပေးခြင်းတစ်ခုဟု နားလည်မိသည်။




မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်သည့် ရသစာပေစကားဝိုင်းတွင် တွေ့ရသည့် ဦးမော်လင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ သစ္စာနီ၊ ဦးငြိမ်းမင်း

ကဗျာဆရာ ဆရာသစ္စာနီက "ရသစာပေက လူတွေရဲ့အသိဉာဏ်၊ စိတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့လာနိုင်အောင် ဖန်တီးပေးတဲ့ ပညာပါ။ သုတဆိုတာကတော့ ဦးနှောက်အာဟာရပေါ့။ စိတ်နှလုံးနူးညံ့သိမ်မွေ့ဖို့က ဒီစာပေတွေထွန်းကားမှ ဖြစ်မှာ။ ခေတ်အဆက်ဆက်လည်း ဒီလိုပဲ ရသစာပေဖွံ့ဖြိုးအောင် ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ဖန်တီးခဲ့ကြတာပဲ။ အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာအောင် ရသစာပေဖွံ့ဖြိုးရေးက လိုအပ်တယ်။ ယဉ်ကျေးမှုအဆင့်မြင့်ရင် ရသစာပေက အဆင့်မြင့်တာပဲ။ နောက်ယဉ်ကျေးမှုအဆင့် မြင့်လာတာဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာတာပါပဲ။ ဒါကြောင့် ရသစာပေတွေဟာ တိုင်းပြည်အတွက် မဖြစ်မနေလိုအပ်တယ်ဆိုပြီး သက်ဆိုင်တဲ့သူတွေက ဝိုင်းဝန်းဆောင်ရွက်နေကြတာပါ"ဟု ပြောကြားသည်။

ပထမအကြိမ်အဖြစ် နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို ၂၀၁၅ က စတင်ကျင်းပခဲ့ပြီး စာပေကြောင့် လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းမှုများရရှိခဲ့ကြောင်း အများပြည်သူတို့ သိမြင်လာစေရန် ရည်ရွယ်၍ နိုဘယ်လ်ဆုရပုဂ္ဂိုလ်ကျော်တို့၏ စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ခဲ့သည်။

ဒုတိယအကြိမ် ကျင်းပသည့် နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၆ တွင်မူ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားရည်ရွယ်၍ ကျင်းပပေးခဲ့ကာ ကလေးစာပေ အမြောက်အမြားကို ထုတ်ဝေခဲ့သည်။

ယခုနှစ်နိုဘယ်လ်-မြန်မာစာပေ ပွဲတော်တွင်မူ လွန်ခဲ့သည့်နှစ် ၁၀၀ အတွင်းက ထွက်ရှိခဲ့သည့် ရသစာအုပ်များထဲမှ အကြိုက်ဆုံးစာအုပ် ၁၀၀ ရွေးချယ်၍ ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ ရသစာပေ အမြောက်အမြားထုတ်ဝေနိုင်ရန်အတွက်လည်း ထုတ်ဝေသူများအားလုံးနှင့် တွေ့ဆုံဆွေးနွေး၍ နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပနေစဉ်အတွင်းနှင့် ယခုနှစ်အတွင်းတွင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ရသစာပေနှင့် ပတ်သက်သည့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ရသကဗျာ၊ ရသဝတ္ထု၊ ရသစာတမ်းအက်ဆေးတို့ကို စာအုပ်ဆိုင်များ၌ အမြောက်အမြား တင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း နိုဘယ်လ်-မြန်မာစာပေပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

၂၀၁၇ နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမော်လင်းက တိမ်မြုပ်နေသော ရသစာပေ တစ်ခေတ်ပြန်လည်ဖော်ရခြင်းအပေါ် "ဒီနှစ်တော့ ကျွန်တော်တို့ ရသစာပေဆိုပြီး ရွေးပါတယ်။ ရသစာပေဆိုတာ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ်ကိုအရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိနေပါတယ်။ ရသစာပေဟာ ကျွန်တော်တို့ဆီမှာ သိပ်ပြီး မဖွံ့ဖြိုးဘူးပြောရမယ်။ ကျွန်တော်တို့ဆီမှာ ရသစာပေစာအုပ်တွေ မထွက်လာတာကြာပြီပေါ့။ အခုတိုင်းပြည်က ပြောင်းလဲလာတဲ့ ခေတ်၊ ကျွန်တော်တို့ ဒီမိုကရေစီပြောင်းလဲလာတယ်။ စာပေလွတ်လပ်ခွင့်တွေ၊ လူတွေတစ်ဦးချင်းစီမှာရှိတဲ့ လွတ်လပ်စွာ ဖော်ထုတ်ခွင့်တွေရှိလာပြီး လွတ်လပ်လာတဲ့အချိန်မှာ ရသစာပေဟာ ဖွံ့ဖြိုးဖို့ကောင်းတယ်လို့ ကျွန်တော်မြင်ပါတယ်။ ရသစာပေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ရသစာပေနဲ့သက်ဆိုင်တဲ့ လှုံ့ဆော်မှုတွေ ကျွန်တော်တို့ လုပ်သင့်တယ်လို့ မြင်တယ်"ဟု ပြောကြားသည်။

ရသစာပေအပေါ် ဖတ်ရှုမှုအားနည်းလာခြင်းသည် နည်းပညာတိုးတက် ထွန်းကားလာမှု၊ နှလုံးသား အာဟာရထက် ဦးနှောက်အာဟာရကိုသာ ခေတ်က တောင်းဆိုလာမှု၊ ရုပ်ဝတ္ထုပစ္စည်းတို့နောက် အမီလိုက်နေရမှု၊ အပြိုင်အဆိုင် လှုပ်ရှားနေရမှုစသည့် လှိုင်းတံပိုးအောက်၌ လူးလွန့်ရင်း ဆယ်စုနှစ် နှစ်စုကျော်ကြာ တစ်စထက်တစ်စ ကွယ်ပျောက်ခဲ့ရသည်။

"အခုလူတွေအားလုံး စိုးရိမ်ထိတ်လန့်နေတဲ့ သက်ငယ်မုဒိမ်းမှုတွေ၊ နေခင်းကြောင်တောင် ဓားပြတိုက်တာတွေ၊ ချစ်သူချင်း ဓားနဲ့ထိုးတာတွေ အားလုံးရဲ့အဖြေဟာ စိတ်ကျန်းမာရေးနဲ့ဆိုင်ပါတယ်။ စိတ်ကျန်းမာရေးဆိုတာကို နိုင်ငံတကာမှာ အလွန်အရေးထားပါတယ်။ အဲဒီလိုဖြစ်ရတာက စိတ်ကျန်းမာရေးကို လူတွေက လိုကိုလိုအပ်လို့ပါ။ ကလေးတွေရဲ့စိတ်ကျန်းမာရေး၊ လူကြီးတွေရဲ့ စိတ်ကျန်းမာရေးပေါ့။ အမေရိကန်လို နိုင်ငံမျိုးမှာတောင်မှ စိတ်ကျန်းမာရေးကုတဲ့ဆရာဝန်က သိန်းချီရှိတယ်။ စိတ်ကျန်းမာရေးဆေးရုံက ရာချီရှိပါတယ်။

"စိတ်ကျန်းမာရေးကို ဘာလဲလို့မေးရင် အခြေခံအားဖြင့်တော့ ချစ်သင့်တာကို ချစ်တတ်ဖို့၊ မုန်းသင့်တာကို မုန်းတတ်ဖို့၊ သနားသင့်တာကို သနားတတ်ဖို့ပါ။ အဲ့ဒါဟာ လွယ်တယ်လို့ ထင်ရပေမယ့် ဒီခေတ်မှာ မချစ်သင့်တာကို သွားချစ်တာ၊ မမုန်းသင့်တာကို သွားမုန်းတာတွေ တွေ့ရမယ်။ စိတ်ဆိုတာလည်း မကောင်းမှုမှာပဲ မွေ့လျော်တယ်လို့ ဗုဒ္ဓကျမ်းစာမှာ ပြောထားတာရှိပါတယ်၊ မှန်ကန်တဲ့ စိတ်ထား၊ တည့်မတ်တဲ့ စိတ်ထား၊ ဖြောင့်မတ်တဲ့ စိတ်ထားဖြစ်ဖို့က ရသစာပေဟာ လူ့ရဲ့ဖြစ်စဉ်မှာ အတော်ကို အရေးပါအရာရောက်တဲ့ အခန်းကဏ္ဍကနေ ပါလာပါတယ်"ဟု ဆရာငြိမ်းမင်းက ပြောကြားသည်။

ကလေးစာပေများကို လေ့လာပြုစုနေသူ ဒေါက်တာမိုးဟိန်းဇော် (မြန်မာစာ)က "ကျောင်းတွေမှာလည်း စာသင်ကြားရေးတင်မဟုတ်ဘဲနဲ့ ကလေးတွေ နှစ်သက်တဲ့ ကဗျာလေးတွေ၊ ပုံပြင်လေးတွေ၊ ဝတ္ထုလေးတွေကို ငယ်ရွယ်စဉ်အချိန်မှာ ပြောပြသင့်ပါတယ်။ အလယ်တန်းလောက် ရောက်လာရင်တော့ ကဗျာ၊ စကားပြေသင်ကြားတဲ့အပေါ်မှာ ကလေးတွေ နှစ်သက်လာအောင် သင်ကြားတဲ့ ဆရာ ဆရာမတွေ ကိုယ်တိုင်က စိတ်ဝင်တစားနဲ့ သင်ကြားမယ်ဆိုရင် ကလေးတွေ ရသစာပေကို နှစ်သက်လာမယ်"ဟု ပြောကြားသည်။

ဖော်ပြပါ အချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ "ရသစာပေ"ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ကို ကျင်းပတော့မည်ဖြစ်သည်။ တတိယအကြိမ်မြောက် နိုဘယ်လ်-မြန်မာစာပေပွဲတော်၏ ထူးခြားချက်မှာ ရသစာပေနှင့်ပတ်သက်သည့် စကားဝိုင်းများတွင် စာဖတ်သူများပါ ဝင်ရောက်ဆွေးနွေးနိုင်ခြင်းနှင့် မြန်မာစာပေသမိုင်းတွင် ထင်ရှားခဲ့သည့် ရသစာအုပ်အမျိုးမျိုးကို ရှာဖွေစုဆောင်းကာ ပြသမည့်အစီစဉ်တို့ပင် ဖြစ်သည်။

ရသစာပေသည် တိုင်းပြည်အတွက် အလွန်အရေးကြီးပြီး တိုင်းပြည်တစ်ပြည်သည် သစ်ပင်တစ်ပင်ဆိုပါက ရသစာပေသည် ရေသောက်မြစ်ကြီးတစ်ခုပင် ဖြစ်ပေလိမ့်မည်။

**သုတစာပေသည် အချက်အလက်၊ အကြောင်းအရာနှင့် စွမ်းဆောင်နိုင်မည့်အရာတစ်ခုကို သိစေရန် ဦးနှောက်က မှတ်သားပေးရခြင်းသာဖြစ်ပြီး ရသစာပေသည် နှလုံးသားနှင့် ဖတ်ရှုခံစား၍ နှလုံးသားတွင် သိုမှီးကာ လောကအသိုင်းအဝိုင်းကို ရှုမြင်တတ်အောင် စိတ်ကျန်းမာရေး ကိုယ်ခံစွမ်းအားမြင့်တက်လာအောင် လုပ်ဆောင်ပေးခြင်းတစ်ခုဟု နားလည်မိသည်။**

# ရန်ကုန်စာအုပ်လမ်း စာအုပ်စျေးတန်း၌ စာချစ်သူများ ပိုမိုများပြားဝယ်ယူအားပေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာဗဟုသုတကြွယ်ဝလာစေရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်စျေးတန်းကို ဒုတိယရက်သတ္တပတ်၏ ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့ သတင်းနှင့်စာနယ် ဇင်းလုပ်ငန်း (ရန်ကုန်ရုံးခွဲ) ရုံးရှေ့နှင့် ဝန်ကြီးများရုံးရှေ့မျက်နှာစာတို့၌ ဖွင့်လှစ်ရာ နိုင်ငံခြားသားများအပါအဝင် စာပေချစ်သူများ၊ လေ့လာသူများ၊ စာအုပ်စာပေဝယ်ယူ လေ့လာသူများဖြင့် ညနေပိုင်းအထိ အထူးစည်ကား များပြားခဲ့ကြောင်း တွေ့ရ သည်။

စာအုပ်စျေးတန်း၌ စာအုပ်ဆိုင်ခန်းပေါင်း ၁၇၀ ကျော်က စာအုပ်အဟောင်း၊ အသစ်များ၊ သမိုင်းဝင် ရှားပါးစာအုပ်များ၊ အင်္ဂလိပ်-မြန်မာအတ္တုပ္ပတ္တိစာအုပ်များ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ ရှားပါးဓာတ်ပုံ မှတ်တမ်းစာအုပ်များကို မူရင်းစျေး၏ ၁၀ ရာခိုင်နှုန်းလျှော့၊ ၂၀ ရာခိုင်နှုန်းလျှော့၊ တစ်အုပ်လျှင် ကျပ် နှစ်ရာ၊ ကျပ် ငါးရာ၊ ကျပ်တစ်ထောင်၊ သုံးအုပ်ကျပ် ငါးရာ စသည်ဖြင့် စာအုပ်အမျိုးအစားအလိုက် ရောင်းချပေးလျက်ရှိကြရာ စာချစ်သူများ၊ စာပေ မွေ့လျော်သူများက အကြိုက်တွေ့ ဝယ်ယူအားပေးကြကြောင်း တွေ့ရသည်။

အဆိုပါရန်ကုန်စာအုပ်လမ်း စာအုပ်စျေးတန်းကို ပွင့်လင်းရာသီ စနေ-တနင်္ဂနွေတိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ စာချစ်သူများ မည်သူမဆို နှစ်သက်ရာ စာအုပ်၊ စာပေများကို လွတ်လပ်စွာလာရောက်အားပေး လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုချစ်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ -၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၌ ၂ ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# မစ္စရန်ဟီလီ ကျီးကန်းပြင် နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကြည့်ရှု

**မောင်တော ဇန်နဝါရီ ၁၅**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့် အဖွဲ့သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဇန်နဝါရီ ၁၅ ရက်နံနက်ပိုင်းက မောင်တော ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မြို့တိုင်းရင်းသားများ နေထိုင်သည့် ရွှေဇဟိုလ်ကျေးရွာနှင့် ကျီးကန်းပြင် (အနောက်) ကျေးရွာတို့မှ ကျေးရွာနေသူများနှင့် သွားရောက်တွေ့ဆုံသည်။ ထိုမှတစ်ဆင့် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်၌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် ရဲမှူးချုပ် သူရစန်းလွင်တို့နှင့် တွေ့ဆုံ၍လုံခြုံရေးဆိုင်ရာကိစ္စများ မေးမြန်းဆွေးနွေးကာ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့် ကျီးကန်းပြင် အမှတ်(၄)ကာကင်းစခန်းကို သွားရောက်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မစ္စရန်ဟီလီနှင့်အဖွဲ့သည် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားစဉ်အတွင်း ဝါးပိတ်နှင့် ပြောင်ပိုက်ကျေးရွာတို့မှ မီးလောင်ခံခဲ့ရသော နေရာများသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းနောက် ငါးခူရနယ်မြေရဲတပ်ဖွဲ့စခန်းသို့ သွားရောက်ကြည့်ရှုပြီး လောင်းဒုံကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံခဲ့သည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ကိုမင်း**



မစ္စရန်ဟီလီနှင့်အဖွဲ့ ရွှေဇဟိုလ်ကျေးရွာသို့ သွားရောက်လေ့လာစဉ်

# ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**



ဖမ်းဆီးရမိ ဆွေဒူလာမီကို တွေ့ရစဉ်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်က ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သူ ဆွေဒူလာမီ(ဘ) ဟော်ဘီရာမွတ်ကို ဘာဒကာကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ဆွေဒူလာမီကို တရားဥပဒေအရ အရေးယူနိုင်ရေး တောင်ဘဇာ နယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ဒေသခံပြည်သူများအား စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်

**တောင်ပြိုလက်ဝဲ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်တို့အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခန့်က တောင်ပြိုလက်ဝဲမြို့အတွင်းရှိ ကျေးရွာများသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြပြီး ဒေသခံပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါဝန်ကြီးနှင့် အဖွဲ့တို့သည် တောင်ပြိုလက်ဝဲမြို့ရှိ သာယာကုန်းကျေးရွာ၊ သဘော်လုကျေးရွာ၊ တောင်ပြိုလက်ဝဲမြို့ပေါ်ရှိ ရပ်ကွက် (၅)ရပ်ကွက်တို့အတွက် ဆန်အိတ် စုစုပေါင်း ၈၂ အိတ်၊စားဆီ ၁၂၁ ပိဿာ၊ မာမီးခေါက်ဆွဲထုတ် ၁၂၂၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ညနေ ၄ နာရီခွဲခန့်တွင် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ချင်းတွင်းမြစ်အတွင်း တိုက်မိခဲ့သည့် ရေယာဉ်နှစ်စင်း၏ အသင်းနှစ်သင်းကို တိုင်းဒေသကြီးအစိုးရက ခြောက်လပိတ်လိုက်သောကြောင့် ရေယာဉ်လုပ်သူတို့၏ မိသားစုဝင်များ စားဝတ်နေရေးအခက်တွေ့နေ

**မုံရွာ ဇန်နဝါရီ ၁၅**

၂၀၁၇ခုနှစ် ဇန်နဝါရီ ၅ ရက် ည ၈ နာရီက ချင်းတွင်းမြစ်အတွင်း မတော်တဆ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် စိုးသူရအောင် ရေယာဉ်နှင့် ဂျိုးဝါရေယာဉ်တို့နှင့် ပတ်သက်၍ အဆိုပါရေယာဉ်နှစ်စင်းနှင့် သက်ဆိုင်သော အသင်းနှစ်သင်းကိုပါ ခြောက်လစီရပ်နားရန် စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဆုံးဖြတ်ခြင်းခံခဲ့ရသဖြင့် စည်းကမ်းလိုက်နာသော အခြားရေယာဉ်များမှာ များစွာနစ်နာမှုရှိနေကြောင်း ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီရုံးခန်း၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးနှင့် ရေယာဉ်အသင်း တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် ရွှေပြည်ကမ္ဘာရေယာဉ်အသင်း ကြံတိုင်းအောင်ရေယာဉ်ပိုင်ရှင် ကိုမင်းဇော်ဝင်းက ပြောကြားသည်။

“တကယ်တမ်း အပြစ်ပေးရမှာက အပြစ်ရှိတဲ့ ရေယာဉ်နှစ်စင်းသာ ဖြစ်ပါတယ်။ အဲဒီရေယာဉ်နှစ်စင်း တိုက်မိမှုမှာလည်း လူအသေအပျောက် မရှိပါဘူး။ အများပြည်သူ ထိခိုက်နစ်နာမှုလည်း မရှိပါဘူး။ အများကလည်း ရပ်နားပေးဖို့ တောင်းဆိုတာ မရှိပါဘူး။ အပြစ်နဲ့ မသက်ဆိုင်တဲ့ ရေယာဉ်တွေအနေနဲ့ ရေယာဉ်ပြေးဆွဲတာ ရပ်ဆိုင်းရမယ်ဆိုရင် ရေယာဉ်အစင်း ၈၀ ကျော်ကို လုပ်ကိုင်နေတဲ့ ရေယာဉ်လုပ်သားတွေ၊ ပိုင်ရှင်တွေနဲ့ မှီခိုနေတဲ့ မိသားစုတွေရဲ့ ပညာရေး၊ စားဝတ်နေရေး၊ လူမှုရေးတွေ ဒုက္ခရောက်ကြပါပြီ။ အဲဒါကြောင့် အပြစ်ရှိတဲ့ စိုးသူရအောင်ရေယာဉ်နဲ့ ဂျိုးဝါရေယာဉ်ကို အပြစ်ပေးပြီး စည်းကမ်းလိုက်နာတဲ့ အခြားရေယာဉ်တွေကို ပြေးဆွဲခွင့်ပြုပေးဖို့ သက်ဆိုင်ရာအဆင့်ဆင့်ကို အသနားခံတင်ပြသွားမှာ ဖြစ်ပါတယ်” ဟု ကြံတိုင်းအောင်ရေယာဉ်ပိုင်ရှင် ကိုမင်းဇော်ဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က စာအမှတ်၄/၇-၄(၁၄)/(၇၀၃) ရညန ရက်စွဲ ၂၆-၁၀-၂၀၁၆ စာအရ သတ်မှတ်စည်းကမ်းနှင့် ကိုက်ညီမှုမရှိသော ရေယာဉ်များကို ထွက်ခွာခွင့်မပြုရန်နှင့် လိုက်နာရန်ပျက်ကွက်ပါက ထိရောက်စွာ အရေးယူသွားရန်ဟု ပါရှိသည့်အတွက် ဇန်နဝါရီ ၅ ရက် ည ၈ နာရီက တိုက်မိခဲ့သော ရေယာဉ်နှစ်စင်းကိစ္စကို စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်နှင့် မုံရွာ ရစက ဥက္ကဋ္ဌထံသို့ အချိန်နှင့်တစ်ပြေးညီ ချက်ချင်း အကြောင်းကြားခဲ့ကြောင်း ရွှေပြည်ကမ္ဘာအသင်းမှ အေးချမ်းဆွေ ရေယာဉ်ပိုင်ရှင် ဦးဇော်မွန်ထံက သိရသည်။

“ရေယာဉ်နှစ်စင်းတိုက်တဲ့ ညက ဖြစ်ဖြစ်ချင်း စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဦးဖြိုးမင်းမင်းနဲ့ ရစက ဥက္ကဋ္ဌ ဦးမျိုးညွန့်ထွန်းတို့ဆီကို ချက်ချင်းပဲ အကြောင်းကြားခဲ့ပါတယ်။ ဒီရေယာဉ်နှစ်စင်းတိုက်မိမှုနဲ့ ပတ်သက်ပြီး ရေယာဉ်နှစ်စင်းအပြင် အသင်းနှစ်သင်းစလုံးကိုပါ ပြေးဆွဲခွင့် ခြောက်လပိတ်ခဲ့ပါတယ်။ အဲဒီအတောအတွင်း ဇန်နဝါရီ ၈ ရက်မှာ မုံရွာကနေ ဟုမ္မလင်းကို ထွက်ခွာတဲ့ ရေယာဉ်တစ်စင်းဟာ လိုင်စင်သက်တမ်းကုန်ဆုံးနေပေမယ့် ပြေးဆွဲခွင့်ပြုခဲ့ပါတယ်။ မင်းကင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရာမှာ ရေယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ သက်သေခံလက်မှတ် မပါရှိတဲ့အတွက် ဆက်လက်ထွက်ခွာခွင့်မပြုတော့ အခြားရေယာဉ်နဲ့ ပြောင်းလဲထွက်ခွာခဲ့ရပါတယ်။ အဲဒီဖြစ်စဉ်မှာ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်နဲ့ မုံရွာရစကအဖွဲ့ဝင်တို့ရဲ့အချိန်နဲ့တစ်ပြေးညီ အရေးယူတာမျိုး မရှိတာဟာ တရားမျှတမှုမရှိဘူးဆိုတာ ထင်ရှားလှပါတယ်”ဟု ရေယာဉ်ပိုင်ရှင် ဦးဇော်မွန်က ပြောသည်။

ရေယာဉ် တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းသော စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းက ရေယာဉ်နှစ်စင်း တိုက်မိမှုမှ အစပြုကာ အသင်းနှစ်သင်း ခြောက်လပိတ်မှုအပေါ် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံ ဖြေလျှော့ပေးရေးတင်ပြခြင်းနှင့်အတူ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မောင်း၊ ရေယာဉ်လုပ်သားများအနေဖြင့် စည်းကမ်းကို ယခုအချိန်မှစ၍ လိုက်နာဆောင်ရွက်ကြရန်နှင့် အသင်းတိုင်း ကောင်းမွန်သော စည်းကမ်းဖြင့် တည်ထောင်ချိန်တန်နေပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

လက်ရှိ ခြောက်လပိတ်ခံထိထားသော အသင်းနှစ်သင်းတွင် ရေယာဉ်အစင်း ၈၀ ကျော်ရှိပြီး ချင်းတွင်းမြစ်တစ်လျှောက် ပြေးဆွဲနေသော ရေယာဉ် စုစုပေါင်းမှာ ခရီးသည်တင်ရေယာဉ်အသင်း ကိုးသင်းတွင် ရေယာဉ် ၁၃၂ စင်းနှင့် ကုန်တင်ရေယာဉ်အသင်း ၁၉ သင်းတွင် ရေယာဉ်အစင်းရေ ၅၄၀ ကျော် ပြေးဆွဲနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# WIFI စနစ်ဖြင့် စာအုပ်များ အခမဲ့ရယူဖတ်ရှုနိုင်

**ဂန့်ဂေါ ဇန်နဝါရီ ၁၅**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ PDLS ခေါ် WiFi စနစ်ကိုအသုံးပြု၍ ANDROID , i OS ဖုန်းများဖြင့် စာအုပ်များ ဒေါင်းလုတ်ယူကာ စာအုပ်စာပေများ လေ့လာဖတ်ရှုနိုင်သည့်စနစ်ကို ယခင်နှစ်များမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

PDLS စက်တပ်ဆင်ချိန်က အဆင့်နိမ့်ဖုန်းများသာ သုံးစွဲနေကြသဖြင့် အသုံးပြုနိုင်မှု အားနည်းခဲ့သော်လည်း ယခုအခါတွင် ဖေ့စ်ဘုတ်အသုံးပြုနိုင်သည့် ဖုန်းများကို အသုံးပြုလာကြပြီဖြစ်ရာ PDLS စနစ်ကို အသုံးပြု၍ စာအုပ် စာပေလေ့လာဖတ်ရှုသူ တိုးပွားလာကြောင်းနှင့် PDLS စနစ်ဖြင့် သုတ၊ သုတရသ၊ ရသစာအုပ်များ၊ မဂ္ဂဇင်းများ၊ ကာတွန်းစာအုပ်များ ၈၀၀၀ ခန့် အခမဲ့ရယူနိုင်ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**



# ကျောက်ဖြူမြို့နယ်၌ အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးပေး

**ကျောက်ဖြူ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ္မာဝတီခန်းမ၌ ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက် နံနက်ပိုင်းမှစတင်ကာ ကျောက်ဖြူမြို့နယ် ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းအား (၃)ကြိမ်ထိုးနှံရမည်ဖြစ်ကြောင်း၊ ယခု ပထမအကြိမ် ထိုးနှံပေးခြင်းဖြစ်ရာ ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအား နှစ်ရက်ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ပထမနေ့တွင် ၁၈၂၀ ဦး စစ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဒုတိယနေ့တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ ထိုးနှံပေးမည်ဖြစ်ပြီး ဒုတိယအကြိမ်အား ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ထိုးနှံရမည်ဖြစ်ကြောင်း၊ တတိယအကြိမ်ကို ဒုတိယအကြိမ် ထိုးနှံပေးပြီးမှ နေ့ရက်သတ်မှတ်မည်ဖြစ်ကြောင်း၊ အသည်းရောင်အသားဝါပိုး တွေ့ရှိသူများကို ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးခန်းမ၌ တာဝန်ရှိသူများက ပညာပေးဗဟုသုတများပြောဆိုကာ နှစ်သိမ့်ဆွေးနွေးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးမှူး ဦးခင်မောင်လှထံမှ သိရသည်။

**ဖြိုးဝေလင်း(ခရိုင် ပြန်/ဆက်)**

# ကျွန်တော်နဲ့ ဆရာကန်တော့ပွဲ



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ဒီဇင်ဘာလတစ်လလုံး ကျွန်တော်မအားခဲ့ဘူး။ ဆရာကန်တော့ပွဲမျိုးစုံကိုတက်ခဲ့ရတယ်။ တချို့ကျတော့ မသွားဖြစ်ခဲ့ဘူး။ ကန်တော့ခံဖို့သွားခဲ့ပေမယ့် တစ်ဖက်ကလည်း လုပ်ဖော်ကိုင်ဖက်တွေကို ပြန်တွေ့ရတယ်။ ကိုယ်ထက်အသက်ကြီးသူ၊ ဝါကြီးသူတွေနဲ့ ထိတွေ့ရတယ်။ မိမိနဲ့ရင်းနှီးခဲ့တဲ့ တပည့်တွေနဲ့ တွေ့ခွင့်ရတယ်။ ဒါတွေကြောင့်ကြိုးစားပြီး တက်ရောက်ခဲ့တာဖြစ်တယ်။ တစ်နှစ်ကစီးပွားရေးတက္ကသိုလ်မှာ ပြုလုပ်ခဲ့တဲ့ ဆရာကန်တော့ပွဲမှာ ဆရာကြီးဦးမြင့်က ကိုလံဘီယာတက္ကသိုလ်က နိုဘယ်လ်ဆုရစီးပွားရေးပညာရှင် စတီးဂလစ်ကို ခေါ်ခဲ့တယ်။ ကန်တော့ပွဲအတွေ့အကြုံကို နဖူးတွေ့ဒူးတွေ့ ခံစားခဲ့ရပြီး မြန်မာနိုင်ငံကလွဲလို့ တခြားနိုင်ငံတွေမှာ အခုလိုလုပ်လေ့ မရှိတာကို မှတ်ချက်ပေးခဲ့တယ်။ အံ့သြခဲ့သလို ဆက်လက်ထိန်းသိမ်းဖို့ကို တိုက်တွန်းခဲ့ပြန်တယ်။

ဆရာကြီးပြောသလို ဆရာကန်တော့ပွဲမှာမြန်မာလူမျိုးတွေရဲ့ ထူးခြားတဲ့အမွေအနှစ် တစ်ရပ်ဖြစ်တယ်။ တစ်လောက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ရှင်းလင်းပွဲအခမ်းအနားတစ်ရပ်ကို တက်ဖြစ်တယ်။ ဥက္ကဋ္ဌလုပ်သူက ဒေါ်စန္ဒာခင်။ သူကအရင်အစိုးရလက်ထက် ယဉ်ကျေးမှုဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူ။ ဒုတိယဥက္ကဋ္ဌက ရုပ်ရှင်မင်းသား ခန့်စည်သူ။ အဖွဲ့ကြီးရဲ့ အကျိုးအကြောင်း တင်ပြပြီး နောက်ဖိတ်ကြားထားတဲ့ နာယကလူကြီးတွေကို ဆွေးနွေးခွင့်ပေးတယ်။ ကျွန်တော်မဆွေးနွေးခင် ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က စတင်ဆွေးနွေးခဲ့တယ်။ ယဉ်ကျေးမှုအမွေအနှစ်နဲ့ပတ်သက်ပြီး ရုပ်ပိုင်းဆိုင်ရာ အမွေအနှစ်တွေရှိသလို၊ သဘာဝအမွေအနှစ်တွေအကြောင်းတင်ပြခဲ့တယ်။ မြန်မာတွေရဲ့ အပြုအမူအလေ့အထတွေကိုလည်း ထည့်သွင်း စဉ်းစားပေးဖို့သတိပေးခဲ့တယ်။ မင်္ဂလာဆောင် အခမ်းအနားတို့၊ အသုဘအခမ်းအနားတို့ဟာ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်ပဲဖြစ်တယ်။ ဆရာကြီးတင်ပြမှုကို နားထောင်ရင်း ဆရာကန်တော့ပွဲဟာလည်း ထူးခြားလှတဲ့ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်ကြောင်း မှတ်ချက်ချမိတယ်။

ကျွန်တော်ဟာ ၁၉၆၆ ခုနှစ်ကစပြီးစီးပွားရေး တက္ကသိုလ်မှာ ဆရာလုပ်ခဲ့တယ်။ ၁၉၉၉ ခုနှစ်အထိစုစုပေါင်း ၂၃ နှစ်ကျော် ဒီနှစ်တွေအထဲ နိုင်ငံခြားကို နှစ်ကြိမ်သွားခွင့်ရတယ်။ ပထမအကြိမ်အင်္ဂလန်မှာ ခြောက်နှစ်၊ ဒုတိယအကြိမ် အနောက်ဂျာမနီမှာ သုံးနှစ်စုစုပေါင်း ကိုးနှစ်နီးပါး။ ဒါကြောင့် ဒီကိုးနှစ်ကို နုတ်လိုက်ရင် အသားတင်နှစ် ၁၄ နှစ် ဆရာအဖြစ် တာဝန်ယူခဲ့တာမို့ ထိတွေ့ခဲ့တဲ့ တပည့်တွေကတပုံကြီး၊ ၂၀၀၈ ခုနှစ် မြန်မာပြည်ပြန်ရောက်ချိန်ကစပြီး ကျွန်တော်စီးပွားရေး တက္ကသိုလ်မှာ စာဆက်သင်တယ်။ ဘွဲ့လွန်သင်တန်းတွေမှာ အခုဆိုရင်ကိုးနှစ်ရှိသွားပြီး တပည့်ပေါင်းများစွာနဲ့ ထပ်မံတွေ့ရပြန်တယ်။

ဆရာကန်တော့ပွဲတွေ ကျင်းပတဲ့နေရာမှာ ကျင့်သုံးတဲ့ ပုံစံကပုံစံတူကန်တော့ခံ ဆရာဆရာမတွေနေရာယူကြတယ်။ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်ကြေညာတယ်။ ကန်တော့ကြိုး တိုင်တဲ့သူကရွတ်တယ်။ ကျန်တဲ့ပရိသတ်ကလိုက်ဆိုတယ်။ တချို့အခမ်းအနားမှာတော့ ရတုတွေဖတ်တယ်။ ပြီးမှ ဆရာ ဆရာမတွေကို ကန်တော့ပစ္စည်းနဲ့ ငွေကိုပေးတယ်။ ကန်တော့ခံဆရာ ဆရာမတစ်ဦးနှစ်ဦးက ဆုပေးတယ်။ အခမ်းအနားပြီးချိန်မှာအကျွေးအမွေးနဲ့ ဧည့်ခံတယ်။ ကန်တော့ပွဲအခမ်းအနားကို ဟိုတယ်မှာလုပ်သလို စီးပွားရေးတက္ကသိုလ် ညီလာခံမှာလည်း လုပ်လေ့ရှိတယ်။

အခုဆိုကန်တော့ခံရတဲ့အခါတိုင်း တပည့်လုပ်သူတွေက ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ပြစ်မှားမိရင်ခွင့်လွှတ်ပါလို့ အမြဲပြောတယ်။ ဘာကြောင့်ဒီလိုပြောသလဲ။ တကယ်ပဲကျူးလွန်ခဲ့လို့လား။ စိတ်ထဲမှာတော့ တစ်မျိုးဖြစ်တယ်။ ခွင့်လွှတ်ပါလို့ပြောစရာမလိုဘူးထင်တယ်။ ဆရာတိုင်းဟာ တပည့်တွေကို အလိုလိုခွင့်လွှတ်ပြီးသား။ အခုလိုကန်တော့မှ ခွင့်လွှတ်တာမဟုတ်ဘဲ တပည့်တွေအပေါ်ဘယ်တုန်းကမှ အမှတ်ထားခဲ့တာ မရှိပါဘူး။ ကိုယ့်ကိုအခုလိုကျူးလွန်လိမ့်မယ်ဆိုတာကိုလည်း မစဉ်းစားမိဘူး။

ဒီဇင်ဘာလ ၂၄ ရက်နေ့မနက်မှာ စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ တက်ရောက်ခဲ့တယ်။ အာစရိယပူဇော်ပွဲ မတိုင်မီ စာရင်းအင်းပညာဌာနပါမောက္ခ၊ နောက်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးခင်မောင်ညွန့်နဲ့ကြေးရုပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့တယ်။ လူစုံတက်စုံ။စီးပွားရေးစနစ်စတင်ခဲ့တဲ့အချိန်ကစပြီး ယနေ့အထိ။ တစ်ကျောင်းလုံး ပြည့်လျှံနေတာပဲ။ ဆရာကြီးဒေါက်တာခင်မောင်ညွန့်နဲ့ဆုံဖူးတယ်။ ကျွန်တော်ဒုတိယအကြိမ် နိုင်ငံခြားပညာသင်ပြီးအပြန် သူက ပါမောက္ခချုပ်ဖြစ်နေပြီ။ ၁၉၉၉ ခုနှစ်ကျန်းမာရေးဝန်ကြီးဌာနကို ပြောင်းတဲ့အခါ သူကသိပ်မသွားစေချင်ဘူး။ ကျောင်းမှာပဲဆက်နေချင်တာ။ နောက် တော့ ဆရာကြီးနဲ့ ဝေးခဲ့တယ်။ မြန်မာပြည်ပြန်ရောက် အာစရိယပူဇော်ပွဲတွေတက်မှ ပြန်တွေ့ဖြစ်တယ်။

ကြေးရုပ်ဖွင့်ပွဲ အခမ်းအနားကျင်းပပြီးချိန် မြက်ခင်းပြင်မှာ ကန်တော့ပွဲအခမ်းအနားလုပ်တယ်။ ကျွန်တော်တို့လို အသက်ကြီးတဲ့ ဆရာဆရာမတွေကို စင်မြင့်ကြီးမှာထား အသက်နည်းနည်းငယ်တဲ့ ဆရာ ဆရာမတွေက အောက်စင်မြင့်မှာ ကန်တော့ခံတယ်။ ကန်တော့နေတဲ့သူတချို့ဟာ ကန်တော့ခံတဲ့သူတွေထက် ကြီးနေပြန်တော့ ကသိကအောက်ဖြစ်မှာ၊ အခမ်းအနားတစ်ခုလုံးကို စီးပွားရေးဘွဲ့ရအသင်းကြီးက တာဝန်ယူကျင်းပတာ။ ဈေးခင်းတွေကလည်း စည်ကားလှတယ်။ အခမ်းအနားက အတော်အချိန်ယူရတာ။ တာဝန်ရှိတဲ့သူတွေရဲ့ မိန့်ခွန်းတွေက အကြာကြီး ကန်တော့ကြိုးကလည်း ခပ်ရှည်ရှည် ပရိသတ်တွေကို စင်မြင့်ပေါ်က လှမ်းကြည့်တော့ တစ်ယောက်မှ စိတ်ဝင်စားဟန်မတူဘူး။ အချင်းချင်းစကား ပြောမပျက်၊ မရပ်။ ပြောတဲ့သူတွေကလည်း ကိုယ်ပြောချင်တာပဲ အာရုံရှိကြတာ။ ပရိသတ်ရဲ့ စိတ်ဝင်စားမှုကတခြား။ လူများလွန်းတာကလည်း တစ်ကြောင်း။

**တပည့်တွေဟာ ကိုယ့်ထက်တော်ရမယ်လို့ ကျွန်တော် အမြဲခံယူမိတယ်။ တပည့်တွေအထဲက ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေ၊ ညွှန်ချုပ်တွေ၊ ပါချုပ်တွေဖြစ်နေတာသိရလို့ တာဝန်ကျေပွန်ပြီလို့ မှတ်ယူမိပါတယ်။ ကျွန်တော် စိတ်ပူတဲ့ကိစ္စတစ်ခုတော့ရှိတယ်။ ဒီကန်တော့ပွဲတွေကို အမြဲလုပ်နိုင်ပါ့မလား တပည့်တွေရဲ့စေတနာကို နားလည်တယ်။ အသိအမှတ်ပြုတယ်။ ဒါပေမယ့် သူတို့အတွက် တာဝန်မဖြစ်စေချင်ဘူး။ ကျွေးမွေး ဧည့်ခံမှုကိုလျှော့၊ ကန်တော့တဲ့ ငွေတွေလျှော့။ အရေးကြီးတာက ဒါတွေမဟုတ်ဘူး။ လက်အုပ်ချီနဲ့ ကျေနပ် . . .**

ဒါကြောင့်လည်း တချို့တပည့်တွေက စာသင်နှစ်အလိုက် သီးခြားကန်တော့ပွဲတွေ ကျင်းပခဲ့တာ။ ဒီနှစ်မှာသီးခြားပွဲသုံးပွဲတက်ခဲ့တယ်။ ပထမပွဲက (၁၉၆၆-၁၉၇၀) စာသင်နှစ်က တပည့်တွေ။ သူတို့က စီးပွားရေးတက္ကသိုလ်ကို (၁၉၆၆) မှာ ရောက်တယ်။ ဒီနှစ်မှာ ကျွန်တော်က နည်းပြဆရာဖြစ်ခဲ့တာ။ သူတို့နဲ့အသက်က မတိမ်းမယိမ်း။ သူတို့ကပွဲထဲမှာ အဆိုကောင်းသူတွေများတယ်။ အားလုံးကအငြိမ်းစားယူတဲ့ အရွယ်ရောက်နေကြပြီ။ စီစဉ်တာသပ်ရပ်တယ်။

ဒုတိယအဖွဲ့က (၁၉၈၄) ခုနှစ်ဘွဲ့ရတဲ့သူတွေ။ သူတို့က ကျွန်တော် ပါရဂူဘွဲ့ယူပြီး ပြန်လာချိန်မှာ တွေ့တဲ့သူတွေ၊ ညွှန်ချုပ်တွေ၊ ပါချုပ်တွေဖြစ်နေကြပြီ။ စီးပွားရေးနယ်ပယ်မှာလည်း အောင်မြင်နေကြသူတွေ၊ အိမ်မှာအစီအစဉ်ရှိတာမို့ အစအဆုံးမနေနိုင်ခဲ့ဘူး။

နောက်ဆုံးကတော့ (၁၉၇၁) ခုနှစ် ဘွဲ့ရသူတွေ။ ဒီအဖွဲ့နဲ့ ကျွန်တော်က ရင်းနှီးတယ်။ ကျွန်တော်ပထမအကြိမ် အင်္ဂလန်မသွားခင် တွေ့ရတဲ့သူတွေ။ ကျွန်တော်က ခြေလျင်တောင်တက်အသင်းနဲ့ အနုပညာအသင်းတွေမှာ လှုပ်ရှားတော့ သူတို့နဲ့ တရုံးရုံး။ ဒီအထဲမှာပြည်ထောင်စုဝန်ကြီးတစ်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးတစ်ဦး သူတို့လည်း ၆၀ ကျော်ကုန်ကြပြီ။ ကန်တော့ကြိုးကိုစပ်တဲ့သူက ကျွန်တော်နဲ့ရင်းနှီးလှတဲ့ ကိုရဲဝင်း။အခုတော့ သူ့ကို ရဲဝင်းချစ်အနေနဲ့ အသိများတာ။ ဆရာကန်တော့ပွဲနဲ့ ပတ်သက်ပြီး ရှင်းပြတဲ့ ကိုကျော်ဆွေဆီက အသိတွေရခဲ့တယ်။ ဆရာရဲ့ အဓိပ္ပာယ်ကို သူက ပုံစံနှစ်မျိုးနဲ့ ဖွင့်ဆိုခဲ့တယ်။ တစ်ခုက အရိပ်ကောင်းမှုကို ဖန်တီးပေးတဲ့သူဖြစ်ပြီး၊ နောက်တစ်ခုက ကျွန်တော်ပိုနှစ်သက်တယ်။ ဆရာဆိုတာ ဆင်ခြင်တုံတရားကို ဖန်တီးပေးတဲ့သူ ချိန်ဆတတ်အောင် သင်ပေးသူလို့ ဖော်ပြခဲ့တယ်။

ကျွန်တော်အခုလို အကြိမ်ကြိမ်ကန်တော့ခံခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ပါတယ်။ ငါဟာ အခုလို ကန်တော့ခံထိုက်သူဖြစ်ရဲ့လား ဖြစ်အောင် ပြောဆိုနေထိုင်ဖို့လိုတာကို သတိပေးတဲ့ တပည့်တွေကို ကျေးဇူးတင်ပါတယ်။

ဒီနှစ်မတက်ဖြစ်တဲ့ ကန်တော့ပွဲက ဆေးတက္ကသိုလ်(၂) ကပွဲ။ ကျွန်တော် (၁၉၇၇)မြန်မာပြည်ရောက်ပြီး အသုံးချသုတေသနဘာသာကို ဆေးတက္ကသိုလ်(၂) အပိုင်း(၁) ကျောင်းသားတွေကို သင်ခဲ့တယ်။ ကွင်းဆင်းတဲ့ လှည်းကူးမြို့နယ်ကို အတူသွားခဲ့တယ်။ ဒီတုန်းက ပါမောက္ခ၊ ဆရာကြီးက ဒေါက်တာဦးမြင့်စိုး၊ ဒေါက်တာသာလှရွှေက ကထိက၊ ဒေါက်တာ ညိုညိုမြင့်က လက်ထောက်ကထိက။ စာသင်ရင်း သူတို့တစ်တွေနဲ့ ရင်းနှီးခဲ့တယ်။ သင်ပေးခဲ့တဲ့ ကျောင်းသားတွေက အခုဆိုရင် ပါမောက္ခ၊ ဌာနမှူးတွေဖြစ်နေကြပြီ။

တပည့်တွေဟာ ကိုယ့်ထက်တော်ရမယ်လို့ ကျွန်တော် အမြဲခံယူမိတယ်။ တပည့်တွေအထဲက ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေ၊ ညွှန်ချုပ်တွေ၊ ပါချုပ်တွေဖြစ်နေတာသိရလို့ တာဝန်ကျေပွန်ပြီလို့ မှတ်ယူမိပါတယ်။ ကျွန်တော်စိတ်ပူတဲ့ကိစ္စတစ်ခုတော့ရှိတယ်။ ဒီကန်တော့ပွဲတွေကို အမြဲလုပ်နိုင်ပါ့မလား တပည့်တွေရဲ့စေတနာကို နားလည်တယ်။ အသိအမှတ်ပြုတယ်။ ဒါပေမယ့် သူတို့အတွက် တာဝန်မဖြစ်စေချင်ဘူး။ ကျွေးမွေးဧည့်ခံမှုကိုလျှော့၊ ကန်တော့တဲ့ ငွေတွေလျှော့။ အရေးကြီးတာက ဒါတွေမဟုတ်ဘူး။ လက်အုပ်ချီနဲ့ ကျေနပ်ပါတယ်။ အရေးကြီးတာက တွေ့ကြဆုံကြဖို့သာဖြစ်တယ်။ ပြန်တွေ့ရတဲ့ ခံစားမှုတွေကြောင့် အသက်က အခုပိုငယ်သွားတယ်။ တပည့်တွေကောင်းစားနေတာမြင်ရတော့လည်း ပီတိဖြစ်မိသလို အဆင်မပြေသူတွေနဲ့ ဆုံရပြန်တော့ ကရုဏာသက်မိတယ်။ နှစ်စဉ်သူတို့ကန်တော့နိုင်သလို ကိုယ်ကလည်း ကန်တော့ခံနိုင်အောင် ကြိုးစားရမှာဖြစ်တယ်။

# သစ်ကတိုးအိုင်ဆင်ထိန်းသိမ်းပြသရေးစခန်းကို ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွားလုပ်ငန်းအဖြစ်ဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပုသိမ်(တောင်) သစ်ထုတ်ရေးဒေသ၊ သစ်ကတိုးအိုင်ဆင်စခန်းအား ယခုနှစ်ခရီးသွားရာသီ ဇန်နဝါရီလပထမပတ်မှစတင်၍ ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွားလုပ်ငန်း၊ ဆင်ထိန်းသိမ်းပြသရေးစခန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သစ်ကတိုးအိုင်ဆင်စခန်းထိန်းသိမ်းရေးစခန်းရှိ ဌာနပိုင်ဆင် ၁၈ ကောင်အနက် ဆင်ထိန်းသိမ်းပြသရေးအတွက် ဆင်ခြောက်ကောင်၏ ယဉ်ကျေးလိမ္မာသည့် သရုပ်ပြ ဖျော်ဖြေမှုအား ကြည့်ရှုနိုင်ခြင်း၊ ဆင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်နိုင်ခြင်း၊ ဆင်များအား အစာကျွေးနိုင်ခြင်း၊ ဆင်များနှင့်အတူ နွေးထွေးရင်းနှီးစွာဖြင့် ကိုယ်တိုင်ရေချ (ရေချိုးပေးနိုင်ခြင်း) ခရီးတို၊ ခရီးရှည်ဆင်စီး၍ တောတောင်ရေမြေ သဘာဝနှင့် သစ်ကတိုးအိုင်ဆင်စခန်း၏ ဖွဲ့စည်းထားမှုအား လေ့လာနိုင်ခြင်းစသည့် ဝန်ဆောင်မှုများကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်းနှင့် ဆင်ပြသရေးအတွက် အန္တရာယ်မဖြစ်စေရေး စီစဉ်ထားရှိကြောင်း သိရသည်။

သစ်ကတိုးအိုင် ဆင်စခန်းထိန်းသိမ်းပြသရေးစခန်းသည် ပုသိမ်-မော်တင်လမ်း မိုင်တိုင်အမှတ် (၂၁/၆)၏ လက်ယာဘက်တွင် တည်ရှိသည်။ ပုသိမ်မြို့မှ မော်တော်ကားဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီး မောင်းချိန် တစ်နာရီခန့် ကြာမြင့်မည်ဖြစ်သည်။ ငွေဆောင်ကမ်းခြေ၊ ဂေါ်ရင်ဂျီကမ်းခြေ အပန်းဖြေစခန်းများနှင့် မော်တင်စွန်းဘုရားသို့ သွားရောက်မည့်လမ်းကြောင်းပေါ်တွင် တည်ရှိကြောင်း သိရသည်။

သစ်ကတိုးအိုင်ဆင်ထိန်းသိမ်းပြသရေးစခန်းသို့ နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်လေ့လာလျက်ရှိကြောင်းနှင့် ဆင်များ၏ သဘာဝ၊ တောတောင်ရေမြေသဘာဝအလှ၊ ဆင်စခန်းဖွဲ့စည်းတည်ဆောက်ထားမှုတို့ကို လာရောက်လေ့လာလိုပါက စခန်းတာဝန်ခံ ဦးမျိုးအောင်လက်ထောက်မန်နေဂျာ(သစ်ထုတ်ရေး) ဖုန်း-၀၉၄၅၉၃၁၃၁၆၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# အက်စတာနာတွင်ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် အမေရိကန်အားဖိတ်ကြားမည်



**အန်ကာရာ ဇန်နဝါရီ ၁၅**

ကာဇက်စတန်နိုင်ငံ အက်စတာနာတွင် ဇန်နဝါရီ ၂၃ ရက်၌ ကျင်းပရန် စီစဉ်လျက်ရှိသည့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် အမေရိကန်ကို ဖိတ်ကြားသွားမည်ဖြစ်သည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီး မီဗလတ်ကာဗူဆိုဂလူက ပြောကြားခဲ့သည်။

တူရကီ၊ ရုရှားနှင့် အီရန်အာဏာပိုင်များသည် ညီလာခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် သောကြာနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် အမေရိကန်အားညှိနှိုင်းဆွေးနွေးမှုတွင် ပါဝင်ရေးအတွက် ဖိတ်ခေါ်ရန် ဆုံးဖြတ်ချက်ချလိုက်ကြောင်း နိုင်ငံပိုင်အနာဒိုလူသတင်းစာက ဖော်ပြခဲ့သည်။

တူရကီအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပြည်သူ့ကာကွယ်ရေးယူနစ် (YPG) ပါဝင်မှုကို ကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက အလေးအနက် ပြောကြားသည်။

အကယ်၍ အကြမ်းဖက်အုပ်စု တစ်ခုဖြစ်သည့် ဝိုင်ပီဂျီကိုသာ ဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားခဲ့မည်ဆိုလျှင် အယ်နူ့ဆရာအဖွဲ့ကိုလည်း ဖိတ်ကြားရမည်ဖြစ်သလို အိုင်အက်စ်အဖွဲ့ကိုပါ ဖိတ်ကြားရမည်ဖြစ်ကြောင်း ဆိုသည်။ ထို့ပြင် အမေရိကန်သည် အကြမ်းဖက်အုပ်စုများနှင့် ပူးပေါင်းနေမှုများကို ရပ်တန်းက ရပ်သင့်ပြီဖြစ်သည်ဟု ကာဗူဆိုဂလူက ဖြည့်စွက်ပြောကြားခဲ့သည်။

အမေရိကန်က ဒီမိုကရက်တစ် ယူနီယံပါတီ(PYD)သို့ ထောက်ပံ့ပေးလျက်ရှိသည့် စစ်လက်နက်များသည် နောက်ဆုံးတွင် ကာ့ဒ်အလုပ်သမား ပါတီ (PKK) ထံသို့ ရောက်ရှိသွားသည်သာဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

**(ဆင်ဟွာ)**

# ဂျပန်နိုင်ငံနေရာအနှံ့အပြားတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း သတိပေး

**တိုကျို ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံ၏ နေရာအနှံ့အပြားတွင် လာမည့်ရက်ပိုင်းအတွင်း ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ဖွယ်ရာရှိကြောင်းနှင့် ဆီးနှင်းများကျရောက်မှုသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ထိခိုက်စေနိုင်သည်ဟု ကြိုတင်ခန့်မှန်းထားကြောင်း သိရသည်။

မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာအေဂျင်စီက ပြင်းထန်သည့်အအေးထုကြီးသည် ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ကမ်းရိုးတန်းဒေသသို့ ကြီးမားသည့် နှင်းထုကြီးကို ဖြစ်ပေါ်စေကြောင်း ပြောကြားခဲ့သည်။ စနေနေ့ နံနက် ၅ နာရီတွင် အိုမိုရီနှင့် ယာမာဂါတာစီရင်စုတို့တွင် ၂ ဒသမ ၃ မီတာရှိသည့် ဆီးနှင်းများကျဆင်းခဲ့ပြီး နီဂါတာစီရင်စုတွင် ၁ ဒသမ ၄ မီတာရှိသည့် ဆီးနှင်းများ ကျဆင်းခဲ့ကြောင်း သိရသည်။

အပူချိန် အနုတ် ၄၂ ဒီဂရီဆဲလ်စီးရပ်စ်ရှိသည့် အအေးလှိုင်းသည် လာမည့်ရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်လာနိုင်ပြီး ဂျပန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင်လည်း အအေးလှိုင်းကျရောက်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# စပိန်နိုင်ငံတောင်ပိုင်းကမ်းခြေအနီးတွင် ရွှေ့ပြောင်းသွားလာသူများ၏ အလောင်းများကိုတွေ့ရှိ

**မက်ဒရစ် ဇန်နဝါရီ ၁၅**

စပိန်နိုင်ငံတောင်ပိုင်းကမ်းခြေအနီးတွင် ရွှေ့ပြောင်းသွားလာသူငါးဦး၏ အလောင်းများကို တွေ့ရှိခဲ့ရကြောင်း စပိန်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ စနေနေ့က လစ်ဗျားကမ်းခြေတွင် သေဆုံးသူများ၏ အလောင်းများကို တွေ့ရှိခဲ့ပြီးနောက်တွင် ယခုကဲ့သို့ အလောင်းများထပ်မံတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ အလောင်းများကို သောကြာနေ့နှောင်းပိုင်းတွင် တာရီဖာကမ်းခြေ၌ မျောပါလာသည်ကို တွေ့ရှိခဲ့ရသည်။ အလောင်းများသည် မည်သည့်နေရာမှ မျောလာခဲ့ခြင်းဖြစ်ကြောင်းကို မသိရသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။ အသက်ရှင်လွတ်မြောက်သူ တစ်စုံတစ်ယောက်ကို မတွေ့သေးသဖြင့် အဆိုပါအလောင်းများ မည်သည့်နေရာမှ မျောပါလာကြောင်းနှင့် မည်သို့ဖြစ်ပျက်ခဲ့ကြောင်းကို သိရှိနိုင်ဖွယ်မရှိသေးဟု ၎င်းကဆိုသည်။

ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းသွားလာသူများသည် မြောက်အမေရိကတိုက်မှ ဥရောပတိုက်အတွင်းသို့ ဝင်ရောက်ရန် အရှေ့အလယ်ပိုင်းဆီသို့ ဖြတ်ကျော်ရန် ကြိုးပမ်းနေကြသည်ဖြစ်ရာ စပိန်၊ အီတလီနှင့် ပြင်သစ်ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် မြေထဲပင်လယ်အတွင်း၌ ကယ်ဆယ်ရေးမစ်ရှင်များကို အတူကကွ ကြိုးပမ်းလှုပ်ရှားလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်က မြေထဲပင်လယ်ဖြတ်ကျော်သူ ၅၀၀၀ နီးပါး သေဆုံးခဲ့ပြီး အသေအပျောက်အများဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

**(ရိုက်တာ)**

# ထရန့်သမ္မတအဖြစ် ရုံးမထိုင်မီ ဝါရှင်တန်၌ လူထောင်ချီဆန္ဒပြရန်စုဝေး

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်၏မြို့တော် ဝါရှင်တန်ဒီစီ၌ ထောင်ပေါင်းများစွာသော ဆန္ဒပြဆန္ဒကျင်သူလူအုပ်ကြီးသည် သမ္မတအဖြစ် ရွေးချယ်ခံထားရသူ ဒေါ်နယ်ထရန့်အား မကျေမနပ်မှုကို ထုတ်ဖော်ပြသရန် စနေနေ့တွင် စုဝေးခဲ့ကြကြောင်း သိရသည်။ ဒေါ်နယ်ထရန့်သည် လာမည့် သောကြာနေ့တွင် အိမ်ဖြူတော်သို့ တက်ရောက်တော့မည်ဖြစ်သည်။

ပြည်တွင်းလူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့များ အဓိကပါဝင်သည့် ဆန္ဒပြလူအုပ်သည် "တရားမျှတမှုမရှိလျှင် ငြိမ်းချမ်းမှုမရှိ"ဟူ၍ ဟစ်ကြွေးကာ ပြည်သူ့ရင်ပြင်တစ်လျှောက်မှ မာတင်လူသာကင်း အထိမ်းအမှတ် ကျောက်တိုင်ဆီသို့ ချီတက်ခဲ့ကြသည်။ အင်တာဗျူးတစ်ခု၌ ထရန့်၏သမ္မတ ရွေးကောက်ပွဲယှဉ်ပြိုင်မှုသည် တရားမျှတမှု မရှိ၊ ထိုက်တန်စွာ အောင်မြင်ခြင်းမဟုတ်ဟု ပြောဆိုခဲ့သည့်




အမေရိကန်ပြည်တွင်း လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့မှ ကွန်ဂရက်လွှတ်တော်အမတ်ဂျွန်လီဝစ်အား ထရန့်က တုံ့ပြန်စွပ်စွဲမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် အဆိုပါဆန္ဒထုတ်ဖော်မှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ထရန့်က ကွန်ဂရက်လွှတ်တော်အမတ် ဂျွန်လီဝစ်သည် ရွေးကောက်ပွဲရလဒ်များကို မတော်မတည့်သည့် ဝေဖန်မှုများပြုလုပ်နေမည့်အစား ဖရိုဖရဲဖြစ်နေသည့် ၎င်း၏ခရိုင်ကို ပုံမှန်ပြန်ဖြစ်လာစေရေးအတွက် အချိန်ထပ်ယူကာ ကူညီဆောင်ရွက်သင့်ကြောင်း တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

လီဝစ်သည် ဂျော်ဂျီယာကိုယ်စားပြု ဒီမိုကရက်တစ် ကွန်ဂရက်လွှတ်တော်အမတ်တစ်ဦးဖြစ်သည်။ ထရန့်၏ တာဝန်ထမ်းဆောင်ကာလ နီးကပ်လာသည်နှင့် အမျှ အဖွဲ့အစည်းများစွာတို့သည် ၎င်းအား ဆန္ဒပြမှုပြုလုပ်ရန် တောင်းဆိုမှုများ များပြားလာလျက်ရှိသည်။

**(ရိုက်တာ)**

# အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်အတွင်း လှေနစ်မြုပ်သေဆုံးသူအရေအတွက် မြင့်တက်လာ



**နယူးဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်အနီးတွင် လူအဆမတန်တင်ဆောင်လာသည့်လှေတစ်စင်း ဂင်္ဂါမြစ်အတွင်း နစ်မြုပ်ခဲ့ပြီးနောက် သေဆုံးသူများရှိခဲ့ပြီး နောက်တစ်ရက်တွင် ဂင်္ဂါမြစ်အတွင်းမှ လူသေအလောင်းငါးလောင်း ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူဦးရေ ၂၄ ဦးအထိ မြင့်တက်သွားခဲ့ကြောင်း အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကိုလည်း ရပ်တန့်လိုက်ပြီဖြစ်သည်။

လှေမတော်တဆနစ်မြုပ်မှုသည် စနေနေ့ညနေခင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူများသည် ကောက်ရိတ်သိမ်းပွဲတော် အထိမ်းအမှတ်အနေဖြင့် လေတံခွန်လွှတ်ပွဲကြည့်ရှုပြီးနောက် အိမ်ပြန်ရန် လှေဖြင့်ထွက်ခွာလာကြခြင်းဖြစ်သည်။ လှေပေါ်တွင် ခံနိုင်ဝန်အားမှာ လူ ၃၀ သာ တင်ဆောင်နိုင်သော်လည်း ထိုနေ့က ခံနိုင်ဝန်ထက်ကျော်လွန်ကာ လူ ၅၀ ခန့် တင်ဆောင် လာခဲ့သည်။

ထို့နောက်တွင် လှေသည် ပတ္တနာကမ်းခြေအနီးတွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း ဘီဟာသဘာဝဘေး စီမံခန့်ခွဲရေးဝန်ကြီး ချန်ဒရာရှိခါက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

စနေနေ့တွင် အလောင်း ၁၉ လောင်းကို ရှာတွေ့ခဲ့သည်။ နောက်ထပ် လူသေအလောင်းငါးလောင်းကို ရှာတွေ့ပြီးနောက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အပြီးသတ်လိုက်ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦး ဖြစ်သည့် မနူမဟာရာ့ချ်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ရှင်ဗွေယန်မြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ရှင်ဗွေယန် ဇန်နဝါရီ ၁၅**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုဝင်းတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်မှခ်ဦးဝကို ဘုန်းတော်ကြီး ပေါလ်ဇော်ရှမ်း၊ ရှင်ဗွေယန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွန်း၊ နာဂရိုးရာ စာပေနှင့်ယဉ် ကျေးမှုဥက္ကဋ္ဌ ဦးစိန်းယုံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုဝင်းတွင် နာဂရိုးရာတိုင်းရင်းသားတိုင်းရင်းသူများက ပင်ရှန်ချုံး(ခေါ်) ဆုတောင်းတိုင်အား နာဂရိုးရာအကဖြင့် သုံးခါပတ်၍ ကပြခဲ့သည်။

ဆက်လက်၍ အခမ်းအနားတွင် ဘုန်းတော်ကြီးက ဆုတောင်းပေးပြီး သဘာပတိကြီး ဦးခေကင်းက အမှာစကား ပြောကြားပေးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွန်းက အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ နာဂရိုးရာသမိုင်းကြောင်းအား ဒေါ်ဘန်းလောင်ကဖတ်ကြားခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော မိသားစုများအတွက် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အလှူခံရရှိထားသော PSI ခုနစ်စုံ၊ ၂၄ လက်မ တီဗွီခုနစ်လုံး၊ ဘက်ထရီ ခုနစ်လုံး၊ အဝတ်အထည် ခုနစ်အိတ်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူပေးခဲ့ကြသည်။ ထို့နောက် ဝေးလံခေါင်ပါးသော ဒေသသို့သွားရောက်၍ ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးခဲ့သည့် လူငယ်အဖွဲ့နှင့် ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသောအဖွဲ့များကို နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တက်ရောက်လာကြသော ဧည့်ပရိသတ်များကို နာဂတိုင်းရင်းသားတိုင်းရင်းသူများက နာဂရိုးရာအကပဒေသာ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေပေးခဲ့ပြီး အဆိုပါပွဲတော်သို့ ဒေသခံပြည်သူ ၃၀၀၀ ကျော် တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

**မင်းထွန်းဇော်**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**တနင်္သာရီ ဇန်နဝါရီ ၁၅**

တနင်္သာရီမြို့နယ်-သိန်ခွန်းကျေးရွာအုပ်စု-မောတောင်ဒေသ အမှတ်(၉) ကျေးရွာတွင် တောင်ကျချောင်းရေ ရုတ်တရက်ကြီးမြင့်ပြီး ဇန်နဝါရီ ၁၀ ရက်ကစ၍ အမှတ်(၉) ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် အမှတ် (၈) ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့သို့ ယာယီပြောင်းရွှေ့နေကြရသည့် ရေဘေးသင့်ပြည်သူများကို ဇန်န ဝါရီ ၁၄ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးခဲ့သည်များမှာ အိမ်ထောင်စု ၁၄၁ စုမှ မိသားစုဝင် ၆၈၀ တို့အတွက် ကြိုတင်ခုနစ်ရက်စာအဖြစ် ငွေကျပ် ၁၄ သိန်းနှစ်သောင်းရှစ်ထောင်ကို လည်းကောင်း၊ ပြိုလဲပျက်စီးခဲ့သည့် လူနေအိမ် ငါးလုံးအတွက် တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် ငွေကျပ်နှစ်သိန်းငါးသောင်းကို လည်းကောင်း ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# ရသစာပေကျဆုံးရင် လူသားတွေ ရိုင်းကုန်မှာဖြစ်ပါတယ်

**တွေ့ဆုံမေးမြန်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇန်နဝါရီ ၁၅**

"ခိုင်ကြည်စေတဲ့စိတ်၊ ပွဲပြင်နိုင်တဲ့ဉာဏ်၊ သိမ်မွေ့စေတဲ့နှလုံးသား ဒါတွေအားလုံးဟာ စာဖတ်ခြင်းမှရနိုင်ပါတယ်"ဟု အဝင်ပေါက်တွင်ရေးသားထားသော ဗီနိုင်းစာသားလေးကို ဖြတ်သွားသည့်သူတိုင်း ကငေးမောဖတ်ရှုနေသည့် မြင်ကွင်း----။ အများသူငါလို အမှတ်တမဲ့ ဖတ်ဖြစ်ခဲ့ပေမယ့် အဓိပ္ပာယ်က နက်နဲလွန်းနေသည်။ ထိုစာသားလေးကို ယနေ့ ရန်ကုန်မြို့ ဦးဖိုးကျားလမ်းရှိ မီးရထားဓမ္မာရုံ အဝင်ပေါက်တွင် ထောင်ထားသည်ကို စာအုပ်ပုံများနှင့်အတူ တွေ့မြင်ခဲ့ရသည်။ အကြောင်းမှာ ရသစာဖတ်ဝိုင်း တစ်နှစ်ပြည့်အခမ်းအနားအဖြစ် ရသစာဖတ်ဝိုင်းကို ကျင်းပရန် အစပြုနေခြင်းဖြစ်ကြောင်း သိရသည်။ အခမ်းအနားမစမီ ယနေ့ခေတ်လူငယ်များနှင့် ရသစာပေစိန်ခေါ်မှုများနှင့်ပတ်သက်၍ ပွဲစီစဉ်သည့် ရသစာပေ ဆရာကြီး ဆရာမကြီးများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။

**စာရေးဆရာမ မိချမ်းဝေ**

ဒီရသစာပေဝိုင်းကို ၂၀၁၃ ဩဂုတ် ၁၈ ရက်ကစပြီး ဘူတာဝင်းအတွင်းက Lucky Flower လက်ဖက်ရည်ဆိုင်မှာ စာဖတ်ဝိုင်းကို စဖြစ်ခဲ့တယ်။ အဲဒီစာဖတ်ဝိုင်းကို ဆရာ ရဲသျှမ်းရယ်၊ ကျွန်မရယ်၊ နှင်းဝေငြိမ်းရယ် စဉ်းစားပြီးတော့ ရသစာပေတွေ လူတွေဖတ်တာနည်းလာတဲ့အခါမှာ လူထုကြားထဲမှာ စာဖတ်ပြမယ်ဆိုပြီး စခဲ့တာ။ လမ်းဆုံလမ်းခွမှာ ဖတ်မလား၊ လက်ဖက်ရည်ဆိုင်မှာ ဖတ်မလားဆိုတော့ နောက်ဆုံးလက်ဖက်ရည်ဆိုင်ရွေးဖြစ်ခဲ့တယ်။ နှစ်ပတ်တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း လုပ်တယ်ဆိုတော့ နောက်တော့လည်း သိသွားကြတာပေါ့။ သိတော့လည်း စာပေသမားတွေ လာနားထောင်ကြတာ များပါတယ်။ စာပေဝါသနာပါတဲ့သူတွေများ လာတော့ နောက်ပိုင်း ဒီဝိုင်းကနေ စာပေယဉ်ပါးကာ စာရေးဆရာဖြစ်သွားတဲ့သူ တွေပါရှိလာတယ်။ အဲဒီစာပေဝိုင်းကို ၂၀၁၅ မှာရပ်ခဲ့ပြီး အခုမှ လုပ်ဖြစ်တာပါ။ ဒီကြားထဲဆရာကြီး မြသန်းတင့်နဲ့ ဆရာမကြီးလူထုဒေါ်အမာရဲ့ (၉၉ နှစ်) ပြည့်မွေးနေ့ပွဲမှာ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သေးတယ်။ ရသစာပေဟာ အခု



ညီရင်(စာရေးဆရာ၊ ထုတ်ဝေသူ)

နောက်ပိုင်းတော့ လူထုထဲကို ပြန်ရောက်လာမယ် လို့ထင်တယ်။ ဘာလို့လဲဆိုတော့ ဟိုတုန်းကဟောပြောပွဲထဲမှာ လက်သီး၊ လက်မောင်းတန်းပြီး အစိုးရမကောင်းကြောင်းပြောကြတာလေ။ အဲဒီလိုနိုင်ငံရေးစကားလုံးတွေနဲ့ ပြောတာတွေ ပြည်သူတွေကနားငြီးသွားပြီ။ ဆရာမတို့က အဲဒီအချိန်ကတည်းက လိုက်မပြောဘူး။ ရသလမ်းကြောင်းပေါ်မှာပဲရပ်တည်ခဲ့တာ။ အခုဆို ရသစာဖတ်ဝိုင်းတွေကို လူထုက ပြန်လည်တောင်းဆိုနေကြပြီ။ နိုင်ငံရေးပေါက်ကွဲသံစဉ်တွေ မကြားချင်တော့ပါဘူး။ ရသစစ်စစ်ပဲ ဟောပေးပါ၊ ဒါကို ပြည်သူကတောင်းဆိုလာပြီ။ ဒါကြောင့် ရသစာပေကို ပြန်ပြီးတော့ စိတ်ဝင်စားလာမယ်၊ ဦးလှည့်လာမယ်လို့ ယုံကြည်တယ်။ ပြောရရင် နိုင်ငံရေးစာပေပွဲနဲ့ ရသစာပေပွဲ ကွဲပြားဖို့လိုတယ်။ ဆရာမတို့က စာရေးဆရာအလုပ်ပဲ လုပ်တယ်။ လူတိုင်း နှလုံးသားထဲမှာ ရသခံစားတတ်တဲ့အသိက ရှိဖို့လိုတယ်။

**စာရေးဆရာ ကျော်ဇင်ကိုကို**

ရသစာပေကြောင့် လူတစ်ယောက်ရဲ့ စိတ်နှလုံးသား နူးညံ့မှုရော၊ အတွေးအခေါ် နက်ရှိုင်းမှုရော၊ ဉာဏ်ပညာမြင့်မားမှုပါ ပွဲပြင်ထိန်းကျောင်းနိုင်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ ယုံကြည်တဲ့အတွက်ကြောင့် ရသစာပေစာဖတ်သူ



စာရေးဆရာ ကျော်ဇင်ကိုကို

တွေဆီရောက်အောင် ပို့မယ်ဆိုတဲ့ အနေအထားနဲ့ ဒီစာဖတ်ဝိုင်းကို လုပ်ဖြစ်တာပါ။ တချို့က စာဖတ်တဲ့သူနည်းသွားတယ်လို့မြင်တယ်။ ကျွန်တော့်အမြင်ပြောရရင် စာဖတ်တဲ့သူနည်းသွားတယ်လို့ မထင်ဘူး။ စာရေးတဲ့သူနည်းသွားတယ်လို့ပဲ မြင်တယ်။ ပုံနှိပ်စာပေကတော့ အားနည်းသွားတာပေါ့။ ဖြန့်ချိရေးဈေးကွက်ကြောင့်လို့လည်း ထင်တယ်။ ဟိုတုန်းကဆိုနယ်တွေအထိ ရောက်တယ်။ အခုကကတော့ စာကြည့်တိုက်တွေ များပြားလာရင် ဒီစနစ်က ပြန်ပြီးဖြစ်လာမှာပါ။ စာဖတ်တဲ့သူ နည်းသွားတယ်ဆိုတာ တစ်နည်းတစ်ဖုံ လက်ခံလို့ရတာက ဖွံ့ဖြိုးမှုစတင်တဲ့ ကျွန်တော်တို့လို နိုင်ငံမျိုးတွေမှာ IT က နေရာယူလာတော့ ဘေးထွက်ဆိုးကျိုးလိုမျိုး ခံရတာပေါ့။ ခုခေတ်လူငယ်တွေ ကျွန်တော်တို့တုန်းကလို စာအုပ်ဖတ်တာကို ထိတွေ့မှုသိပ်မရှိတော့ပေမယ့် အွန်လိုင်းကတော့ လူငယ်တွေ ဖတ်ကြပါတယ်။ အချိန်အားဖြင့် သိပ်မပေးနိုင်သလို၊ စာကြည့်တိုက်ရှားလာတာလည်းပါတယ်။ ခုဆို စာကြည့်တိုက်တွေကို အားပေးလာတာ၊ စာအုပ်ဈေးတန်းတွေ ဖွင့်ပေးလာတာတို့ကြောင့် စာအုပ်ဈေးကွက်ပြန် ဦးမော့လာတယ်။ ဦးမော့လာချိန်မှာ ရေးတဲ့သူတွေဘက်ကလည်း အားထုတ်ဖို့လိုတယ်။ အချိန်ပေး



စာရေးဆရာမ မိချမ်းဝေ

ပြီးရေးနိုင်ရမယ်။ ဖတ်တဲ့သူတွေဆီကိုလည်း တစ်နည်းနည်းနဲ့ အရောက်ပို့နိုင်ရမယ်။ စာအုပ်တွေ နယ်မရောက်ဘူး။ ဒါကြောင့် စာမဖတ်ဘူးလို့ ပြောလို့မရဘူး။ ရသစာပေဝိုင်းကိုလုပ်တာလည်း ဒီရည်ရွယ်ချက်နဲ့ လုပ်တာပါ။ အလိမ္မာစာမှာရှိဆိုသလို ကောင်းတာကို ထုတ်နုတ်ယူဖို့လိုတယ်။ ခုနောက်ပိုင်း သတင်းမီဒီယာတွေမှာဆိုလည်း ရသတွေ အများကြီး ထည့်လာတာကို တွေ့ရတယ်။ အဲဒီလို များများ ပေါ်စေချင်တယ်။

**ညီရင်(စာရေးဆရာ၊ ထုတ်ဝေသူ)**

အခုရသစာဖတ်ဝိုင်းက ဒုတိယအကြိမ် ကျင်းပတာပါ။ အစီအစဉ်(၁) တုန်းက နှစ်ပတ်တစ်ကြိမ်နှုန်းနဲ့ ၅၆ ကြိမ်တိတိ ကျင်းပခဲ့ပြီးပြီ။ အဲဒီတုန်းက ရသစာပေစာရေးဆရာကြီးတွေဖြစ်တဲ့ ဆရာကြီး မြသန်းတင့်၊ ဆရာမကြီး လူထုဒေါ်အမာ၊ သာဓုနှင့် သားများ၊ ဆရာကြီး ဇော်ဂျီ သူတို့နဲ့ အထိမ်းအမှတ်ပွဲကြီးတွေ ကျင်းပနိုင်ခဲ့သလိုပရဟိတလုပ်ငန်းတွေ နဲ့တွဲပြီး မျက်မမြင်ကျောင်းတွေ၊ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာတွေမှာ သွားရောက်ပြီး စာဖတ်ဝိုင်းတွေလုပ်ဖြစ်ခဲ့တယ်။ ၅၆ ကြိမ်ဖတ်ပြီးတဲ့အခါမှာ ရသစာပေဝိုင်းဟာ အကြောင်းအမျိုးမျိုးကြောင့် ဆက်မလုပ်ဖြစ်တော့ဘဲ အခုတစ်နှစ်အကြာမှာ ဒုတိယအကြိမ်မြောက် အစီအစဉ် (၂) အနေနဲ့ စတင်ကျင်းပခဲ့တာ ဖြစ်တယ်။ ရသစာပေနဲ့ပတ်သက်ပြီး စိန်ခေါ်မှုကတော့ ကာလတိုင်းမှာရှိနေမှာ



စာရေးဆရာမ မြသွေးနီ

ပါပဲ။ အရင်တုန်းကနဲ့ အခုခေတ်နဲ့ကွာတာကတော့ အရင်က ရွေးချယ်မှုနည်းခဲ့ပါတယ်။ အခုခေတ်မှာတော့ လူငယ်တွေအနေနဲ့ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ရွေးချယ်စရာတွေက ပိုများလာပါတယ်။ အဲဒီတော့ ရသစာပေဘက်ကို အချိန်ပေးမှုက နည်းလာပါတယ်။ ရသစာပေကို ယနေ့ခေတ်လူငယ်တွေ မဖတ်တော့တာမဟုတ်ပါဘူး။ ရသစာပေကို စွဲစွဲလမ်းလမ်းနဲ့ ဖတ်ရှုနေတဲ့သူတွေလည်းရှိနေပါသေးတယ်။ လူငယ်တွေအနေနဲ့ ရသစာပေကို ဖတ်စေချင်ပါတယ်။ အလားတူပဲ လူကြီးတွေလည်း ဖတ်စေချင်ပါတယ်။ ရသစာပေကို စွဲစွဲမြဲမြဲဖတ်တဲ့လူကြီးတွေကနေတစ်ဆင့်မှ လူငယ်တွေကို ကူးစက်မှုတွေရှိလာမှာပါ။ ရည်ရွယ်ချက်ကတော့ ရသစာပေက စာဖတ်တာတွေ အားနည်းလာတော့ ပြန်လည်ဖတ်စေချင်တဲ့ စေတနာပါ။ လူကြီး၊ လူငယ်၊ လူလတ်အားလုံးပါ။ ရသစာပေဖတ်ခြင်းကြောင့် လူတွေရဲ့ နှလုံးသားယဉ်ကျေးလာမယ်။ အနှစ်သာရကတော့ ရသစာပေကျဆုံးရင် လူသားတွေ ရိုင်းကုန်မှာဖြစ်ပါတယ်။

**စာရေးဆရာမ မြသွေးနီ**

လူငယ်တွေကို ရသစာပေမှမဟုတ်ဘူး။ မည်သည့်စာပေမဆို လွတ်လွတ်လပ်ဖတ်ခွင့်ပေးသင့်ပါတယ်။ ရသစာပေကို ဖတ်ရှုခြင်းအားဖြင့် ကျွန်မတို့ စိတ်ခံစားမှုပိုင်းမှာရော၊ ဆုံးဖြတ်ချက်ချတဲ့ နေရာမှာရော၊ နောက်တစ်ဦးနဲ့ တစ်ဦးကိုယ်ချင်းစာတရားတွေ ရှိလာမယ်။ ရသစာပေဆိုတာ စိတ်နှလုံးသားကို ပွဲပြင်ပေးနိုင်တဲ့ စာပေအမျိုးအစားဖြစ်ပါတယ်။ အမှန်နဲ့အမှား၊ တရားတာနဲ့ မတရားတာခွဲခြား ပွဲပြင်နိုင်တာ ရသစာပေကပဲ ရနိုင်ပါတယ်။ ဒါကြောင့်မို့ လူကြီး၊ လူငယ်မရွေး ရသစာပေကိုဖတ်စေချင်ပါတယ်။ ခုလည်း ပြည်သူတွေအတွက် စနေ၊ တနင်္ဂနွေမှာ စာအုပ်ဈေးတန်းဆိုပြီးဖွင့်လှစ်ပေးထားပြီ။ ဒီထက်ကောင်းတာတွေလည်းတစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားမယ်လို့ ထင်ပါတယ်။ အလားတူ နိုင်ငံတော်အစိုးရကလည်းရသစာပေနဲ့ပတ်သက်ပြီး မြှင့်တင်ပေးနေသလိုပုဂ္ဂလိကစာရေးဆရာတွေအနေနဲ့ကလည်း မိမိရဲ့ပတ်ဝန်းကျင်အနီးတစ်ဝိုက်၊ အနည်းဆုံးမိမိအိမ်၊ မိသားစုနဲ့သူငယ်ချင်းအသိုင်းအဝိုင်းကြားမှာ ရသစာပေဖတ်ချင်လာဖို့အတွက် ကိုယ်ထူကိုယ်ထစနစ်နဲ့ သွားစေချင်ပါတယ်။ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် ရသစာပေဟာ တစ်ချိန်မှာမူလနေရာကို ပြန်ရောက်လာမယ်လို့ ယုံကြည်ပါတယ်။ အခုခေတ် အင်တာနက်သုံးတာကို တစ်နေ့ကို တစ်နာရီပဲလျှော့ချပြီး အားပါတဲ့ စာပေလေးတွေ ဖတ်စေချင်တယ်။ အနည်းဆုံးတော့ ခေတ်နဲ့လည်း မပြတ်အောင် သတင်းစာဖတ်စေချင်တယ်။ နိုင်ငံရေးစိတ်ဝင်စားတဲ့သူကလည်း နိုင်ငံရေးဂျာနယ်၊ အားကစားစိတ်ဝင်စားတဲ့သူကလည်းအားကစားဂျာနယ်ဖတ်လို့ရတယ်။ အလားတူပဲ ရသစာပေစိတ်ဝင်စားတဲ့သူကလည်း ရသစာပေဖတ်လို့ရတယ်။ ပြည်သူတွေအနေနဲ့ စာဖတ်စွမ်းရည်မြင့်မားနေဖို့ လိုပါတယ်။ အဲဒါမှလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမှာပါ။ ဒါကြောင့် တစ်ယောက်ချင်းစီအတွက် စာဖတ်စွမ်းရည်မြင့်ဖို့ တိုက်တွန်းလိုပါတယ်။

# ကုန်မျိုးစုံတင် ၁၈ ဘီးယာဉ် ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်



**ညောင်လေးပင် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာထိပ်၌ ဇန်နဝါရီ ၁၅ ရက်က ကုန်မျိုးစုံတင်ဆောင်လာသော ၁၈ ဘီးယာဉ်သည် ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ် (၁၀၆/၂) နှင့် (၁၀၆/၃) ကြားတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အောင်ကျော်ထိုက်မောင်းနှင်ပြီး ဇော်ထူး လိုက်ပါလာသော ကုန်မျိုးစုံတင်ဆောင်လာသည့် ယာဉ်သည် ရှေ့ဝဲဘက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ဘေးသို့ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်ပေါ်ပါနှစ်ဦးစလုံး ထိခိုက်မှုမရှိကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်ကျော်ထိုက်အား ပိန်းဇလုပ်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တစ်ဦးနှင့်တစ်ဦး စနောက်ကြရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် တပ်ကုန်းကျေးရွာနေ ဒေါ်သန်းဌေး (၆၄နှစ်)သည် ယမန်နေ့ ည ၁၁ နာရီ မိနစ် ၅၀ က အိမ်ရှေ့၌ အော်သံများကြားသဖြင့် လမ်းပေါ်သို့ ထွက်ကြည့်ရာ ခင်ပွန်းဖြစ်သူ ဦးမြမောင်(ခ)ခေါင်းပြား(၆၇နှစ်) နှင့် တစ်ရွာတည်းနေ ဇော်ဦး(၃၉နှစ်)တို့ တစ်ဦးနှင့်တစ်ဦး စနောက်ရာက လုံးထွေးသတ်ပုတ်နေသည်ကိုတွေ့ရှိရပြီး ဇော်ဦးက ဦးမြမောင်(ခ)ခေါင်းပြားအား အရိုးအသွား ၁၄ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုးရာ ဒဏ်ရာများရရှိသေဆုံးသွား၍ ဒေါ်သန်းဌေးက အရေးယူပေးရန်တိုင်တန်းရာ ဇော်ဦးအား အင်ပင်နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင်သယ်ဆောင်လာသည့် ကျွန်းတံခါးရွက်များဖမ်းမိ

**မော်လမြိုင် ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် သထုံခရိုင် ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနမှ ရဲတပ်ကြပ်ဆန်းဦးနှင့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီခွဲက သထုံမြို့နယ် ကြာပန်းကျေးရွာ ဝီယော်-ကြာပန်း ခရိုင်ချင်းဆက်လမ်းမပေါ်၌ ဝီယော်ကျေးရွာဘက်မှ ကြာပန်းကျေးရွာဘက်သို့ ဦးသန်းဝင်း မောင်းနှင်လာသည့် RKG/---- ယာဉ်ကို ရပ်တန့်စစ်ဆေးရာ တရားမဝင်တင်ဆောင်လာသည့် ကျွန်းတံခါးဆိုက်စုံ ၉၅ ချပ်၊ အလေးချိန် ၁ ဒသမ ၁၀၀၄ တန်ကို သိမ်းဆည်းရမိသည်။

အဆိုပါကျွန်းတံခါးများကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သာဂရကျေးရွာနေ ပိုင်ရှင်ဖြစ်သူ ဒေါ်ဘုတ်ဆုံထံမှ တင်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ယာဉ်မောင်း ဦးသန်းဝင်းနှင့် ဒေါ်ဘုတ်ဆုံတို့နှစ်ဦးကို သထုံမြို့နယ် သုဓမ္မဝတီနယ်မြေရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**


# ၂၂ ဘီး ကုန်သေတ္တာတင်နောက်တွဲယာဉ်က ၁၀ ဘီးကုန်တင်ယာဉ်ကို ဝင်တိုက်၊ လူနှစ်ဦးသေဆုံး

**ရန်ကုန် ဇန်နဝါရီ ၁၅**

ဇန်နဝါရီ ၁၄ ရက် ည ၁၂ နာရီခန့်က ကမ်းနားလမ်းသစ် (ကွန်ကရစ်လမ်း)အတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာသော ၂၂ ဘီးနောက်တွဲပါ ဟွန်ဒိုင်းအမျိုးအစား ကုန်သေတ္တာတင်ယာဉ်သည် ကမ်းနားလမ်း ညဈေးတန်း လမ်း ၂၀ ထိပ်အရောက် လမ်းသစ်ဘေး၌ ရပ်ထားသော ၁၀ ဘီးကုန်တင်ယာဉ်ကို နောက်မှ ပွတ်တိုက်မိသည်။

အဆိုပါ ၁၀ ဘီးယာဉ်မှာ နောက်မှ စတင်၍ ခေါင်းပိုင်းထိတိုက်မိရာ ကမ်းနားလမ်းသစ် အကာတန်းကြီးနှစ်တန်းသို့ ယာဉ်ခေါင်းပိုင်းရောက်ရှိ၍ ညပ်သလိုဖြစ်ပြီး ယင်းယာဉ်ပေါ် လိုက်ပါလာသူများအနက် ယာဉ်အကူနှင့် ခရီးကြုံပါသူ နှစ်ဦးသေဆုံးပြီး ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရမှုမရှိဘဲ ၂၂ ဘီး ကုန်သေတ္တာတင် ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

**ခင်ဆိုင်**



# မူးယစ်ဆေးဝါး ၇၉ သိန်းကျော်ဖိုး ဖမ်းဆီးရမိ

**ဖောင်းပြင် ဇန်နဝါရီ ၁၅**

ဇန်နဝါရီ ၁၃ ရက် ညနေ ၃ နာရီခွဲက မိုင်းချောင်းရဲကင်းစခန်းမှူး ရဲအုပ် စိုးလွင်အောင်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သငါကျေးရွာနေ တင်ထွန်း(ခ)ဖိုးတုတ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းသည် နေအိမ်ပေါ်မှ ခုန်ချထွက်ပြေးသွားပြီး ယင်းနေအိမ်၌ ၎င်း၏မိခင် ဒေါ်သိန်းညွန့်အား တွေ့ရှိရကာ နေအိမ်ကို ဆက်လက်ရှာဖွေရာ အိပ်ခန်းခေါင်းရင်း၌ ဘိန်းဖြူစုစုပေါင်းအလေးချိန် ၇၉ ဒသမ ၃ ဂရမ် တန်ဖိုးငွေကျပ် ၇၉၃၀၀၀၀ ကိုတွေ့ရှိ၍ မူးယစ်ဆေးဝါးများအား လက်ဝယ်တွေ့ရှိသူ ဖောင်းပြင်မြို့နယ် သငါကျေးရွာအုပ်စု သငါကျေးရွာနေ ဒေါ်သိန်းညွန့်နှင့် ထွက်ပြေးတိမ်းရှောင်သွားသူ တင်ထွန်း(ခ)ဖိုးတုတ်တို့အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အမြန်လမ်း၌ ယာဉ်တစ်စီး လမ်းလယ်ကျွန်းတိုက်ပြီး တိမ်းမှောက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၃၁၀/၂) နှင့် (၃၁၀/၃) ကြား နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း စိုင်းကျော်သူ မောင်းနှင်လာသည့် မော်တော်ယာဉ်မှာ ယမန်နေ့ ညနေ ၅ နာရီကျော်က ဝဲဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးကို တိုက်မိကာ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်း စိုင်းကျော်သူမှာ ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ကိုဝေဖြိုးလင်းမှာလည်း နာကျင်ဒဏ်ရာ (ပြင်ပလူနာ) ရရှိသွားသည်။ ဒဏ်ရာရရှိသူနှစ်ဦးအား သီးကုန်းအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်းအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ပြည်လမ်း၊ ယိုးဒယားလမ်း၊ အမှတ်-၁၆၉/ဒီတွင် ရုံးခန်းဖွင့်လှစ်ထားသော HEJIA INTERNATIONAL COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေငြာအပ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-၄/၁၅၆၄၁ မှတ်ပုံတင်စာချုပ်အမှတ်- ၄/၁၅၆၄၂ မှတ်ပုံတင်အမှတ် - ၄/၁၅၆၄၃

HEJIA INTERNATIONAL COMPANY LIMITED သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

HEJIA INTERNATIONAL COMPANY LIMITED သည် "TREASURE OF MEKONG" ကုန်တံဆိပ်အမည် အမှတ်အသားကို အသုံးပြု၍ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာ၊ ဂျာနယ်များကို မြန်မာတစ်နိုင်ငံလုံးတွင် ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီသည် "newstyle MODEL AGENCY" ကုန်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ မော်ဒယ်(လ်) သင်တန်းများဖွင့်ခြင်း၊ အခမ်းအနားများတွင် တင်ဆက်ဖျော်ဖြေရန် မော်ဒယ်(လ်)များ ငှားရမ်းရမ်းခြင်း၊ ကုန်ပစ္စည်းကြော်ငြာများအတွက် မော်ဒယ်(လ)များ ငှားရမ်းမှုကို ဆောင်ရွက်ပေးခြင်း၊ မော်ဒယ်(လ်)ရှိုးပွဲများ ကျင်းပခြင်း အစရှိ သည့် မော်ဒယ်(လ်)အေဂျင်စီဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီသည် "MEKONG UNITY MYANMAR MEDIA GROUP" ကုန်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ရုပ်မြင်သံကြားအစီအစဉ်များ ရိုက်ကူးခြင်း၊ ဇာတ်လမ်းတို၊ ဇာတ်လမ်းတွဲများရိုက်ကူး၍ မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးပွဲအမျိုးမျိုးတို့တွင် မှတ်တမ်းများ လိုက်လံရိုက်ကူးပေးခြင်း အစရှိသည့် မီဒီယာနှင့် ပတ်သက်သည့် လုပ်ငန်းအမျိုးမျိုးတို့ကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိတို့၏ HEJIA INTERNATIONAL COMPANY LIMITEDသည် အထက်ပါကုန်အမှတ်တံဆိပ်များကို အသုံးပြု၍ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်၍ သင်းဖွဲ့မှတ်တမ်းပါ လုပ်ငန်းရည်ရွယ်ချက်များကို လုပ်ကိုင်ရာ၌လည်း အထက်ဖော်ပြပါ "MEKONG UNITY MYANMAR MEDIA GROUP" "newstyle MODEL AGENCY" "TREASURE OF MEKONG" အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းများ၏ အသုံးပြုသော ထုတ်ပိုးပစ္စည်းများ၊ စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ အင်တာနက်၊ ဝက်ဘ်ဆိုဒ် အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါ "MEKONG UNITY MYANMAR MEDIA GROUP" "newstyle MODEL AGENCY" "TREASURE OF MEKONG" အမှတ်တံဆိပ်အမည်များကို အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ကပ်နိုင်၊ ဖိနိုင်၊ ရိုက်နိုင်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ဖြစ်စေရန်သော်လည်းကောင်း တုပသုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်သူ မည်သူမဆိုတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးချွန်ရာ
B.Sc(Phy;), H.G.P, M.A (Business Law), D.B.L, D.M.L, D.I.L, D.B.S, D.A.Psy, D.A.E,
Post Graduate Diploma in Law
တရားလွှတ်တော်ရှေ့နေ နှင့် ဥပဒေအကြံပေး (စဉ်-၁၀၆၂၉)
အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၆၁၃၇၈၊ ၀၉ ၉၆ ၅၁၆၁၃၇၈

## အထူးလှိုက်လှဲ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၇ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် ဦးမောင်မောင်နိုင်(ခ)ဦးစန်းသီ အမှတ် လ/အ (၂၆၅) လယ်ဦးရပ်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီးအား သုဓမ္မမဏိဇောတရေ ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဝင်းမြင့်မိသားစု
ပုဗ္ဗသီရိ/နေပြည်တော်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၅၉၄၇ Honda Dream -100MS M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုဝင်း ၉/မဟမ(နိုင်)၀၀၇၃၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ဟေမဝန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၈၄၁၊ ဧရိယာ ၀ဒသမ၀၅၅၈ဧကအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ဒေါ်ဟန်ဌေး(ခ)ဒေါ်ဟံဌေး ၁၂/သကတ(နိုင်)၀၉၇၄၃၃က အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ၎င်းထံမှကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးမင်းဆွေ(LL.B, D.B.L) (စဉ်-၂၈၆၄၁)
ဒေါ်ခင်မာနွယ်(LL.B, D.B.L) (စဉ်-၃၁၀၇၀)
ဦးအောင်မျိုးသူ(LL.B) (စဉ်-၄၆၅၄၅)
အထက်တန်းရှေ့နေများ
အမှတ် ၃၆၊ မိုးမခလမ်း၊ မှန်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၆၇၂၉၆

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1G/4211၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်(၁၇၈/က)၊ မြေကွက်တည်နေရာအမှတ် (၁၇၈/က)၊ ကျောက်စိမ်းလမ်း/သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်း ဦးမျိုးမြင့် ၁၂/သဃက(နိုင်)၀၂၇၅၀၇ နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့် ၁၂/သဃက(နိုင်)၀၂၇၅၀၇ (W/RGN 016242) ကိုယ်တိုင်မှ (၁၉၈၆)ခုနှစ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော ပါမစ်မူရင်း အပြည့်အစုံတင်ပြ၍ ဂရန်သစ်လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ မြေပြင်တွင် နှစ်ထပ်အုတ်ညှပ်ဖြင့် ဦးမျိုးမြင့်ကိုယ်တိုင်နေထိုင်ပြီး မြေစာရင်းနှင့် ဦးမျိုးမြင့် ၁၂/သဃက(နိုင်)၀၂၇၅၀၇ အမည်ပေါက်ဖြင့် (၁၉၉၄)ခုနှစ် စီမံချက်ကာလက နှစ်(၆၀) ဂရန်ထုတ်ပေးထားကြောင်း မှတ်သားထားသဖြင့် ဦးမျိုးမြင့်မှ စီမံချက်ကာလ ဂရန်ထုတ်ယူခဲ့ခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ ပြုလုပ်တင်ပြနေခဲ့၍ မြေစာရင်းတွင် မှတ်သားထားသည့် နှစ်၆၀ဂရန်ကို ဖျက်သိမ်းမည်ဖြစ်သဖြင့် ဂရန်လက်ထဲရှိသူမှ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ခင်ဦးမြို့၊ သင်ပေါင်းကျေးရွာနေ မောင်ကျော်လွင်မိုး(B.A Eng;)၏ ဖခင် ဦးစန်းလွင် ၅/ခဥန(နိုင်)၀၀၃၅၁၅ နှင့် ဦးဆန်းလွင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးစန်းလွင်(ခ)ဦးဆန်းလွင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒီပဲယင်းမြို့နယ်၊ လက်လှုပ်ကျေးရွာအုပ်စု၊ သစ်ဆိမ့်ကျေးရွာနေ မဇာဝေဖြိုး၏ ဖခင် ဦးကျော်လွင်(ခ)ဦးမောင်အေး ၅/ဒပယ(နိုင်)၁၁၃၃၃၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်လွင်(ခ)ဦးမောင်အေး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၄၃၈၆၃ YAMAHA F2-150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူ ၅/မရန(နိုင်)၂၈၇၀၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်9H/8925၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

# ရှုံး/ထွက် ချန်ပီယံ မကွေးကို ရန်ကုန်အသင်း ဂိုးပြတ်သွင်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် ရောဝတီအသင်းတို့ နိုင်ပွဲရပြီး လက်ရှိ ချန်ပီယံရတနာပုံအသင်းမှာ မထင်မှတ်ဘဲ သရေကျခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက မကွေးအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှုံး/ထွက်နှင့် ၂၀၁၇ ရာသီကြို ချာရတီဖလားချန်ပီယံ မကွေးအသင်းမှာ ရာသီအစအဖွင့်ပွဲတွင် မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ ရန်ကုန်အသင်းသည် နှစ်ရာသီဆက် မကွေးအသင်းအား အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့ရမှုကို ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ပြီး ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့်အတိုင်း အဖွင့်ပွဲမှာပင် ဂိုးပြတ်အနိုင်ရခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

အိမ်ရှင် ရန်ကုန်အသင်းတွင် အသင်းခေါင်းဆောင် ခင်မောင်လွင်၊ ကြည်လင်းနှင့် ကျော်ကိုကို(ပွဲပယ်) စသည့် အမာခံကစားသမားများ ပါဝင်နိုင်ခြင်းမရှိသော်လည်း လူငယ်ကစားသမားအချို့ကို ရန်အောင်ကျော်၊ ဇော်မင်းထွန်း၊ ကျော်ဇင်ထက်၊ စိုးမင်းနိုင်တို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ မကွေးအသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း အဓိက နိုင်ငံခြားသားတိုက်စစ်မှူး ဆယ်လာ မပါဝင်နိုင်သောကြောင့် ရုန်းကန်ခဲ့ရသည်။ ရန်ကုန်အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ခုနစ်မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲကို ထိန်းချုပ်သွားနိုင်ခဲ့သည်။ လေးမိနစ်တွင် ထောင့်ကန်ဘောမှ ဇော်မင်းထွန်း၊ ခုနစ်မိနစ်တွင် တိုက်စစ်မှူး အီမီကာတို့က ရန်ကုန်အတွက် နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ နောက်ပိုင်းတွင် မကွေးအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်နောက်တန်း ထိန်းချုပ်နိုင်ခဲ့ပြီး တတိယဂိုးကို ၄၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် အီမာဆင်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး မကွေး ခံစစ်ပိုင်းအမှားကိုစောင့်ကာ ထိုးဖောက်ခဲ့သည်။ လူစားဝင် ကစားသမား ကောင်းဆက်နိုင်က ၆၈ မိနစ်တွင် စတုတ္ထဂိုးသွင်းယူခဲ့ပြီး ၈၃ မိနစ်တွင် အီမီကာက နောက်ဆုံးအနိုင်ဂိုးသွင်းယူခဲ့သည်။ အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည့် ရန်ကုန်အသင်းမှာ တစ်ကျော့ပြန် ချန်ပီယံဆုရရှိရန် ပြန်လည်မျှော်လင့်လာနိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီ သရေကျခဲ့သည်။ အပြောင်းအရွှေ့ကာလတွင် နိုင်ငံခြားသားတစ်ဦးသာ ခေါ်ယူနိုင်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့် အဓိက ယှဉ်ပြိုင်မည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် အဖွင့်ပွဲမှာပင် ရုန်းကန်ခဲ့ရပြီး သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။ ချင်းအသင်းအတွက် ခြောက်မိနစ်တွင် ဆောင်လမန် ၂၉ မိနစ်တွင် ဘီဘီတို့က နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူခဲ့သော်လည်း အောင်သူက ရတနာပုံအတွက် ၁၈၊ ၇၀ မိနစ်တွင် ချေပဂိုးများ ပြန်သွင်းခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် တိုက်စစ်မှူး မာတူနာ၏ နောက်ကျအနိုင်ဂိုးဖြင့် ရောဝတီအသင်းက GFA ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**




မြန်ကြားရေးဝန်ကြီးဌာန နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)

မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး။

၂၀၁၇ ဇန်နဝါရီလ (၂၇၊၂၈၊၂၉) ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက် (၉) နာရီမှ ညနေ (၅)နာရီထိ၊ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

Platinum Sponsor: Dugro, Aptamil

Gold Sponsors: Nutroplex, MRPSA

Organized by: VII mix HeptaMix CREATIVE MARKETING SERVICES


# လေဖိအားကြီးရပ်ဝန်း အားကောင်းလာမှုကြောင့် မန္တလေးမြို့၌ အအေးပို

**မန္တလေး ဇန်နဝါရီ ၁၅**

မြန်မာပြည် မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားကြီး ရပ်ဝန်းအားကောင်းကာ လေအေးများ တိုက်ခတ်လာမှုကြောင့် မန္တလေးမြို့တွင် ယခုရက်ပိုင်းအတွင်း အအေးပိုလာကြောင်း မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောကြားသည်။

"အရှေ့မြောက်နဲ့ အနောက်မြောက်ဘက်က လေအေးတွေ ပြိုင်တူဝင်ရောက်လာတဲ့အတွက် အအေးပိုနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလက မန္တလေးရဲ့ အနိမ့်ဆုံးအပူချိန်က ၁၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပေမယ့် ယခုနှစ် ဇန်နဝါရီ ၁၅ ရက် တိုင်းထွာချက်တွေအရ ၁၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ ရှိနေတဲ့အတွက် ကာလတူနှိုင်းယှဉ်ရင် အခုဇန်နဝါရီလက ပိုပြီးအေးပါတယ်။ နောက်တစ်ပတ်ထိဆက်ပြီး အအေးပိုနိုင်ပါသေးတယ်" ဟု ၎င်းကသုံးသပ်ပြောကြားသည်။

"ဒီနှစ်ဆောင်းတွင်းက ဒီဇင်ဘာလအထိ မအေးသေးဘူး။ ဒီရက်ပိုင်းမှစပြီး အေးလာတာပါ။ ဒီလိုအေးနေမှ မန္တလေးဆောင်းဆိုတာ ပီပြင်တာပေါ့။ ကျန်းမာရေးအနေနဲ့ အားကစားလုပ်သူတွေအတွက်ကောင်းပေမယ့် မနက်စောစော ဆိုင်ကယ်စီးပြီး သွားလာရသူတွေအဖို့တော့ အအေးဒဏ်ခံရတာပေါ့" ဟု မန္တလေးမြို့ခံ ဦးကျော်စွာက ပြောသည်။

လက်ရှိဖြစ်ပေါ်နေသော မန္တလေးမြို့၏ အနိမ့်ဆုံးအပူချိန်များမှာ ဇန်နဝါရီ ၁၂ ရက်တွင် ၁၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ်၊ ၁၃ ရက်တွင် ၁၁ ဒီဂရီစင်တီဂရိတ်၊ ၁၄ ရက်တွင် ၁၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် ၁၅ ရက်တွင် ၁၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိရှိနေပြီး ဆက်လက်အအေးပိုမိုလာပါက ၉ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၁၉ ၌ ဖော်ပြခဲ့သော ရိုးရာလက်ဝှေ့ဆောင်းပါးတွင် ပါရှိသော ပုံစာအမှန်မှာ သွေးသစ်ဝင်းလှိုင် (မြန်မာ)နှင့် ဖရာလောဝ်ချိုင်(ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ဆောင်းပါးရှင်


# ဂုဏ်ယူဝမ်းမြောက်ခြင်း

Min Dhama Steel Structures Co., Ltd.

"မင်းဓမ္မ Steel Structures Co.,Ltd."

ဖွင့်လှစ်ခြင်းအတွက် ထပ်တူဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်သည့် ထိပ်တန်း အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

TRIANGLE LINKS GROUP OF COMPANIES

ZTM COMPANY LIMITED

K.P.T LINKS (Myanmar) CO.,LTD.

**တစ်ဦးတည်းဖြစ်ကြောင်း**

ရွှေဘိုတက္ကသိုလ်၊ သတ္တဗေဒ မဟာသိပ္ပံတန်းမှ မနူဝါခိုင်၏ဖခင် ဦးမောင်အေးနှင့် ဦးတင်မောင်အေး ၅/ကဘလ(နိုင်)၀၆၁၆၃၆သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်မောင်အေး(ခ)ဦးမောင်အေး ၅/ကဘလ(နိုင်)၀၆၁၆၃၆**

**တစ်ဦးတည်းဖြစ်ကြောင်း**

ရွှေဘိုတက္ကသိုလ် သတ္တဗေဒ မဟာသိပ္ပံတန်းမှ မဖြိုးနွယ်ဦး၏ဖခင် ဦးအောင်ဆန်းဦးနှင့် ဦးဆန်းဦး ၅/ရဘန(နိုင်)၁၈၆၇၁၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆန်းဦး(ခ)ဦးအောင်ဆန်းဦး ၅/ရဘန(နိုင်)၁၈၆၇၁၄**

**တစ်ဦးတည်းဖြစ်ကြောင်း**

ရွှေဘိုတက္ကသိုလ် ဓာတုဗေဒ စတုတ္ထနှစ်မှ မောင်နေမျိုးအောင်၏ဖခင် ဦးဘိုမြင့်နှင့် ဦးဝင်းမြင့်သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်(ခ)ဦးဘိုမြင့် ၅/ရဘန(နိုင်)၀၄၇၆၆၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၃ယ/၃၂၃၅၉ Yamaha FZ 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူလှိုင် ၅/စကန(နိုင်)၁၈၄၆၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ယ/၈၆၉၄၂ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်လေးကြည် ၁၃/လရန(နိုင်)၁၂၆၈၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## မှုခင်းသတင်းတိုများ

### မြိုင်မြို့နယ်ကျေးရွာများ၌ လျှပ်စစ်မီးကြိုးများဖြတ်တောက်ခိုးယူခံရ

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများကို ဖြတ်တောက်ခိုးယူခြင်းခံနေရသဖြင့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်နိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။ ၂၀၁၆ ဒီဇင်ဘာ ၂၉ ရက်က သနပ္ပင်ကုန်းကျေးရွာအုပ်စု ယင်းမာကျင်းကျေးရွာအနီး မြိုင်-ကျောက်တိုင်လမ်းရှိ ဓာတ်ကြိုးများကိုလည်းကောင်း၊ ဇန်နဝါရီ ၈ ရက်က ငွေးပင်လယ် ကျေးရွာအုပ်စု ဝက်ခေါင်းကျေးရွာအနီး၌ လည်းကောင်း လျှပ်စစ်မီးကြိုးများကို ဖြတ် ခိုးခံရခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာမီးလင်းရေးကော်မတီများက မြိုင်မြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားသဖြင့် ပြစ်မှုကျူးလွန်သူအား အရေးယူနိုင်ရန် မြိုင်မြို့မရဲစခန်းက စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**(၁၃၅)**

### စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကျော်နှင့် ဆေးခြောက်များ ဖမ်းဆီးရမိ

ကျောက်ကြီးမြို့နယ်အတွင်း မူးယစ်ဆေးဝါးမှုတစ်ခုမှ ကွင်းဆက်တရားခံတစ်ဦး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကျော်နှင့် ဆေးခြောက် တစ်ကီလိုကျော်ကို ဇန်နဝါရီ ၁၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကျုံဒိုးနယ်မြေရဲစခန်းရှိ မူးယစ်ဆေးဝါးမှုတစ်ခုမှ ကွင်းဆက်တရားခံတစ်ဦးဖြစ်သော ကျောက်ကြီးမြို့နယ် ဆင်ဆိပ်ကျေးရွာနေ ဇော်ဝင်းထွန်း၏နေအိမ်သို့ ကျုံဒိုးနယ်မြေရဲစခန်းနှင့် မုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ ဇော်ဝင်းထွန်းအား မတွေ့ရှိဘဲ ဇနီးဖြစ်သူ မစန်းရီအား တွေ့ရပြီး နေအိမ်အတွင်းမှ လေသေနတ် တစ်လက်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၅၆၀ နှင့် ဆေးခြောက် ၁ ဒသမ ၀၆ ကီလိုကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

### ဘရိတ်ပေါက်သည့်ကားက ဆိုင်ကယ်ကိုဝင်တိုက်

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်းပေါ်၌ ဇန်နဝါရီ ၁၁ ရက်က ယာဉ်တစ်စီးဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ကိုဝင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်နှင့် အဖွဲ့က သွားရောက်စစ်ဆေးချက်အရ ဘားအံ-မြဝတီကားလမ်းအတိုင်း ယာဉ်မောင်း အောင်အောင် မောင်းနှင်လာသော MightyX အမျိုးအစားယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး လမ်းမှန်အတိုင်း မြဝတီဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း ကျော်သူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ကျော်သူတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဘားအံဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း အောင်အောင်အား အိန္ဒုနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

### မြေသယ်ကား ဓာတ်ကြိုးနှင့်ထိမိ၍ ယာဉ်မောင်းဓာတ်လိုက်သေဆုံး

မြေသယ်ယာဉ်ပေါ်ပါ မြေကြီးများကို ကားပေါ်မှလှန်ချစဉ် ကားဘော်ဒီနှင့် ဓာတ်ကြိုးထိမိ၍ ကားမီးလောင်ပြီး ယာဉ်မောင်းသေဆုံးမှု ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံအနီး၌ ဇန်နဝါရီ ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း လှည်းကူးမြို့မ ရဲစခန်းမှ သိရသည်။

ကားမီးလောင်နေကြောင်း သတင်းအရ လှည်းကူးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရန်ကုန်-ပဲခူးကားလမ်းဘေး မိုင်တိုင်အမှတ်(၃)အနီးရှိ မြေကွက်အတွင်း၌ ရွှေပြည်သာမြို့နယ်နေ ဇော်ဝင်းထွဋ်(၂၅ နှစ်) မောင်းနှင်သည့် ခြောက်ဘီး မြေသယ်ယာဉ်သည် ကားပေါ်မှမြေကြီးများ ဘော်ဒီလှန်၍ သွန်ချစဉ် ယာဉ်ဘော်ဒီနှင့် ဓာတ်ကြိုးထိမိ၍ မီးလောင်ကျွမ်းခဲ့ပြီး ယာဉ်မောင်း ဇော်ဝင်းထွဋ်မှာလည်း ဓာတ်လိုက်၍ သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လှည်းကူးမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

### စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကသာခရိုင် ထီးချိုင့်မြို့နယ် ဝဲကြီးကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ အဆိုပါကျေးရွာနေ သန်းလှိုင်၏နေအိမ်သို့ ထီးချိုင့်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရဲလင်းအောင်နှင့်အဖွဲ့က ဝင်ရောက်ရှာဖွေရာ သန်းလှိုင်၏ နေအိမ်နောက်ခန်းအတွင်းမှ ပလတ်စတစ်ဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ပြားကို တွေ့ရှိသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရှိသူ သန်းလှိုင် (၅၀ နှစ်)အား ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### လျှပ်စစ်စီးဝင်၍ ဓာတ်လိုက်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ်(၁) ရေနံချက်စက်ရုံဝင်းအတွင်း ဇန်နဝါရီ ၁၀ ရက်က လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။ သတင်းအရ သန်လျင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့ရာ သေဆုံးသူမှာ သန်လျင်မြို့နယ် မြန်မာ့ရေနံရပ်ကွက်နေ အောင်ကြည် မြင့်(၄၄ နှစ်)ဖြစ်ပြီး ရေနံချက်စက်ရုံဝင်းအတွင်းရှိ ဆီအတင်အချတံတားပေါ်တွင် ရေစုပ်ပန့်ကို ရေချနေစဉ် ရေဘားမှတစ်ဆင့် လျှပ်စစ်စီးဝင်၍ ဓာတ်လိုက်လဲကျ သွားသဖြင့် သန်လျင်ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သန်လျင်မြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာစီမံချက် လုပ်ငန်းဆန်းစစ်ခြင်းအခမ်းအနားကျင်းပ

**ကလေး ဇန်နဝါရီ ၁၅**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စီမံချက် လုပ်ငန်းကြီးကြပ်ဆန်းစစ်ခြင်း အခမ်းအနားကို ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မြလွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း IPPF ဌာနမှ လက်ထောက်စီမံကိန်းအရာရှိ ဒေါ်ဖြိုးသန္တာအေးက စီမံချက်လုပ်ငန်းဆန်းစစ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ HIV/AIDS လုပ်ငန်းနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်မှုတွေ့ရှိချက်များကို ဒုတိယခရိုင်ဦးစီးမှူး(ရောဂါနှိမ်နင်းရေး)ဒေါက်တာစိုးမိုးထွေးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလေးမြို့နယ် အခြေခံအချက်အလက်များ၊ စီမံချက်ဆောင်ရွက်မည့် စာရင်းဇယားများနှင့် အညွှန်းကိန်းများကို နှိုင်းယှဉ်ခြင်းတို့ကို အသင်းအမှုဆောင် ဒေါ်နန်းနန်းထွေးက ရှင်းလင်းတင်ပြပြီး မြို့နယ်အတွင်း စီမံချက်ဆောင်ရွက်ရာတွင် အားသာချက်နှင့် အားနည်းချက်များကို ခရိုင်အသင်းအမှုဆောင် ဒေါ်မေရီမြင့်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံချက်ကွင်းဆင်းဆောင်ရွက်ခြင်းမှ ဝန်ဆောင်မှုရရှိသူများက စီမံချက်လုပ်ငန်းများအောင်မြင်မှုကို လက်ခံကြောင်းနှင့် အကျိုးရှိကြောင်း ဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ ရန်ပုံငွေကျပ်တစ်သိန်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

## ရမည်းသင်းမြို့၌ ကွန်ကရစ်ဓာတ်တိုင်သစ်များ လဲလှယ်စိုက်ထူ

**ရမည်းသင်း ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့ပေါ်ရပ်ကွက်များ အတွင်းရှိ သံနှင့် သစ်သား ဓာတ်တိုင်များနေရာတွင် ကွန်ကရစ် ဓာတ်တိုင်သစ်များ အစားထိုးလဲလှယ်စိုက်ထူ လျက်ရှိရာ လဲလှယ်ရန်အခက်အခဲရှိပြီး ကျန်ရှိနေသောတိုင်များကို ဇန်နဝါရီ ၁၃ ရက်က ဆက်လက် လဲလှယ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းနှင့် သစ္စာလမ်းထောင့် ယခုဗိုလ်ချုပ်ကြေးရုပ်ပန်းခြံအသစ် တည်ဆောက်နေသည့် နေရာတွင် လဲလှယ်ရန်ကျန်ရှိနေသော ဓာတ်တိုင်များကို ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညွန့်ဝင်းတို့က အနီးကပ်ကြီးကြပ်၍ ကွန်ကရစ် ဓာတ်တိုင်သစ်များဖြင့် လဲလှယ်နေကြခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များရှိ လုပ်ငန်းခွင်များ၌ လျှပ်စစ်မီးပိတ်ချိန်နည်းနိုင်သမျှနည်းနိုင်ရေးအတွက် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့် ကရိန်းကားဝန်ဆောင်မှုများအသုံးပြု၍ အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်နေကြကြောင်း သိရသည်။



**တင်ဦး(ရမည်းသင်း)**

## ဆိုင်ကယ် ၁၆ စီးဖြင့် ပြည်ပခရီးသွားအဖွဲ့ ပြည်တွင်းခရီးစဉ် ၁၁ ရက်ကြာ လည်ပတ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ဗြိတိန်နိုင်ငံသား Mr.Paul John Arltun ဦးဆောင်၍ ဗြိတိန်၊ ကနေဒါနှင့် ထိုင်းနိုင်ငံသားများပါဝင်သော ပြည်ပခရီးသွား ၁၇ ဦးပါအဖွဲ့သည် ဆိုင်ကယ် ၁၆ စီးဖြင့် ဇန်နဝါရီ ၁၀ ရက်က မြဝတီနယ်စပ် ဝင်/ထွက်ပေါက်ဖြစ်သော ချစ်ကြည်ရေးတံတားဂိတ်မှ ပြည်တွင်းသို့ဝင်ရောက်လာပြီး ပြည်တွင်းခရီးစဉ်အဖြစ် မြဝတီ-ကျိုက်ထို-နေပြည်တော်-ပုဂံ-မန္တလေး-ညောင်ရွှေ-လွိုင်ကော်-တောင်ငူ-ကျိုက်ထို-မြဝတီအတိုင်း ဆိုင်ကယ်အုပ်စုလိုက်ဖြင့် လည်ပတ်သွားလာပြီး ဇန်နဝါရီ ၂၀ ရက်တွင် မြဝတီနယ်စပ် ဝင်/ထွက်ပေါက်မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း ယင်းပြည်ပခရီးသွားအဖွဲ့တွင် လိုက်ပါလာသော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကံမြင့်ထံမှ သိရသည်။

ယခုခရီးစဉ်သည် ၂၀၁၇ ခုနှစ်အတွင်း ပထမဦးဆုံး မော်တော်ဆိုင်ကယ်အုပ်စုလိုက် ပြည်ပခရီးသွားများ၏ ခရီးစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်သက်ဖွယ်ရာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်း၊ တိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်များရှိခြင်း၊ ရေခဲဖုံးလွှမ်းနေသော နိုင်ငံမြောက်ဘက်တောင်တန်းများမှသည် နိုင်ငံတောင်ဘက်ရှိ ပင်လယ်ကမ်းခြေဒေသအထိ အမျိုးစုံလင်သော သဘာဝရေမြေတောတောင် အလှအပမြင်ကွင်းရှုခင်းများ ပိုင်ဆိုင်ထားခြင်း၊ လည်ပတ်ရန် ကုန်းလမ်း-ရေလမ်း-လေကြောင်းလမ်း ခရီးစဉ်များ လွယ်ကူအဆင်ပြေခြင်းတို့ကြောင့် ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ပြည်ပမှ လေကြောင်းခရီးအပြင် ရေကြောင်းခရီး၊ နယ်စပ်ဝင်ပေါက်များမှ ကားလမ်းခရီးများဖြင့်လည်း ဝင်ရောက်လည်ပတ်မှုများပြားလာလျက်ရှိကြောင်း သိရသည်။

ယခင်က ပြည်ပမှဝင်ရောက်သော ခရီးစဉ်များတွင် ရန်ကုန်မြို့သို့ ဝင်ရောက်ခဲ့သော်လည်း ယခုခရီးစဉ်တွင် ဝင်ရောက်မည်မဟုတ်ကြောင်း သိရသည်။ ထို့အပြင် ယခင်ခရီးစဉ်အများစုတွင် တာချီလိတ်နယ်စပ် ဝင်/ထွက်ပေါက်မှ ပြန်လည်ထွက်ခွာတတ်သော်လည်း ယခုလပိုင်းများတွင် လုံခြုံရေးအခြေအနေအရ တာချီလိတ်မှ ပြန်မထွက်ဘဲ မြဝတီမှသာ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သော ၂၀၁၆ အတွင်းက ပြည်ပခရီးသည် ဝင်ရောက်မှုမှာ ထိုင်းနိုင်ငံသားတစ်သိန်းကျော်အပါအဝင် အခြားနိုင်ငံသားခရီးသည် စုစုပေါင်း ၁၁၅၂၈၉ ဦး ဝင်ရောက်ခဲ့ကာ ၂၀၁၅ ခုနှစ်အတွင်း ပြည်ပခရီးသည်ဝင်ရောက်မှုထက် ၁၅၃ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ပြီး တိုင်းပြည်ဝင်ငွေပိုမိုရရှိလာကြောင်း သိရသည်။ ပြည်ပခရီးသွားများ ပြည်တွင်း၌သွားလာရာတွင် လုံခြုံအေးချမ်းစွာ သွားလာနိုင်ရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ကူညီစောင့်ရှောက်မှုများရှိနေပြီး ယခု ခရီးစဉ်တွင် ကျိုက်ထိုမြို့သို့ ရောက်ရှိစဉ်ကလည်း ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲအုပ်ဦးကျော်ဇော ဦးဆောင်သော တပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီခဲ့ကြောင်း သိရသည်။

**ခင်ဆိုင်**

## ဟိုပုံးမြို့နယ်ကျေးရွာများအတွင်းရှိ ဘိန်းခင်းများဖျက်ဆီး

**ဟိုပုံး ဇန်နဝါရီ ၁၅**

ဘိန်းစိုက်ပျိုးမှုလျှော့ချနိုင်ရေးနှင့် ထွက်ပေါ်နေသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးအသစ်များ အန္တရာယ်လျှော့ချနိုင်ရန် နိုင်ငံတော်နှင့် မူးယစ်ဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ် စီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ ငါးနှစ်ကာလ သက်တမ်းတိုးပြီး အစီအစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ နိုင်ငံအသီးသီးရင်ဆိုင်နေရသည့် စီးပွားရေး၊ လူမှုရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူငယ်များကို လူညွန့်တုံးစေပြီး အန္တရာယ်ပြုနေသော မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်နှိမ်နင်းဖျက်ဆီးလျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးသည့် ကျေးရွာများ၌ ဘိန်းခင်းများကို ဖျက်ဆီးခဲ့ရာ (၃-၁၂-၂၀၁၆) ရက်မှ (၁၁-၁-၂၀၁၇)ရက်ထိ အမြင့် လေးပေခန့် သီးပွင့်ဆဲဘိန်းခင်းနှင့် တစ်ပေခန့်ရှိ ဖွံ့ဖြိုးဆဲ ဘိန်းခင်းများကို ဖျက်ဆီးခဲ့ရာ ယနေ့ထိ ဘိန်းခင်း ဧက ၂၀၇၀ ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိနေသည့် ဘိန်းစိုက်ပျိုးသည့်ကျေးရွာများသို့ ဘိန်းခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းများကို ဖျက်ဆီးရာတွင် ရဲတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယရဲမှူးကြီး မျိုးသန့်ဦးစီးသည့်အဖွဲ့ ၇၁ ဦး၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲမှူးမင်းဟန်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၂၆ ဦး၊ မူးယစ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း အင်အား ၁၀၀ ခန့် သွားရောက်ဖျက်ဆီးကြကြောင်း သိရသည်။



ဟိုပုံးမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ်ထက် လျော့နည်းစိုက်ပျိုးခြင်းမှာ အသိပညာပေးဟောပြောခြင်း၊ ဘိန်းဈေးနှုန်းကျဆင်းခြင်း၊ ရင်းနှီးမှုငွေပမာဏများပြားခြင်း၊ ဆုံးရှုံးမှုများခြင်းစသည့်အခက်အခဲများကြောင့် ဒေသခံပြည်သူများ ဘိန်းစိုက်ပျိုးလိုသည့်ဆန္ဒမရှိသောကြောင့် ဘိန်းစိုက်ပျိုးမှုကလျော့နည်းသွားကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် ထောပတ်ပင်၊ လိမ္မော်ပင်၊ ကော်ဖီပင်စသည့် ဘိန်းအစားထိုးနှစ်ရှည်ပင်များကို စီးပွားဖြစ်စိုက်ပျိုးထားသည်ကို တွေ့ရှိရကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

# အချိန်တိုအတွင်း အကျိုးအမြတ်ရရှိမည့် နို့စိမ်းမှိုစိုက်ပျိုးကြပါစို့

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ -သိန်း၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ**

သီးနှံစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့် တောင်သူများ အချိန်တိုအတွင်း ဝင်ငွေရရှိနိုင်သည့် မှိုစိုက်ပျိုးခြင်းကို လုပ်ကိုင်လျက်ရှိရာ မှိုစိုက်ပျိုးသူများအနေဖြင့် ဆေးဖက်ဝင်အာဟာရဓာတ်ကြွယ်ဝသည့် နို့စိမ်းမှိုခေါ် Miky မှိုကို စီးပွားဖြစ်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှ သိရသည်။

မြန်မာအမည် နို့စိမ်းမှို၊ အင်္ဂလိပ်အမည် Miky Mushroom ၊ သိပ္ပံအမည် Calocybe indica ဖြစ်ပြီး ၁၉၇၀ ပြည့်နှစ်က အိန္ဒိယနိုင်ငံမှာ စတင်တွေ့ရှိခဲ့ကာ စားသုံး၍ရသော မှိုအဖြစ် ၁၉၇၇ ခုနှစ်တွင် အတည်ပြုခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ၁၉၉၇ ခုနှစ်တွင် စီးပွားဖြစ်အမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ပူအိုက်စိုစွတ်သည့် ရာသီဥတုအခြေအနေတွင် တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ကြောင်း သိရသည်။

“ နို့စိမ်းမှိုဟာ ငွေနှင်းမှိုတို့၊ ကြွက်နားရွက်မှိုတို့နဲ့ အထုပ်လုပ်ပြီး စိုက်ရတာတူတယ်။ အပွလွှစာတွေနဲ့ အထုပ်လုပ်ပြီး စိုက်လို့ရတယ်။ မတူတဲ့အချက်ကတော့ နို့စိမ်းမှိုက မြေဆွေးအုပ်ပေးရတာ။ တကယ်လို့ အထုပ်လိုက်အတိုင်းပဲ စိုက်မယ်ဆိုရင် မှိုမျိုးထုပ်ထည့်ပြီး မှိုမျှင်ပြည့်သွားပြီဆိုရင် အထုပ်အပေါ်က ဆို့ထားတဲ့ ဂွမ်းတွေ၊ ကော်လံတွေဖြုတ်လိုက်တယ်။ ပြီးမှ အထုပ်ပေါ်ကနေ မြေဆွေးဖုံးပေးရတယ်။ အဲဒါမှ မှိုအပင်ထွက်တာ။ ငွေနှင်းမှိုတို့၊ ကြွက်နားရွက်မှိုတို့က မှိုမျှင်ပြည့်သွားရင် အထုပ်မှာဓားရာပေးပြီး ရေလောင်းစိုက်လိုက်ရင် ပေါက်တယ်။ နို့စိမ်းမှိုကို အထွက်နှုန်းပိုကောင်းချင်ရင် အပူနဲ့ အစိုဓာတ်ပိုကောင်းတဲ့ မြေမှာချစိုက်ရင်လည်းရတယ်” ဟု ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးချိုက ပြောသည်။



မြေပြင်တွင်ချစိုက်ထားသည့် နို့စိမ်းမှိုမျိုးကိုတွေ့ရစဉ်

အဆိုပါမှိုကို မြေပြင်တွင်စိုက်လျှင် အထုပ်မြှုပ်ရုံခြောက်လက်မခန့် ကျင်းတူးပြီး အပေါ်မှမြေဆွေးဖုံးပေးရကြောင်း၊ မြေဆွေးဖုံးသည့်နေရာတွင် ပွသည့်အတွက် မှိုမျှင်ဆွဲကာ အပေါ်သို့များများထွက်ခြင်းကြောင့် မြေဆွေးဖြစ်ရန်လိုအပ်ကြောင်း သိရသည်။

“ နို့စိမ်းမှိုက အပူပိုင်းမှိုဖြစ်တာချင်းအတူတူ ကောက်ရိုးမှိုတို့၊ ငွေနှင်းမှိုတို့ထက် အပူပိုပြီးတော့ ကြိုက်တယ်။ ကောက်ရိုးမှိုနဲ့ ပိုတူတယ်။ ငွေနှင်းမှိုက အပူပိုင်းမှိုဆိုပေမယ့် အအေးကြိုက်တယ်။ အခုလို ဆောင်းရာသီမှာဆို နို့စိမ်းမှိုက အထွက်နှုန်းနည်းသွားပြီ။ နွေရာသီနဲ့ မိုးရာသီမှာစိုက်ရင် အဆင်ပြေတယ်။ အစိုဓာတ်လည်းကောင်းတယ်။ သဘာဝမှာရှိတဲ့ မှိုတွေတောင် သူတို့ကြိုက်တဲ့ ရာသီဥတုမှာ မှိုအမျိုးအစားအလိုက် အပူချိန်တို့၊ စိုထိုင်းဆတို့ရမှ ပွင့်ကြတာ။ ဒီနို့စိမ်းမှိုက အပူကြိုက်တယ်ဆိုပေမယ့် အပူလွန်ရင် သေနိုင်တယ်။ အပူရှိပြီး အစိုဓာတ်မရှိရင်လည်း မပေါက်နိုင်ဘူး” ဟု ၎င်းက ဆက်ပြောပြသည်။



စင်ပေါ်တွင် စိုက်ပျိုးထားသည့် နို့စိမ်းမှိုများကိုတွေ့ရစဉ်

နို့စိမ်းမှိုကို စိုက်ပျိုးရာတွင် မှိုထုပ်များ လေဝင်လေထွက်ရရှိပြီး နေရောင်ခြည်တိုက်ရိုက်မကျရောက်သည့် နေရာတွင် ထားရမည်ဖြစ်ကြောင်း၊ မှိုစိုက်ခန်း၏ အပူချိန်မှာ ၂၅-၂၇ ဒီဂရီစင်တီဂရိတ် ရှိရမည်ဖြစ်ပြီး စိုထိုင်းစ အနည်းဆုံး ၇၅ ရာခိုင်နှုန်းရှိရန် လိုအပ်ကြောင်း၊ မှိုစိုက်ထုပ်များကို မြေကျင်းထဲတွင် ပလတ်စတစ်အိတ်ခွာ၍လည်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။

“ ဒီမှိုမျိုးကို စတင်ရရှိတာကတော့ ၂၀၁၅ ခုနှစ်တုန်းက စိုက်ပျိုးရေးဦးစီးဌာန မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ပဲခူး (၁၀ မိုင်)က လက်ထောက်ဦးစီးမှူး ဦးမျိုးမင်းစိုးရဲ့ မိတ်ဆွေအကူအညီနဲ့ ထိုင်းနိုင်ငံကနေ ရရှိခဲ့ပြီး စမ်းသပ်စိုက်ပျိုးကြည့်တဲ့အခါမှာ အောင်မြင်တဲ့အတွက် ကော်ဖီ-ရာသီသီးနှံဌာနခွဲက မှိုခြံတွေဖြစ်တဲ့ ရန်ကုန်မြို့မှာရှိတဲ့ မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး (၉ မိုင်) မှိုခြံ၊ တောင်ငူမြို့ (ကျောက်တိုင်)မှိုခြံ၊ မော်ဘီမြို့(ညောင်နှစ်ပင်) မှိုခြံတို့မှာ စိုက်ပျိုးလျက်ရှိပါတယ်။ မှိုမျိုးတွေက နိုင်ငံခြားကနေ ဝင်ပေမယ့်လည်း ကိုယ့်ပြည်တွင်းမှာ သဟဇာတဖြစ်တဲ့ မျိုးကိုပဲ ဌာနက အရင်စမ်းသပ်တာဖြစ်ပါတယ်။ အချို့ငွေကြေးတတ်နိုင်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကလည်း မျိုးစမ်းသပ်စိုက်ပျိုးကြတာရှိပါတယ်။ ကိုယ့်နိုင်ငံမှာ စိုက်နိုင်တဲ့ မှိုမျိုးဆိုရင်တောင် ကိုယ့်ဆီက နည်းစနစ်နဲ့ နိုင်ငံခြားက နည်းစနစ်နဲ့က အချို့အရာလေးတွေမှာ နည်းနည်းကွာပါတယ်” ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောပြသည်။

နို့စိမ်းမှိုသည် အာဟာရဓာတ်များစွာပါဝင်သည့် ချက်ပြုတ်စားသောက်၍ရသော မှိုတစ်မျိုးဖြစ်ကြောင်း၊ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင် A၊ B၊ D ၊E အပြင် အခြားသတ္တုဓာတ် ၁၅ မျိုးပါရှိပြီး သွေးအတွင်း သကြားဓာတ်ကို သိသာစွာလျော့နည်းစေပြီး သွေးလည်ပတ်မှုအားကောင်းစေသော အာနိသင်ရှိကြောင်း သိရသည်။

“နို့စိမ်းမှိုကို ဌာနအပြင် ပုဂ္ဂလိကခြံတွေဖြစ်တဲ့ ကျောက်ဆည်၊ မန္တလေးနဲ့ ပုလိပ်ဘက်မှာ စိုက်ပျိုးနေကြပါပြီ။ ဈေးကွက်အနေနဲ့ကတော့ ငွေနှင်းမှိုနဲ့ အတူတူပါပဲ။ ထူးပြီး ဈေးကွက်တိုးစရာမလိုဘူး။ ဆေးဖက်ဝင် အာနိသင်ရှိတဲ့အတွက်ကြောင့် စားသုံးသူများမယ့် မှိုဖြစ်ပါတယ်။ ဒီမှိုကို စိုက်ပျိုးချင်တယ်ဆိုရင် စိုက်နည်းပညာကို ဌာနကပေးပါတယ်။ စိုက်ပျိုးဖို့အခက်အခဲရှိရင်လည်း မြို့နယ်အသီးသီးမှာရှိတဲ့ ကော်ဖီ-ရာသီသီးနှံဌာနခွဲက မှိုခြံတွေကို ဆက်သွယ်လို့ရပါတယ်။ ဌာနအနေနဲ့ နည်းပညာ ပြန့်ပွားရေးနဲ့ မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကဏ္ဍအတွက်ပြင်ပ NGO အဖွဲ့အစည်းတွေ၊ တခြားဌာနဆိုင်ရာအဖွဲ့အစည်းတွေကနေ သင်တန်းပေးပါလို့ တောင်းဆိုရင်လည်း ဆောင်ရွက်ပေးပါတယ်”ဟု ၎င်းက ဆက်ပြောသည်။

မှိုစိုက်ပျိုးခြင်းသည် ရက်အနည်းငယ်အတွင်း ငွေပေါ်သည့် သီးနှံဖြစ်ပြီး စိုက်ပျိုးသူများအတွက် အကျိုးအမြတ်ရရှိသည့် လုပ်ငန်းဖြစ်သည့်အတွက် ဆေးဖက်ဝင် နို့စိမ်းမှိုကို စီးပွားဖြစ်စိုက်ပျိုးကြပါစို့။

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ -သိန်း**

ဇန်နဝါရီလ အခုအပတ်မှာ လယ်ယာထွက်ကုန် သီးနှံဈေးနှုန်းတွေက ဆက်တိုက်ကျဆင်းနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့အပတ်က ကျဆင်းခဲ့တဲ့ နှမ်းရောင်စုံဈေးတွေကတော့ ဒီအပတ်မှာ ပြန်မြင့်တက်လာတာကို တွေ့ရပါတယ်။ အလားတူ ပြည်ပကို အဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့မတ်ပဲ (FAQ/RC) ဈေးနှုန်းတွေလည်း ကျဆင်းနေတာကို မြင်တွေ့ရပါတယ်။ ကြက်သွန်နီဈေးတွေကတော့ အနည်းငယ်မြင့်တက်လာပါတယ်။ ဒီတစ်ပတ်လုံးမှာ ဆန်ဈေးတွေကတော့ ပုံမှန်အတိုင်းအပြောင်းအလဲမရှိ တည်ငြိမ်နေပါတယ်။

**မတ်ပဲ (FAQ/RC) ဈေးသိသိသာသာ ကျဆင်း**

၂၀၁၇ ခုနှစ်အစ ဇန်နဝါရီလ အခုတစ်ပတ်ရဲ့ တနင်္လာနေ့က မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၁၀၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၁၀၅၁၀၀၀ ထိကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်းတစ်တန်ကို ငွေကျပ် ၂၉၀၀၀ခန့် ကျဆင်းသွားတာပါ။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းကတော့မတ်ပဲ (FAQ/RC) တစ်တန် ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲစင်းငုံနီ (RC)ဈေးနှုန်းအနည်းငယ် ပြန်တက်လာ**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC) ကတော့ ဒီအပတ်ရဲ့ တနင်္လာနေ့က တစ်တန်ကို ငွေကျပ် ၇၅၈၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၇၆၀၀၀၀ ခန့်အထိ ပြန်လည်မြင့်တက်လာတာကိုတွေ့မြင်ရပါတယ်။(ယာပုံ) တစ်ပတ် အတွင်းမှာ တစ်တန်ကို ငွေကျပ် ၂၀၀၀ မြင့်တက်လာတာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။

**ပဲတီစိမ်းဈေးတည်ငြိမ်**

ပဲတီစိမ်းကတော့ ယခု တစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမား မရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ငွေကျပ် ၁၀၅၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေပါတယ်။

**နှမ်းရောင်စုံဈေးနှုန်းများသိသိသာသာ မြင့်တက်**

ပြီးခဲ့တဲ့အပတ်က ကျဆင်းခဲ့တဲ့ နှမ်းရောင်စုံဈေးတွေကတော့ ဒီအပတ်မှာ ပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။ တနင်္လာနေ့ဈေးအဖွင့်မှာ နှမ်းနက်(စမုံ)တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၃၅၀၀၀ ရှိရာကနေ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ ငွေကျပ် ၁၄၀၀၀၀ အထိ မြင့်တက်လာပါတယ်။ နှမ်းနက်ကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၀၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကိုအမြင့်ဆုံး ငွေကျပ် ၁၁၀၀၀၀ ထိပြန်လည် မြင့်တက်သွားတာကိုတွေ့ရပါတယ်။

နှမ်းညိုကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၈၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၇၅၀၀၀ ကို ကျဆင်းသွားပါတယ်။ နှမ်းဖြူကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၉၆၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၉၈၀၀၀ အထိ မြင့်တက်လာတာကို တွေ့ရပါတယ်။

ပန်းနှမ်းကတော့ အခုတစ်ပတ်လုံးမှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၆၈၀၀ တည်ငြိမ်နေတာကို တွေ့မြင်ရပါတယ်။

**ဆန်ဈေးနှုန်းတည်ငြိမ်**

ဒီတစ်ပတ်လုံးမှာ ဆန်ဈေးနှုန်းတွေကတော့ ဈေးနှုန်းတည်ငြိမ်နေတာကို တွေ့ရပါတယ်။ ပေါ်ဆန်းမွှေးဆန် တစ်အိတ်ကို အမြင့်ဆုံးငွေကျပ် ၄၄၅၀၀၊ ညှော့မထဆန် တစ်အိတ် ငွေကျပ် ၁၉၅၀၀၊ ငစိန်ဆန်တစ်အိတ် ငွေကျပ် ၁၉၀၀၀၊ မြီးတုံးဆန်တစ်အိတ် အမြင့်ဆုံး ငွေကျပ် ၂၁၀၀၀၊ မိုးသုခဆန်တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ နွေသီးထပ်ဆန် တစ်အိတ် ငွေကျပ် ၂၀၀၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြက်သွန်နီ ဈေးအနည်းငယ် မြင့်တက်**

ဆိပ်ဖြူ၊မြင်းခြံ၊ မုံရွာ၊ ဆင်ဖြူကျွန်းနယ်တွေကထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ဒီတစ်ပတ်ရဲ့တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၃၅၀ ကျပ်ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၇၀၀ နဲ့ အရောင်းအဝယ် ရှိနေရာကနေ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေးငွေကျပ် ၈၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၆၅၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။



ဈေးကွက်တင်ပို့ရန် ပဲစင်းငုံနီများအား အိတ်သွတ်နေစဉ်

# မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများ ထိန်းသိမ်းဖို့ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ

**တင်မောင်လွင်(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ-မောင်မွေး၊ ငါးလုပ်ငန်းဦးစီး**



မြန်မာ့ပင်လယ်ပြင်တွင် ရေလုပ်သားများ ငါးဖမ်းလုပ်ကွက်၌ ငါးများဖမ်းယူနေစဉ်

သယံဇာတပေါများကြွယ်ဝသော မြန်မာ့ပင်လယ်ပြင်အတွင်းမှာ ငါးသယံဇာတ လျော့နည်းစပြုပြီဖြစ်တဲ့အတွက် ငါးဖမ်းစက်လှေများ ငါးဖမ်းရက်ကြာမြင့်စွာ ဖမ်းဆီးကြရခြင်း၊ ငါးအထိအမိ လျော့နည်းလာခြင်း၊ ငါးအရွယ်အစားသေးငယ်လာခြင်း၊ စီးပွားဖြစ်မျိုးစိတ်တွေ ဖမ်းဆီးရမိမှု နည်းပါးလာခြင်းကို ယခုဆယ်စုနှစ်ပိုင်း အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတွေ နှစ်စဉ် ကြုံတွေ့နေကြရပြီဖြစ်လို့ ငါးသယံဇာတများကို ထိန်းသိမ်းကြရန် လိုအပ်လာပြီလို့ သိရပါတယ်။

ပေါများကြွယ်ဝသောသယံဇာတများသည် ပြန်လည်ပြည့်ဖြိုးမြဲသယံဇာတ များဖြစ်သည်ဆိုသော်ငြားလည်း ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ နည်းလမ်းမမှန်ဖမ်းဆီး ခြင်းများပြုလုပ်ပါက ငါးများမျိုးသုဉ်းပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ငါးမျိုးများ မျိုးသုဉ်းပျောက်ကွယ်ပါက ဂေဟစနစ်ကြီးပါ ပျက်စီးသွားစေမှာ ဖြစ်ပါတယ်။

မြန်မာ့ပင်လယ်ပြင်အတွင်း မှတ်ပုံတင်ထားတဲ့ ကမ်းဝေးငါးဖမ်းရေယာဉ် အစင်း ၃၀၃၀ ခန့် လိုင်စင်ရယူဖမ်းဆီးထုတ်လုပ်လျက်ရှိကြောင်း၊ မှတ်ပုံတင်ခြင်း မရှိတဲ့ တရားမဝင် ငါးဖမ်းလှေများ၊ ကမ်းနီးရေပြင်အတွင်း ဝင်ရောက်ဖမ်းဆီးသော ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ အခြားနိုင်ငံများသို့ တရားဝင်ငါးဖမ်းဆီးရောင်းချ သည့် ရေယာဉ်များ၊ ကန့်သတ်တားမြစ်ထားသော ငါးဖမ်းဧရိယာများကို အသုံးပြု ဖမ်းဆီးသောငါးဖမ်းစက်လှေများနှင့် အခြားသော တရားမဝင်ငါးဖမ်း ရေယာဉ်များ ရှိနေသည့်အတွက် ငါးထုတ်လုပ်မှုမှာ လက်ရှိစာရင်းဇယားများထက် ပိုနိုင်ပြီး ငါးမျိုးပြုန်းတီးမှု ပိုမိုမြင့်တက်နေသည်ကိုတွေ့ရကြောင်း ရခိုင်ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညွှန့်ဝေက ပြောပါတယ်။

ဒါ့ကြောင့် မြန်မာ့ပင်လယ်ပြင်မှာ ငါးများစဉ်ဆက်မပြတ်ထုတ်ယူဖမ်းဆီး နိုင်ရေးအတွက် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်းကို ၁၉၉၀ ပြည့်နှစ်ကာလများမှစတင်ပြီး ဒေသအလိုက်သတ်မှတ်ခြင်း၊ ၂၀၁၃ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း လေ့လာ သိရှိရပါတယ်။

၂၀၁၆-၂၀၁၇ ငါးဖမ်းရာသီအစတွင် ကုန်တက်မှုမှာ သိသာစွာတိုးတက်ခဲ့သည်ဟု လုပ်ငန်းရှင်များထံမှ ရရှိတဲ့စာရင်းဇယားတွေအရ သိရပါတယ်။ သို့အတွက် နောင်လာနောက်သားများ ငါးစားသုံးမှု စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်နဲ့ အကျိုးခံစားနိုင်စေရန် လက်ရှိငါးလုပ်ငန်းလုပ်ကိုင်နေသူအားလုံးက သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနရဲ့စီမံခန့်ခွဲမှုများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက် ကြရမှာ ဖြစ်ပါတယ်။

ယခု ၂၀၁၆-၂၀၁၇ ခုနှစ် ငါးဖမ်းရာသီမှာ ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရ ဧရိယာသတ်မှတ်ခြင်းကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် သတ်မှတ်ထား သည့်ကာလ၊ သတ်မှတ်ထားသည့် ဧရိယာများအတွင်း ခွင့်ပြုချက်မရရှိဘဲငါးဖမ်း ဆီးခြင်းမပြုကြရန်နဲ့ သတ်မှတ်ချက် မလိုက်နာသည့် ရေယာဉ်များကို လိုင်စင်ပိတ် သိမ်းသည်အထိ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမယ်လို့လည်း သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနမှ သိရပါတယ်။

ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ အကျိုးသက်ရောက်မှုရှိစေရန်၊ ငါးအလွန်အကျွံဖမ်းဆီးမှုများ မဖြစ်ပေါ်စေရန်၊ ငါးဖမ်းစွမ်းအားစုများကို စနစ်တကျ ထိန်းချုပ်နိုင်ရန်အတွက် ငါးများပေါက်ပွားသည့်ရာသီမှာ ထိန်းချုပ်ဆောင်ရွက် နိုင်မှသာလျှင် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးသယံဇာတများပေါက်ဖွားနိုင်မှာ ဖြစ်ပါတယ်။ ငါးဖမ်းဆီးရက် ၉၀ သတ်မှတ်ထားခြင်းမှာလည်း ငါးဖမ်းလုပ်ငန်းရှင် တွေအနေနဲ့ လောင်စာဆီစရိတ်များပြားခြင်း၊ ငါးအထိအမိနည်းပါးခြင်း၊ ရာသီဥတု ဆိုးရွားပြီး ငါးဖမ်းဆီးရက်နည်းပါးခြင်းတို့ကြောင့် ငါးဖမ်းရက်တိုးမြှင့်ပေးရန် လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်အရ ၂၀၁၂ ခုနှစ်မှာ ဖြေလျှော့ပေးခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် ရေလုပ်သားများ ပင်လယ်ပြင်မှာ နေထိုင်ရသည့်ရက် ကြာမြင့်လွန်း သည့်အတွက် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ လူမှုရေး၊ စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ ရှိခြင်း၊ ပင်လယ်ပြင်အတွင်း အလုပ်ချိန်ကန့်သတ်ချက်မရှိခြင်း စသည်တို့ကြောင့် တရားမဝင်လူကုန်ကူးမှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာနဲ့ ပင်လယ်ပြင်အတွင်း တရားမဝင် ငါးဖမ်းဆီးမှုပြဿနာများဖြစ်ပွားနိုင်တယ်လို့လည်း သိရပါတယ်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကမ်းရိုးတန်းတိုင်းဒေသကြီး ပြည်နယ်ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးနဲ့ ကမ်းဝေးအသင်းမှ ရေလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီး / ပြည်နယ်ဒေသအသီးသီးတို့မှ ရေလုပ်ငန်းရှင်များ အဖွဲ့က ငါးမဖမ်းရရာသီနဲ့ ငါးမဖမ်းရဧရိယာ သတ်မှတ်ရေးတို့ကို အဖွဲ့သုံးဖွဲ့ခွဲပြီး ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံငါးလုပ်ငန်းပညာရှင်များ အစုအဖွဲ့ မှလည်း ဆွေးနွေးချက်များအပေါ်မူတည်ပြီး အလုပ်ရုံဆွေးနွေးပွဲရလဒ်ဖော်ထုတ် ချက်များကို အကြံပြုချက်များအဖြစ် ထုတ်ပြန်ပေးခဲ့ကာ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများထံတင်ပြ၍ ထုတ်ပြန်ကြေညာပေးသွားမယ်လို့ သိရပါတယ်။

အဆိုပါဆွေးနွေးပွဲရဲ့ ရလဒ်ဖော်ထုတ်ချက်များကတော့ ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရ ဧရိယာသတ်မှတ်ခြင်းသည် နိုင်ငံတကာ ကျင့်စဉ်များဖြစ်ပြီး ငါးလုပ်ငန်း ကဏ္ဍတွင် ရေလုပ်သား များရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံ တွင် မလုပ်မဖြစ်လုပ်ရမယ့် လုပ်ငန်းကျင့်စဉ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ရန်၊ ပင်လယ်ပြင်လုံခြုံရေးနဲ့ စစ်ဆေးမှုများအားလိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသို့ တောင်းခံရယူရန်၊ Dr.Fridjof Nanson သုတေသနရလဒ်အရ D1 မှ D18 အား သီးသန့်ငါးဖမ်းဇုန်အဖြစ်သတ်မှတ်ပေးထားရန်၊ ငါးဖမ်းရေယာဉ် များမှာ Vessel Monitoring System (VMS ) စနစ်တကျတင်ရန်နဲ့ Monitoring၊ Control and Surveillance (MCS)ကို ထိရောက်စေရန်အတွက် လုပ်ငန်းရှင်တွေမှ မဖြစ်မနေဆောင်ရွက်ရန် ၊ ပင်လယ်ငါးမွေးမြူရေးအား စီးပွား ဖြစ်ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ကြရန်၊ ငါးဖမ်းရေယာဉ်များ ရပ်နား ချိန်နဲ့ သင့်တော်သည့်ကျန်အချိန်တွေမှာ လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်း၍ Vocational Training များ၊ လုပ်သားကိစ္စရပ်များ၊ ဈေးကွက်အခြေအနေလိုအပ်ချက်တွေနဲ့ ဖြည့်ဆည်းနိုင်မယ့် နည်းလမ်းများ ဆောင်ရွက်ရန်၊ ရေလုပ်သားများအား ဥပဒေ၊ ခွင့်ပြုချက်၊ အမိန့်ကြော်ငြာစာများကို ကျယ်ကျယ်ပျံ့ပျံ့နားလည်စေရေး ပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများအား တည်ဆဲဥပဒေများအရ ပိုမိုထိရောက်စွာ ဆောင်ရွက်သွားရန်၊ သတ်မှတ်ငါးဖမ်း ခွင့်ပြုရက်အား ယခင် ရက် ၉၀ အစား ရက် ၆၀ ခွင့်ပြုသတ်မှတ်ရန် ၊ ငါးဖမ်းရေ ယာဉ်အားလုံးအတွက် အစားထိုးတည်ဆောက်ခွင့်၊ ပြင်ဆင်ခွင့်တို့ကို ပွင့်လင်း မြင်သာစွာ ရှင်းလင်းထုတ်ပြန်ပေးရန်၊ Baby Trawl များကို ထိရောက်စွာ အရေးယူပေးရန် ၊ ရေရှည်တွင် ငါးမဖမ်းရဧရိယာသတ်မှတ်ရာ၌ ငါးမျိုးစိတ်တွေ အလိုက် ပေါက်ဖွားကြီးပြင်းမှုကို အခြေခံ၍ ပညာရှင်တွေ ဒေသခံတွေနဲ့ ဌာနဆိုင်ရာ တွေပူးပေါင်းကာ သုသေသနပြုလုပ်ဆောင်ရွက်ရန်၊ နှစ်စဉ် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရ ဧရိယာအား ကမ်းရိုးတန်းဒေသကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေ အလိုက် သတ်မှတ်နိုင်ရေး နှစ်လအတွင်း ပညာရှင်တွေနဲ့ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ရန်၊ ငါးမဖမ်းရရာသီနဲ့ ငါးမဖမ်းရဧရိယာ သတ်မှတ်ချိန်ကာလ အတွင်း ငါးဖမ်းရေယာဉ်တွေ ဒေသပြောင်းလဲခွင့်ကို ခွင့်မပြုရန်၊ ၃၁-၃-၂၀၁၇ ရက်နေ့အထိ ကမ်းဝေးငါးဖမ်းလိုင်စင်ထုတ်ပေးထားသော ငါးဖမ်းရေယာဉ်တွေ အနက် အမှန်တကယ်ဖမ်းဆီး နိုင်တဲ့ လုပ်ငန်းအမျိုးအစားအလိုက် ငါးဖမ်းရေယာဉ် အားလုံးရဲ့ ၃၀ ရာခိုင်နှုန်းကို ငါးဖမ်းဆီးခွင့်ပြု သွားရန် ၊ အလုပ်ရုံဆွေးနွေးပွဲမှာ အုပ်စုဖွဲ့ဆွေးနွေးခဲ့သောအချက်တွေနဲ့ အုပ်စုလိုက်ဆွေးနွေးချက်တွေအပေါ် ပညာရှင်တွေရဲ့သုံးသပ်အကြံပြုချက်တွေကို မှတ်တမ်းတင်ထားရန်တို့ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများရေရှည်တည်တံ့ပြီး ရေလုပ်သားများ၊ ရေလုပ်ငန်းရှင်များရဲ့လုပ်ငန်းတွေ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင် ရုံသာမက မြန်မာ့ငါးရိက္ခာ အာဆီယံဒေသအတွင်းနိုင်ငံများ ငါးရိက္ခာ၊ ကမ္ဘာ့လူသား အားလုံးအတွက် ငါးရိက္ခာများကို ဖြည့်တင်းပေးနိုင်ဖို့ သက်ဆိုင်ရာဌာနများ၏ စီမံခန့်ခွဲမှုတွေ၊ ရေလုပ်သား၊ ရေလုပ်ငန်းရှင်တွေ ဝိုင်းဝန်းပူးပေါင်း အကောင်အထည် ဖော် ကြိုးပမ်းဆောင်ရွက်မှုတွေဟာ အခုချိန်မှာ အမှန်တကယ် လိုအပ်လာပြီလား ဆိုတာ မေးခွန်းတစ်ခုသဖွယ် ဖြစ်လာပါတယ်။ ။

# အစိုးရမှ ရောင်းချပေးမည့် လယ်ယာသုံး စက်ကိရိယာများကို ဝယ်ယူဖို့ အဆိုပြုထားသည့် တောင်သူ ၈၀၀ ကျော်ရှိ

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-သိခ်**



ယခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ အရစ်ကျရောင်းချပေးမည့် လယ်ယာသုံးစက်ကိရိယာ များကို ဝယ်ယူရန် အဆိုပြုထားသည့် တောင်သူ ၈၄၂ ဦးခန့်ရှိ ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုမောင်က ပြောသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာများကို သုံးနှစ်အတွင်း ခုနစ်ကြိမ် အရစ်ကျပေးသွင်းရမည့်စနစ်ဖြင့် ပုဂ္ဂလိက ကုမ္ပဏီ များနှင့် ပူးပေါင်းကာ ယခုနှစ်တွင် ပထမဆုံးအနေဖြင့် ရောင်းချ ပေးခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနှစ်မှာ စက်တွေကိုဝယ်ယူဖို့ လျှောက်ထားတဲ့ တောင်သူ အရေအတွက်က အရင်နှစ်တွေကထက်များတယ်။ အခုမှာထား တဲ့ စက်တွေ ဆိပ်ကမ်းကိုရောက်နေပြီ။ အစီး ၁၆၀ ကျော်လောက် ဆိပ်ကမ်းကနေ ထုတ်ဖို့ ရှိတယ်”ဟု ၎င်းကပြောသည်။

တောင်သူများဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာ များကို ရောင်းချပေးနိုင်ရန် လက်ရှိတွင် Sonalika ကုမ္ပဏီ၊ New Holland ကုမ္ပဏီ၊ Kubota ကုမ္ပဏီ၊ Daedong ကုမ္ပဏီများနှင့် ချိတ်ဆက်ထားပြီး စက်ကိရိယာ ဝယ်ယူလိုသူ တောင်သူများအနေဖြင့် ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်၊ လယ်ယာပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် ဝယ်ယူလိုသည့်စက်အမျိုးအစားကို မိမိမြို့နယ်ရှိ စက်မှုလယ်ယာ ဦးစီးဌာနများတွင် လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

ဆက်လက်၍ “တောင်သူက ဝယ်ယူချင်လို့ အဆိုပြုထား တဲ့အထဲက ထွန်စက်အစီး ၉၀ ကျော်ကတော့ နယ်တွေကို ဖြန့်ပြီးပြီ။ အတိုးနှုန်းက ကျွန်တော်တို့ မသတ်မှတ်ဘူး။ အတိုး နှုန်းကို ကုမ္ပဏီက ကျွန်တော်တို့ဆီကိုတင်ရမယ်။ အဲ့ဒီအတိုးနှုန်း သည် လက်ရှိရောင်းနေတဲ့ဈေးထက်တော့ မများရဘူး”ဟု ၎င်းကဆက်ပြောသည်။

တောင်သူများအနေဖြင့် လယ်ယာသုံးစက်ပစ္စည်း၏ တန်ဖိုး ၁၀ ရာခိုင်နှုန်းကို ကနဦးပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို ခြောက်လတစ်ကြိမ် ၁၅ ရာခိုင်နှုန်းစီဖြင့် သုံးနှစ်အရစ်ကျ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

မအူပင်ခရိုင်၊ ရေနံ့ချောင်းကျေးရွာမှ လယ်သမား ဦးလှဌေးက “အစိုးရက အရင်ရောင်းပေးတဲ့ အရစ်ကျစနစ်က တစ်ရာသီ တစ်နှစ်ပေါ်တဲ့ တောင်သူတွေအဖို့ ဒီစက်အတွက် ငွေကြေးပေးလိုက်ရသလို ဖြစ်နေတော့ ဝယ်ဖို့ မတတ်နိုင်သလို စက်တွေကလည်း ခဏခဏပျက်တော့ နောက်ကနေ လိုက်ပြင် နေရတာကို မပြီးတော့ဘူး”ဟု ပြောသည်။ ပြီးခဲ့သည့် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနမှ လယ်ယာသုံးစက်ကိရိယာတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကျော်ကို ကနဦးပေးသွင်းစေပြီး ကျန်ငွေကို နှစ်နှစ်အတွင်း သုံးကြိမ်ခွဲသွင်းရသည့်စနစ်ဖြင့် ရောင်းချခဲ့ ကြောင်း သိရသည်။

# ပေါင်းမြက်ရှင်းလင်းခြင်းကို သီးနှံစိုက်ပျိုးပြီး တစ်လအတွင်း လုပ်ဆောင်သင့်

ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ -မေမိုးသဲ

ပေါင်းမြက်ဆိုသည်မှာ ဆိုးကျိုးသာပေးသည် မဟုတ်ဘဲ ကောင်းကျိုးလည်း အတိုင်းအတာတစ်ခုအထိပေးသည်။ သို့သော် ပေါင်းမြက်သည် ကောင်းကျိုးထက် ဆိုးကျိုးက ပိုများပါသည်။ ပေါင်းကို ဘက်စုံပေါင်း ကာကွယ်နှိမ်နင်းခြင်း၊ ပေါင်းသတ်ဆေးသုံး၍ ကာကွယ်နှိမ်နင်းခြင်းနည်းများကို သုံးပြီး နှိမ်နင်းနိုင်သည်။ သို့ရာတွင် ပေါင်းမြက်နှိမ်နင်းရာ၌ တောင်သူအချို့မှာ ပေါင်းသတ်ဆေးများကို အသုံးပြုမှု များပြားလာသည်ကို တွေ့ရသည်။ ပေါင်းသတ်ဆေးကို အလွန်အကျွံ အသုံးပြုပါကလည်း စိုက်သီးနှံများကို ထိခိုက်စေနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်များထံမှ သိရသည်။

"ဌာနအနေနဲ့ တောင်သူတွေနဲ့ပတ်သက်ပြီး သင်တန်းပေးတာတွေရှိပါတယ်။ သင်တန်းတွေမှာ လယ်ရော၊ ယာရော ပေါင်းနဲ့ပတ်သက်တဲ့ ပေါင်းနှိမ်နင်းခြင်း၊ ပေါင်းအမျိုးအစားခွဲခြားခြင်း ပြီးတော့ကျောင်းပိတ်ရက်တွေမှာ အနီးနားရွာတွေကတောင်သူတွေကိုခေါ်ပြီးတော့ ရက်တိုသင်တန်းတွေ ပို့ချပေးပါတယ်။ ပေါင်းနဲ့ပတ်သက်ပြီး သုတေသနစမ်းသပ်ချက်တွေလုပ်ပါတယ်။ ပေါင်းသတ်ဆေးသုံးတဲ့အခါ ပေါင်းသတ်ဆေးကို ဘယ်အချိန်တွေမှာ သုံးမယ်။ ဘယ်လိုသီးနှံတွေမှာ ဘယ်လောက်နှုန်းထားနဲ့သုံးမယ် စတာတွေကို သုတေသနလုပ်ပါတယ်။ ပေါင်းမှာလည်း လယ်မှာပေါက်တဲ့ပေါင်းနဲ့ ယာမှာပေါက်တဲ့ပေါင်းနဲ့က မတူပါဘူး။ နှိမ်နင်းတဲ့ နည်းစနစ်လည်း မတူပါဘူး။ နောက်တစ်ခါ နှိမ်နင်းရမယ့်အချိန်လည်း မတူပါဘူး။ အဲဒါတွေနဲ့ ပတ်သက်ပြီးလည်း သုတေသနတွေ လုပ်နေပါတယ်။ ဒီပေါ်မှာရရှိတဲ့ တွေ့ရှိချက်တွေနဲ့ သုံးရမယ့် ပမာဏတွေကိုလည်း တောင်သူပညာပေး သင်တန်းတွေမှာ အသိပညာ ပေးပါတယ်။ ပေါင်းနှိမ်နင်းတဲ့အခါမှာလည်း ပေါင်းသတ်ဆေးတစ်မျိုးထဲမဟုတ်ဘူး။ ပေါင်းသတ်ဆေး မသုံးဘဲနဲ့ လက်ပေါင်းလို့ခေါ်တဲ့ ပေါက်ပြားနဲ့ပေါက်တဲ့ နည်း စနစ်တွေရှိပါတယ်။ ပေါင်းမှာလည်း ဘက်စုံပေါင်းကာကွယ်နှိမ်နင်းတဲ့ နည်းစနစ်တွေရှိပါတယ်။ ဘယ်အချိန်မှာ ပေါင်းဝင်သင့်သလဲ၊ ဘယ်အချိန်မှာ မဝင်သင့်ဘူးလဲဆိုတာတွေကိုလည်း သုတေသနလုပ်ပါတယ်"ဟု လယ်ယာသီးနှံစိုက်ပျိုးရေး ပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကျော်ကျော်ဝင်းကပြောသည်။



လယ်မြေများတွင် စပါးစိုက်ပြီး တစ်လအတွင်း ပေါင်းမြက်များကို သေချာမထိန်းချုပ်နိုင်ပါက စပါးအထွက်နှုန်း ထိခိုက်နိုင်ကြောင်း၊ တောင်သူများအနေဖြင့် ပေါင်းသတ်ဆေးအသုံးပြုပါကလည်း အပင်မပေါက်ခင် အသုံးပြုသည့်ဆေး၊ အပင်ပေါက်ပြီး ဖျန်းသည့်ဆေးများကို ခွဲခြားသိရှိရန် လိုအပ်ကြောင်း သိရသည်။

"အကြမ်းဖျင်းကတော့ ပေါင်းရှင်းလေကောင်းလေပါပဲ။ မစိုက်ပျိုးခင်မှာထယ်ရေး၊ ထွန်ရေးကို ကောင်းအောင်လုပ်ထားမယ်။ ပေါင်းမြက်ရှင်းအောင်လုပ်ထားမယ်ဆိုရင် စိုက်တဲ့အချိန်မှာ ပေါင်းကချက်ချင်းမပေါက်နိုင်ဘူး။ အဲဒီအခါမှာ စိုက်တဲ့သီးနှံကို အသာစီးရအောင် ဖန်တီးပေးနိုင်ပါတယ်။ ဒါကတော့ ပေါင်းသတ်ဆေးသုံးစရာမလိုဘဲနဲ့ ထယ်၊ ထွန်နဲ့ ကောင်းကောင်းပြုလုပ်မယ်ဆိုရင် ပေါင်းရှင်းပြီးသားရပါမယ်။ ဒီနည်းစနစ်တွေကိုလည်း ကျင့်သုံးဖို့လိုပါတယ်။ သီးနှံ အများစုက စိုက်ပြီးသွားတဲ့အချိန်တစ်လအတွင်းမှာပေါင်းရှင်းဖို့ လိုပါတယ်။ ဘယ်သီးနှံမဆို အကြမ်းဖျင်းတစ်လအတွင်းမှာ ပေါင်းရှင်းဖို့လိုပါတယ်။ တစ်လအတွင်းမှာ ပေါင်းမရှင်းနိုင်ဘူးဆိုရင် ပေါင်းနဲ့ စိုက်ပျိုးထားတဲ့သီးနှံက အပြိုင်လုပြီး အစာစားသုံးတာ၊ နေရာယူတာကအစ ရှိလာမယ်။ ဒီနေရာမှာ လက်နဲ့ပဲ ပေါင်းရှင်းမလား၊ ဆေးသုံးပြီးရှင်းမလားဆိုတာကို ပေါင်းစပ်ပြီး စဉ်းစားရပါမယ်။ တစ်နည်းအားဖြင့်ပြောရရင် ပေါင်းသတ်ဆေးကသုံးတိုင်းတော့ မကောင်းပါဘူး။ ပေါင်းသတ်ဆေးသုံးတာများပြီဆိုရင် သီးနှံပင်ကို ထိခိုက်စေရုံမက သုံးနေတဲ့ မြေကြီးရဲ့စွမ်းအင်တွေ၊ ဓာတုဖွဲ့စည်းမှုတွေကိုပါ ပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့် ပေါင်းသတ်ဆေးသုံးတဲ့အခါ သတိထားပြီး သုံးရမယ့်အညွှန်း၊ သုံးစွဲရမယ့်အချိန်အတိုင်းသုံးဖို့ကို အကြံပြုလိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပေါင်းမြက်ရှင်းလင်းရန် သီးနှံများမစိုက်ခင် ထယ်ရေး၊ ထွန်ရေးကောင်းဖို့ လိုအပ်ကြောင်း၊ ပေါင်းမြက်ကိုသီးနှံစိုက်ပြီး တစ်လအတွင်း ပေါင်းရှင်းရန် လိုအပ်ကြောင်း၊ ပေါင်းသတ်ဆေး အလွန်အကျွံသုံးစွဲပါကလည်း သီးနှံများကို ထိခိုက်စေရုံမက မြေကြီးများထဲရှိ ဓာတုစွမ်းအင်တွေပါ ပျက်စီးနိုင်ကြောင်း၊ ပေါင်းသတ်ဆေးကို သီးနှံမစိုက်ခင် သုံးသည့်ပေါင်းသတ်ဆေးနှင့် သီးနှံစိုက်ပြီးသုံးသည့် ပေါင်းသတ်ဆေးများကို စနစ်တကျခွဲခြားပြီးအသုံးပြုရန် လိုအပ်ကြောင်း သိရသည်။

"တိုက်ရိုက်ပက်ကြဲစနစ်တွေမှာလည်း ပေါင်းသတ်ဆေး သုံးနည်းက အတူတူပါပဲ။ သီးနှံမစိုက်ခင်လည်း သုံးလို့ရတယ်။ စိုက်ပြီးမှ သုံးတဲ့ဆေးကိုလည်း သုံးလို့ရတယ်။ နောက်ပြီး နှမ်းခင်းတွေမှာ နှမ်းမှုန်းခြင်းကို အချိန်ကိုက်လုပ်နိုင်ရင်လည်း ပေါင်းမြက်ကို ရှင်းလင်းပြီးသားဖြစ်ပါတယ်။ နှမ်းမှာဆိုရင်တော့ အဲဒါနည်းနည်း ပြဿနာရှိတယ်။ နှမ်းမှုန်းဖို့က အချိန်ကိုက်ဖြစ်ဖို့လိုတယ်။ တချို့တောင်သူတွေက နှမ်းပင်ကို မှုန်းပစ်ဖို့ကို နှမြောပြီး ကောင်းကောင်းမမှုန်းလိုက်ဘူးဆိုရင် အပင်ကကျပ်သွားတာပေါ့။ အကြမ်းဖျင်းအားဖြင့်တော့ နှမ်းမှုန်းမယ်ဆိုရင် နှမ်းအပင်ပေါက်လာပြီး အပင်နှစ်လက်မ အရွယ်အစားလောက်မှာ မှုန်းရင်တော့ ပိုကောင်းပါတယ်။ အချိန်အားဖြင့်တော့ များသောအားဖြင့် နှစ်ပတ်သားလောက်မှာ မှုန်းရပါတယ်"ဟု ဒေါက်တာကျော်ကျော်ဝင်းက ဆက်လက်ပြောကြားသည်။

ပေါင်းကာကွယ်နှိမ်နင်းရာတွင် ပေါင်းသတ်ဆေးများကို အသုံးပြုခြင်းသည် ဆိုးကျိုးနှင့်ကောင်းကျိုး ဒွန်တွဲ၍ရှိနေသောကြောင့် ပေါင်းသတ်ဆေးတစ်မျိုးထဲသုံးခြင်းဖြင့် ပေါင်းများကို ကာကွယ်နှိမ်နင်းနိုင်မည်မဟုတ်ကြောင်း၊ ပေါင်းသတ်ဆေးများကို အသုံးပြုရာတွင် ဆေးဘူး၏အညွှန်းများကို သေချာလေ့လာပြီးမှ အသုံးပြုသင့်ကြောင်း၊ မိမိအသုံးပြုသောပေါင်းသတ်ဆေးအမျိုးအစားမှာ ကျရောက်သော ပေါင်းပင်များကို ကာကွယ်ရန် အသုံးပြုနိုင်သည့်ဆေးဟုတ် မဟုတ် အသုံးပြုသူကို မည်သို့အဆိပ်သင့်စေနိုင်သည်ကို လေ့လာရန် လိုအပ်ကြောင်း၊ ပေါင်းမြက်ရှင်းလင်းရာတွင် ဘက်စုံပေါင်းကာကွယ်နှိမ်နင်းခြင်းနည်းသည် ရေရှည်တည်တံ့သော ပေါင်းကာကွယ်နှိမ်နင်းနည်းဖြစ်ကြောင်း သိရသည်။

# ဥကပ်ပါးနဂျီ လွှတ်ပေးခြင်းဖြင့် ဟင်းသီးဟင်းရွက်များ ဓာတုကင်းလွတ်မည်

သတင်း- ကျော်သူဝင်း
ဓာတ်ပုံ - သက်ထက်

ဟင်းသီးဟင်းရွက်သီးနှံသည် ပိုးသတ်ဆေး တစ်ပတ်တစ်ခါ ဖျန်းရသော သီးနှံဖြစ်၍ ဥကပ်ပါးနဂျီကောင် (Trichogromma) လွှတ်ပေးခြင်းဖြင့် ပိုးသတ်ဆေးစရိတ်သက်သာမည့်အပြင် ဓာတုကင်းလွတ်သီးနှံအဖြစ် စားသုံးသူအတွက်ရော စိုက်ပျိုးသူအတွက်ပါ ဘေးဥပဒ်ကင်းပြီး အလွန်အဆင်ပြေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



"ဥကပ်ပါးနဂျီကောင် (Trichogromma) လွှတ်ပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ပါဝင်မှု အနည်းဆုံးနဲ့ အရည်အသွေးပြည့်ဝ၍ ဘေးကင်း လုံခြုံသော ဟင်းသီးဟင်းရွက်များ ရေရှည်ထုတ်လုပ်နိုင်ရန် ဇီဝနည်းဖြင့် ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်း(ဥကပ်ပါးနဂျီကောင် (Trichogromma) အသုံးပြုခြင်း) တို့ကို အခြေခံ၍ ဘက်စုံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းစနစ်(IPM) ကို ရေရှည်ကျင့်သုံးရန်၊ စိုက်ပျိုးထုတ်လုပ်သူ၊ စားသုံးသူနဲ့ ပတ်ဝန်းကျင်(ရေ၊မြေ၊လေ၊ သက်ရှိ) တို့ကို အဆိပ်သင့်စေမှု လျှော့ချ၍ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် စသည်တို့ကို ရည်ရွယ်ထားပါတယ်" ဟု ပဋိဇီဝတာဝန်ခံ လ/ထ ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက ပြောသည်။

စိုက်ခင်းများအတွင်း ဥကပ်ပါးနဂျီကောင် လွှတ်ပေးခြင်းဖြင့် လိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများကို ဥအဆင့်မှပင် ဆောလျင်စွာ နှိမ်နင်းနိုင်သောကြောင့် ဖျက်ပိုးလောက်ကောင်များဖြစ်ပေါ်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းကို အကြိမ်များစွာ လျှော့ချနိုင်ပြီး ဖျက်ပိုးများ ပိုးသတ်ဆေးခံနိုင်ရည်ရှိမှု ပြဿနာကို ကျော်လွှားနိုင်ကြောင်း သိရသည်။

ဥကပ်ပါးနဂျီကောင်များက ရာသီဥတုအခြေအနေပေါ်မူတည်ပြီး နှစ်ရက်၊ သုံးရက်နေနိုင်ကြောင်း၊ စပါးနှင့် ကုလားပဲသီးနှံများတွင် အသုံးပြုခဲ့ကာ စပါးဆစ်ပိုးကို ထိရောက်စွာနှိမ်နင်းနိုင်ကြောင်း၊ တောင်သူများအနေဖြင့် ဘက်စုံသီးနှံကာကွယ်ရေးစနစ်ကို တိကျစွာ လိုက်နာကျင့်သုံးခြင်း၊ သဘာဝပိုးသတ်ဆေးကို အလှည့်ကျ အသုံးပြုပြီး ဥကပ်ပါးနဂျီများကိုလည်း သီးနှံတစ်ရာသီတွင် နှစ်ကြိမ်မှ သုံးကြိမ်အထိ လွှတ်ပေးပါက ပိုးသတ်ဆေးသုံးစွဲမှုကို လုံးဝလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အပြင်မှာ တွေ့နေရသည့် ကပ်ပါးနဂျီအုပ်စုတူသော်လည်း အပြင်မှာတွေ့ရသော နဂျီအမျိုးအစားမှာ လောက်ကောင်ကပ်ပါးနဂျီဖြစ်ပြီး ယခု နဂျီက ဥကပ်ပါးနဂျီဖြစ်ကြောင်း၊ သီးနှံစိုက်ခင်းတစ်ခုတည်းကွက်၍ အသုံးပြုခြင်းထက် တစ်ကွင်း တစ်စပ်တည်းအသုံးပြုပါက ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါကျေးရွာရှိ ပန်းဂေါ်ဖီ၊ ဂေါ်ဖီနှင့် ခရမ်းသီး စိုက်ခင်းများအတွက် စိုက်ဧက ၂၅ ဧကစာအတွက် ဥကပ်ပါးနဂျီကောင် ၁၀ သိန်းကို မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်း ၃၀ ကျော်က တောင်သူများနှင့်အတူ စိုက်ခင်းအတွင်း စနစ်တကျရှိစေရေးအတွက် လိုက်လံလွှတ်ပေးခဲ့ကြသည်။

အဆိုပါမျိုးဥကပ်ပါးနဂျီများကို တရုတ်နိုင်ငံမှ ၂၀၁၅ ခုနှစ်က ရရှိခဲ့ပြီး ဥကပ်ပါးနဂျီ မျိုးပွားရန် လက်ခံထုတ်လုပ်ခြင်းနှင့် နဂျီပွားများခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရကြောင်း၊ လက်ခံဥ ရရှိရန် ဆန်ပိုးဖလန်ကို ဖွဲနုဖြင့် မွေးမြူရပြီး ရက် ၅၀ သားတွင် ဆန်ပိုးဥစတင်ရရှိကြောင်း၊ ဆန်ပိုးဥများကို ခရမ်းလွန်ရောင်ခြည်ဖြင့် သန္ဓေသားသတ်ပြီး ဥကပ်ပါးနဂျီလွှတ်ပေး၍ နဂျီများကပ်ပါးပြု ဥဥစေကြောင်း၊ ဆန်ပိုးဥများကို နေ့စဉ်နံနက် ၉ နာရီတွင် စုဆောင်းပြီး သန့်စင်ရကြောင်း၊ ကပ်ပါးပြုပြီးသော ဥများကို စေးကပ်သော ကတ်ထူစက္ကူပေါ်သို့ ညီညာစွာဖြန့်၍ နဂျီကတ်များ ပြုလုပ်ရကြောင်း၊ နဂျီကတ်တစ်ကတ်တွင် အကောင်ရေ တစ်ထောင်ပါဝင်ပြီး တစ်ဧကလျှင် ကတ် ၄၀ အသုံးပြုရကာ သီးနှံတစ်ရာသီလျှင် သုံးကြိမ်လွှတ်ပေးရကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အပင်ဘက်စုံ ပိုးမွှားရောဂါကာကွယ်ခြင်း နည်းလမ်းတွေကတော့ ပိုးမွှားရောဂါကင်းစင်သော မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ ထယ်ရေးနက်နက်နဲ့ ညက်ညက်ပြုပြင်ခြင်း၊ သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း၊ ပေါင်းမြက်ကင်းစေခြင်း၊ ရေသွင်းရေထုတ် မှန်မှန်ပြုလုပ်ပေးခြင်း၊ စနစ်တကျ ရိတ်သိမ်းခြွေလှေ့ခြင်း စသည်တို့ကို ပြုလုပ်ပေးရပါမယ်။ နောက်ပြီး ပိုးမွှားရောဂါကျရောက်မှုကို ကာကွယ်နှိမ်နင်းရန်အတွက် စိုက်ပျိုးနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ လက်လုပ်နည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း ဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ ဓာတုပိုးသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းခြင်း စသည့်နည်းဖြင့် ပိုးမွှားများမကျရောက်အောင်ပြုလုပ်ရမှာဖြစ်ပါတယ်" ဟု နေပြည်တော်တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ လ/ထ ညွှန်ကြားရေးမှူး ဒေါ်ခင်မြလွင်က ပြောသည်။

ယခုအချိန်သည် ဆောင်းသီးနှံရာသီအဖြစ် ဟင်းသီးဟင်းရွက်များကို ဈေးရရှိပြီး ရောင်းပန်းလှစေရန်နှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲနေရသောကြောင့် စိုက်ပျိုးသူနှင့် စားသုံးသူများပါ အန္တရာယ်များစွာရှိကြောင်း၊ ထို့ကြောင့် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်များ ဖြစ်စေရေးအတွက် ဥကပ်ပါးနဂျီကောင်များ လွှတ်ပေးခြင်းဖြင့် ပိုးသတ်ဆေးအန္တရာယ်ကို များစွာ အထောက်အကူဖြစ်မည်ဖြစ်ကြောင်း အဆိုပါပွဲမှ သိရသည်။

"ကျွန်တော်တို့ရွာက ဆောင်းသီးနှံတွေ အဓိကစိုက်ပါတယ်။ အခုလို နဂျီကောင်တွေ စိုက်ခင်းတွေထဲအထိ လာလွှတ်ပေး၊ ပညာပေးတဲ့အတွက် တောင်သူတွေပိုပြီး စိတ်ဝင်စားလာပါတယ်၊ အရင်နှစ်ခါ လာလွှတ်ဖူးပါတယ်။ ပိုးသတ်ဆေးစရိတ် သက်သာတဲ့အပြင် အန္တရာယ်လည်း ကင်းဝေးတဲ့အတွက် များစွာ အကျိုးရှိပါတယ်။ စိုက်ခင်းတွေလည်း ပိုးကင်းစင်ပြီး ဓာတုကင်းလွတ်တဲ့ ဟင်းသီးဟင်းရွက်များ ဖြစ်လာမှာ သေချာပါတယ်"ဟု တောင်သူ ဦးခင်မောင်က ပြောသည်။

MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက်




# အစုရှယ်ယာများစတင်ရောင်းချကြောင်းကြေညာခြင်း

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက် (Myanmar Agro Exchange Public Limited )(MAEX) ကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၇၈၉ /၂၀၁၅ - ၁၆ (ရန်ကုန်)ဖြင့်အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက်သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ တညင်းကုန်းတွင် နိုင်ငံတကာ အဆင့်မီ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် လက်လီ လက်ကား ဈေးသစ်ကြီးအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် အကျိုးတူပူးပေါင်းတည်ဆောက် ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းလည်ပတ်ရန် ရည်ရွယ်ထားပါသည်။

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက် အနေဖြင့် အများပြည်သူများသို့ အစုရှယ်ယာများကမ်းလှမ်းရောင်းချခွင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေး သက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက် ရက်စွဲပါ စာအမှတ် - ကော်မရှင် ဈေးကွက်ကြီးကြပ် / ၅၇/ ၁၆ - ၁၇ ဖြင့် ရောင်းချခွင့်ရရှိထားပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူအများပြည်သူများအား အစုရှယ်ယာ တစ်စုလျှင် (၁၀၅၀၀) ကျပ်နှုန်းဖြင့် အစုရှယ်ယာပေါင်း ( ၅၀၀၀၀၀ ) အား ( ၁၆ - ၁ - ၂၀၁၇ ) ရက်နေ့မှ ( ၁၀-၂-၂၀၁၇ )ရက်နေ့ထိ ရောင်းချ ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကို လေ့လာနိုင်ရန်နှင့် အစုရှယ်ယာ ဝယ်ယူရန် လျှောက်လွှာပုံစံများအား အောက်ဖော်ပြပါ ငွေချေး သက်သေခံ လက်မှတ် ကုမ္ပဏီများတွင် ထုတ်ယူ လျှောက်ထား ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကုမ္ပဏီအမည် - **KBZ Stirling Coleman Securities Company Limited**
လိပ်စာ - Strand Square အမှတ်၅၃၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၃၀၇၀၇၈

ကုမ္ပဏီအမည် - **AYA Trust Securities Company Limited (AYA Trust)**
လိပ်စာ - အမှတ် (၄၁၆)၊မဟာဗန္ဓုလလမ်း နှင့်မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၈၆၂၅၈၊ ၃၈၆၂၅၉

ကုမ္ပဏီအမည် - **CB Securities Limited**
လိပ်စာ - Union Financial Centre၊မဟာဗန္ဓုလလမ်း နှင့်သိမ်ဖြူလမ်းထောင့်၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၁၀၃၀၉ ~ ၁၃

ကုမ္ပဏီအမည် - **Myanmar Securities Exchange Centre Company Limited**
လိပ်စာ - အမှတ် (၂၁-၂၅)၊ ဆူးလေဘုရားလမ်း၊ ပထမထပ်၊ မြန်မာ့စီးပွားရေးဘဏ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၈၆၄၇၊ ၃၇၄၈၉၄

ကုမ္ပဏီအမည် - **KTZ Ruby Hill Securities Company Limited**
လိပ်စာ - Union Financial Centre ခုနစ်ထပ်၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၁၀၄၈၀

**ဒါရိုက်တာအဖွဲ့**
**မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)**

အခန်း (၀၄-၀၃)၊ ၄ လွှာ၊ ဘလောက် (အေ)၊ ဒဂုန်စင်တာ (၁)၊ အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၁၄၂၂၆၊ ၅၀၃၉၂၈ ၊ ၅၀၃၉၂၉


M40,M50
MPT SMARTPHONE
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
FREE SIM WITH INTERNET
15 GB FOR M50 - 4.5 GB FOR M40
MPT
M40 4.0 inch 32,000 Ks
M50 5.0 inch 99,000 Ks
ဖုန်းဝယ်ယူစဉ်တွင် ပါရှိသည့် MPT SIM CARD ကို SIM 1 တွင် ထည့်သွင်းအသုံးပြုမှသာလျှင်
FREE INTERNET ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အထောက်အကူပြု ကျန်းမာရေးသတင်းစနစ်အတွက် အသုံးပြုရမည့် HMIS ပုံစံ/ဆေးရုံလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါမှတ်တမ်းပုံစံအပါအဝင် (၁၅)မျိုးအား ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၃-၁-၂၀၁၇ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၂-၂၀၁၇ ရက် မွန်းလွဲ ၂း၀၀နာရီ

ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၃၁၁၈၀၊ ၀၆၇-၄၃၁၁၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် လူနာများအား ကုသမှုပေးရန် FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲ ဓာတ်မှန်သုံးဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၀း၀၀နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀)**
**ဖုန်း-၀၆၇-၄၂၁၄၆၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေနံချောင်းမြို့နယ်၊ ရေနံချောင်းမူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း လူဝန်မှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးတွင်လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးသို့လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၃-၂၈၃၃၈၊ ၀၉-၄၅၁၆၆၈၅၁၄**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Dell™ PowerEdge R730 Server, Enterprise Red had Licensed Server Operating System,Web Installation and Configuration | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၇-၁-၂၀၁၇ရက်မှစတင်ထုတ်ပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၇ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ (သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စက်မှုအင်ဂျင်နီယာဌာနစိတ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နေပြည်တော်၊ ရုံးအမှတ်(၅၅)။

၅။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၂၉၃၊ ၄၁၈၃၃၂သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရေးအဖွဲ့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် နေပြည်တော်အုတ်စက်ရုံတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည် -

(က) အနည်းဆုံး( 6500 BTU/LB (သို့မဟုတ်) 3650 KCal/Kg) ရှိသည့် ကျောက်မီးသွေး တန် (၄၀၀၀)

(ခ) 33KV Outgoing Feeder ၏ (GCB) (Gas Circuit Breaker) (1) Set

၂။ (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၁၆ ၊ ၁၊ ၂၀၁၇

(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၄ ၊ ၁ ၊ ၂၀၁၇

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်

- နေပြည်တော်အုတ်စက်ရုံ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင် (၁၆) မိုင်၊ (၄) ဖါလုံ မင်းကုန်း ကျေးရွာအနီး ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
- ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၇၈၄၃၀၀၁၄၃၊ ၀၉-၈၃၀၂၃၀၀

စက်ရုံပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## တိုင်းရင်းဆေးတက္ကသိုလ်
## မန္တလေး
## တိုင်းရင်းဆေးတက္ကသိုလ် ၂၀၁၇ ပညာသင်နှစ် ပထမနှစ်
# ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌ ပထမနှစ်သင်တန်း တက်ရောက်ပညာသင်ကြားလိုသည့် ကျောင်းသား ကျောင်းသူများအတွက် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

၂။ လျှောက်ထားသူသည်-

(၁) ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု၊ ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(၂) ဇီဝဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(၃) ကျန်းမာရေးပြည့်စုံကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့တဲ့မှုမရှိသူများ ဖြစ်ရမည်။

(၄) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် ရရှိသည့် စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

(၅) တိုင်းရင်းဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကိုပြီးဆုံးအောင် တက်ရမည်။

(၆) သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မြန်မာ့တိုင်းရင်းဆေးပညာ (B.M.T.M)ဘွဲ့ပေးအပ်မည်ဖြစ်သည်။

(၇) လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး (သို့မဟုတ်) ရဲစခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့ဓာတ်ပုံ(၅)ပုံ(ကာလာ)နှင့်အတူ ပူးတွဲတင်ပြရမည်။

(၈) လျှောက်လွှာများကို တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် အခမဲ့ရယူပြီး သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ၁၅-၂-၂၀၁၇ ရက် နောက်ဆုံးထား၍ တိုင်းရင်းဆေးတက္ကသိုလ်တွင် လျှောက်ထားရမည်ဖြစ်သည်။

(၉) သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြရမည်။ မမှန်မကန်ဖြည့်စွက်ရေးသားသော လျှောက်လွှာများနှင့်အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၁၀) အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းရင်းဆေးတက္ကသိုလ် ဖုန်း-၀၂-၇၅၆၉၂/ ၀၉-၄၀၂၅၃၁၄၄၁တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တိုင်းရင်းဆေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လစ်လပ်လျက်ရှိသော သားဖွားဆရာမ(လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူး (၁၉၅၉) နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဘက်စုံသားဖွား(၁၈)လသင်တန်း(သို့မဟုတ်)ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းဆင်း အောင်လက်မှတ်ရရှိပြီးသူဖြစ်ရမည်။

(ဂ) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီတွင် မှတ်ပုံတင်ထားပြီး သားဖွားလိုင်စင် ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့် ၃၁-၁-၂၀၁၇ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(စ) ဦးစားပေးလျှောက်ထားလိုသည့် တိုင်းဒေသကြီး/ပြည်နယ်ကို (ပထမ၊ ဒုတိယ၊တတိယ)ဖြင့် တိကျစွာလျှောက်ထားရမည်။

၃။ လျှောက်လွှာပေးပို့ရန်-

(က) လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၃၁-၁-၂၀၁၇ရက် နောက်ဆုံးထား လျှောက်ထားရမည်။

(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်အလက်များ-

(၁) သားဖွားအောင်လက်မှတ်(မိတ္တူမှန်)

(၂) သားဖွားလိုင်စင်(မိတ္တူ)၊ (အမည်၊ လိုင်စင်အမှတ်ပါစာမျက်နှာနှင့် နောက်ဆုံးသက်တမ်းတိုးသည့် စာမျက်နှာ (၃)ရွက်သာပေးပို့ရန်)။

(၃) နိုင်ငံသား စိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်

(၄) ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံစာ(မူရင်း)(၁)စောင်

(၅) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ(မူရင်း) (၁)စောင်

(၆) (၁)လအတွင်း ပြုလုပ်ထားသော သက်ဆိုင်ရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း) (၁)စောင်

(၇) လျှောက်လွှာပုံစံတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့်ကာလာလိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ရန်။

၄။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံစွာဖြင့် လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးမည့်ရက်အား ၁၆-၂-၂၀၁၇ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ သိရှိလိုသည့်အချက်များရှိပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၀၇၀၊ ၀၆၇-၄၃၁၁၅၂သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ကြေညာချက်

- Car Show Room နှင့် Sale Centre များဖွင့်လှစ်၍ မော်တော်ယာဉ်များ တင်သွင်းရောင်းချနေသော ကုမ္ပဏီများအနက် အောက်ဖော်ပြပါကုမ္ပဏီ(၇၀)တို့သည် ၁၂-၁-၂၀၁၇ရက်အထိ ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်များအတွက် ကျသင့်အခွန်များပေးဆောင်ရန် ပျက်ကွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။
- ဖော်ပြပါကုမ္ပဏီများအနေဖြင့် အခွန်စည်းကြပ်မှုခံယူရမည့် သက်ဆိုင်ရာ အခွန်ရုံးများသို့ ဆက်သွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ကျသင့်အခွန်များ ပေးသွင်းကြပါရန် လိုအပ်ပါသည်။
- တိုးမြှင့်သတ်မှတ်ပေးသည့်ကာလအတွင်း အခွန်ပေးဆောင်ရန်ပျက်ကွက်သည့် ကုမ္ပဏီများသည် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခြင်း၊ တရားစွဲဆိုခြင်းတို့ကို ခံရနိုင်မည်ဖြစ်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

| စဉ် | ကုမ္ပဏီအမည် |
|---|---|
| ၁ | Best Golden Village Auto Services Co.,Ltd. |
| ၂ | Century Bright Gold Services Co;Ltd. |
| ၃ | Crown Myanmar Co.,Ltd. |
| ၄ | Five Oceans Services Ltd. |
| ၅ | Friendship Group Services Co.,Ltd. |
| ၆ | Grand Member Centre Service Co.,Ltd. |
| ၇ | Mingalar Thukha Trading Co.,Ltd. |
| ၈ | Myanmar Acme Services Co.,Ltd. |
| ၉ | Myanmar Capital Land Co.,Ltd. |
| ၁၀ | Myint Myat Maung Services Co.,Ltd. |
| ၁၁ | Sky High Services Co.,Ltd. |
| ၁၂ | Temperance General Services Co.,Ltd. |
| ၁၃ | Triple Two Services Co.,Ltd. |
| ၁၄ | Insight Technologies Services Co.,Ltd. |
| ၁၅ | Doh Shwe Myanmar Services Co.,Ltd. |
| ၁၆ | Tha Pyay Nyo Services Co.,Ltd. |
| ၁၇ | Golden Fortune Services Co.,Ltd. |
| ၁၈ | Shwe Yamone Services Co.,Ltd. |
| ၁၉ | Asia Economic Community Colour Co.,Ltd. |
| ၂၀ | Ayarwaddy Power Co.,Ltd. |
| ၂၁ | Big Boss Brothers Services Co.,Ltd. |
| ၂၂ | December Light Services Co.,Ltd. |
| ၂၃ | Dynamic Co.,Ltd. |
| ၂၄ | Glory World Services Co.,Ltd |
| ၂၅ | Green Matrix Limited. |
| ၂၆ | Lucky Center Services Co.,Ltd. |
| ၂၇ | Lynn Yoma Co.,Ltd |
| ၂၈ | Myanmar Jade Crown Services Co.,Ltd. |
| ၂၉ | Ngwe Sin Lin Lakh Trading Co.,Ltd |
| ၃၀ | Patriot Power Services Co.,Ltd. |
| ၃၁ | Royal 63 Services Co.,Ltd. |
| ၃၂ | Royal Thiri Auto Services Co.,Ltd. |
| ၃၃ | Royal Toe Family Services Co.,Ltd. |
| ၃၄ | Soe San Automobile Services Co.,Ltd. |
| ၃၅ | Summit Life Co.,Ltd. |
| ၃၆ | The Grand Nay Nan Taw Co.,Ltd. |
| ၃၇ | Trust Land Services Co.,Ltd. |
| ၃၈ | Win & Sann Pwint Aung Myin Services Co.,Ltd. |
| ၃၉ | Win Htin Kyaw Services Co.,Ltd. |
| ၄၀ | Pyae Sone Aung Naing Services Co.,Ltd. |
| ၄၁ | J P N Auto Services Co.,Ltd. |
| ၄၂ | Ko Thar Htet Services Co.,Ltd. |
| ၄၃ | Japan Auto myanmar (Yangon)Co.,Ltd. |
| ၄၄ | High-Tech Princess Services Co.,Ltd. |
| ၄၅ | Myanma Car Aung Naing Yae Services Co.,Ltd. |
| ၄၆ | Thet Htar Auto Service Co.,Ltd. |
| ၄၇ | Ever Green Autos Co.,Ltd. |
| ၄၈ | M & Y Car Sale Centre Co.,Ltd. |
| ၄၉ | Than Su Shwin Services Co.,Ltd. |
| ၅၀ | Aung Gabar Services Co.,Ltd. |
| ၅၁ | Saung Technical Services Co.,Ltd. |
| ၅၂ | Win Ko Services Co.,Ltd. |
| ၅၃ | Ran Speed Services Co.,Ltd. |
| ၅၄ | Golden Chance Services Co.,Ltd. |
| ၅၅ | Saung Thit Nay Co.,Ltd. |
| ၅၆ | Super Traders Co.,Ltd. |
| ၅၇ | Rixs International Co.,Ltd. |
| ၅၈ | Yangon Motors Ltd. |
| ၅၉ | Lwin & Swam Motor Co.,Ltd. |
| ၆၀ | Myanmar Refreshing Services Co.,Ltd. |
| ၆၁ | Myanmar Auto Trader Services Co.,Ltd. |
| ၆၂ | X.Y Services Co.,Ltd. |
| ၆၃ | Htoo Family International Services Co.,Ltd. |
| ၆၄ | Automobile Alliance Co.,Ltd. |
| ၆၅ | First Myanmar Auto Services Co.,Ltd. |
| ၆၆ | Fujiyama Services Co.,Ltd. |
| ၆၇ | Myanmar K Block Co.,Ltd. |
| ၆၈ | Myint Myat Hein Auto Services Co.,Ltd. |
| ၆၉ | Sandrar Services Co.,Ltd. |
| ၇၀ | Sea Cross Express Services Co.,Ltd. |

## ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့ပူးပေါင်း၍ စာတမ်းဖတ်ပွဲ

ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)တို့ပူးပေါင်း၍ စာတမ်းဖတ်ပွဲနှင့်ဆွေးနွေးပွဲကို အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ထွေးမှ အခွန်ဆိုင်ရာစာရင်းစစ်ဆေးခြင်း ပညာရပ်ဆိုင်ရာစာတမ်းအားလည်းကောင်း၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမိုးကျော်မှ ကုမ္ပဏီနှစ်ချုပ်စာရင်းရေးဆွဲခြင်း ပညာရပ်ဆိုင်ရာ စာတမ်းအားလည်းကောင်း၊ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၂ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲ ခန်းမတွင် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက်ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် ၂၀-၁-၂၀၁၇ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲနေ့တွင် မှတ်ပုံတင်ကြေးပေးသွင်းတက်ရောက်ခြင်းကို (လုံး၀)လက်ခံမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၁၄၆၅၃၊ ၀၉-၃၁၇၃၈၁၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8L/2180 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၇၅၃၉၉ Honda Wave 110 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးချစ်လှိုင် ၁၀/ရမန(နိုင်)၂၁၄၀၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၆ခုနှစ် တရားမပထမအယူခံမှု-၂၁၅**

ဒေါ်ခင်စီ — နှင့် — ဒေါ်ခင်ရီ
**အယူခံတရားလို** — **အယူခံတရားပြိုင်**

၂၀၁၆ ခုနှစ် ဧပြီ ၂၉ ရက်စွဲပါ မန္တလေးခရိုင် နယ်တရားရုံးတော်မှ မကြီး ၄၃၇/၂၀၁၅ကို အယူခံမှု။

အယူခံတရားပြိုင် ဒေါ်ခင်ရီ အကွက် ၈၆၃၊ ဦးပိုင် ၉/ခ၊ တောင်ရွာသစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးမှ ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ခင်စီက အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၅ ရက်) တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှု တွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက် ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၈၂**

Family United Power Co.,Ltd. — နှင့် — ဦးစန်းလွင်
(၎င်းကုမ္ပဏီကိုယ်စားအထွေထွေမန်နေဂျာ ဦးစောအောင်သူလင်း)
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၃) ရပ်ကွက်၊ မိုးကုတ်လမ်း၊ အမှတ် (၁၆၂)နေ (ယခုနေရပ်လိပ်စာမသိ)သူ ဦးစန်းလွင် သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ Family United Power Co., Ltd. (၎င်းကုမ္ပဏီကိုယ်စား အထွေထွေမန်နေဂျာ ဦးစောအောင်သူလင်း)က စက်ယန္တရား ငှားရမ်းခကျန်ငွေ ၂၂၃၈၉၄၀၀ိ/-(ကျပ်နှစ်ရာနှစ်ဆယ့်သုံးသိန်း ရှစ်သောင်းကိုးထောင်လေးရာတိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းသိန်းနှင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၇၀**

ဒေါ်စန်းစန်းဝေ — နှင့် — ဦးသန်းအေး
**တရားလို** — **တရားပြိုင်**

ဘိုကလေးမြို့နယ်၊ ကြိမ်ချောင်းကျေးရွာအုပ်စု၊ ခရချောင်းကျေးရွာနေ တရားပြိုင် ဦးသန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းဝေက လယ်(၁၂)ဧကအတွက်(၁)ဧကလျှင် ကာလပေါက်ဈေး ငွေ(၄၀၀၀၀၀ိ/-)ဈေးဖြင့် လယ်(၁၂)ဧကအတွက် လယ်ဖိုးငွေ (၄၈၀၀၀၀၀ိ/-) (လေးဆယ့်ရှစ်သိန်းကျပ်တိတိ) လက်ရောက်ရလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့် အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၃ ရက် (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးလှိုင်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၈၃**

Family United Power Co.,Ltd. — နှင့် — ဒေါ်ဝင်းမော်
(၎င်းကုမ္ပဏီကိုယ်စားအထွေထွေမန်နေဂျာ ဦးတုမော်နွဲ့)
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ အမှတ်(၁၆၂)နေ (ယခုနေရပ်လိပ်စာမသိ)သူ ဒေါ်ဝင်းမော် သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ Family United Power Co.,Ltd. (၎င်းကုမ္ပဏီကိုယ်စား အထွေထွေမန်နေဂျာ ဦးတုမော်နွဲ့)က စက်ယန္တရား ငှားရမ်းခကျန်ငွေ ၃၄၅၂၅၀၀ိ/-(ကျပ်သုံးရာလေးဆယ့်ငါးသိန်းနှစ်သောင်း ငါးထောင်တိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းသိန်းနှင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၄**

ဦးအောင်မြင့် — နှင့် — ၁။ ဒေါ်နန်းကျန်(ခ)ဒေါ်မြတင်ဇာ
၂။ ဦးအောင်သိန်း
၃။ ဒေါ်ခင်မာညို
**လျှောက်ထားသူ** — **လျှောက်ထားခံရသူများ**

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၁)၊ သဇင်လမ်း၊ အမှတ်(၉၇)နေ လျှောက်ထားခံရသူ (၂) ဦးအောင်သိန်း၊ (၃) ဒေါ်ခင်မာညို (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးအောင်မြင့်က ဤရုံး၏ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၆တွင် တရားရှုံး ဦးအောင်သိန်း၊ ဒေါ်ခင်မာညိုတို့ နေထိုင်ပိုင်ဆိုင်သည့်အိမ်မြေအား ပညတ်မိန့်ထုတ်ထားသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် အမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ဝရန်း ခွာပေးရန် လျှောက်ထားလာသည်ဖြစ်၍ သင်တို့က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာ မရောက်ရှိခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးအောင်မြင့်၏ လျှောက်ထားလွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာလာထွဋ်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၇၁**

ဒေါ်စန်းစန်းဝေ — နှင့် — ဦးသန်းအေး
**တရားလို** — **တရားပြိုင်**

ဘိုကလေးမြို့နယ်၊ ကြိမ်ချောင်းကျေးရွာအုပ်စု၊ ခရချောင်းကျေးရွာနေ တရားပြိုင် ဦးသန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းဝေက လယ်ခန့်ကားစပါး ၃၆၀ တင်း (သို့မဟုတ်) ၎င်းနှင့်တန်ဖိုးညီမျှသော ကာလပေါက်ဈေး ငွေ ၅၀၀၀၀၀ိ- ဈေးဖြင့် နှံကားစပါး ၃၆၀တင်းအတွက် ငွေ ၁၈၀၀၀၀၀ိ/-(တစ်ဆယ့်ရှစ်သိန်းတိတိ) လက်ရောက် ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၃ ရက် (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ဝေအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၇၉**

ဒေါ်တင်တင်ငွေ — နှင့် — ဒေါ်ငွေငွေဝင်း
**တရားနိုင်** — **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၁)ရုံး၊ တရားမကြီးမှုအမှတ် ၁၈၅/၂၀၁၅အမှုတွင်ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင်အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်) နံနက် ၁၀း၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကတရားဝင် လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချသည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ တိုက်အမှတ် ၄၄၊ မြေညီထပ်(ဝဲ)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေးကျပ်သိန်း ၄၀၀ (ကျပ်သိန်းလေးရာတိတိ)။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရသိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက် လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသည့်အရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူ သူက ငွေကျပ်(၁၀၀ိ/-)လျှင် (၂၅ိ/-)ကျပ်ကို လေလံဆွဲယူပြီးသည်နှင့် တစ်ပြိုင်နက် တည်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်၍ လေလံတင် ရောင်းချလိမ့်မည်။
၄။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံ ရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်တွင် တရား ရုံးသို့အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမ ရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၆။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချ ရန်ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဒေါ်ငွေငွေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)ရုံး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇**
**ကွယ်လွန်သူ ဦးနာတာလူး၏ ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု**

ဦးကြည်လှိုင်ကြီး (ခ) ဦးစံမြ — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တံတားလေး၊ ပန်းပင် ကုန်းလမ်းတွင် နေထိုင်ကွယ်လွန်သူ ဦးလေး ဦးနာတာလူး၏ ကျန်ရစ်သော အမွေပစ္စည်း အပေါ် အမွေထိန်းလက်မှတ်စာရရှိထားသူ တူဖြစ်သော-ဦးကြည်လှိုင်ကြီး(ခ)ဦးစံမြက-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တံတားလေး၊ ပန်းပင် ကုန်းလမ်းဟုခေါ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁A(ကံဘဲ့)၊ မြေကွက်အမှတ်(၄/ဃ)၊ အကျယ်အဝန်း (၀ ဒသမ ၄၅၈ ဧကရှိ မြေကွက်ကြီးသက်သက် အမွေပစ္စည်းနှင့်ပတ်သက်၍ စီမံခန့်ခွဲနိုင်ရန်အတွက် လျှောက်ထားလာသည်ဖြစ်၍ လျှောက်ထားမှုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သော ကြောင့် အထက်ဖော်ပြပါ ပစ္စည်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၆ရက်) နံနက် ၁၀း၀၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးအားလည်းကောင်း၊ လာရောက်၍ ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆို လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက် ထားသူ ဦးကြည်လှိုင်ကြီး(ခ)ဦးစံမြ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သနပ်ပင်မြို့နယ်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၄**

| | | | |
|---|---|---|---|
| ၁။ ဦးဇော်ဝင်း | ၂။ ကြည်ဝင်း | နှင့် | ၁။ ဦးနေလင်းအောင် |
| ၃။ မသီတာတိုး | ၄။ မနီလာတိုး(ခ)မိုးမိုး | | ၂။ ဦးနေမင်းအောင် |
| ၅။ မခိုင်ဇင်ဦး | ၆။ ကိုမျိုးမင်းဦး | | ၃။ မသန်းသန်းကို |
| ၇။ မထားထားခင် | ၈။ မမိုးမိုးခင် | | ၄။ ဦးသန်းနိုင် |
| ၉။ ကိုမျိုးကျော် | | | |

**တရားလိုများ** — **တရားပြိုင်များ**

သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ နီလာလမ်းနေ ဦးနေမင်းအောင် (၂-တရားပြိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးဇော်ဝင်း ပါ(၉)ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို များ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်နွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သနပ်ပင်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ဒဂုံအရှေ့ပိုင်းမြို့နယ် အမှတ်(၁) ကျောင်းမှ ခင်မောင်ထွန်း၏ ဖခင် အမည်မှန်မှာ ဦးသန်းထွဋ်ကို ဖြစ်ပါ ကြောင်း။

## အမည်ပြောင်း

မင်းဘူးခရိုင်၊ စကုမြို့နယ်၊ ကြီးကန်ရွာ အလက(ခွဲ)အဌမတန်းမှ (ဘ) ဦးစိုးဝင်း ၈/မဘန (နိုင်) ၀၅၅၈၀၅ ၏သမီး မခိုင်ဖွန်သီအား မမေချမ်းမြေ့မိုးဟု ပြောင်းလဲခေါ်ပါရန်။

**မမေချမ်းမြေ့မိုး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်စန္ဒာငွေး ၈/တတက (နိုင်)၀၉၉၆၃၂၈၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသန်းသန်းမော် ၈/တတက (နိုင်)၁၂၆၇၂၂၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၀၀၃၁၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁ ထူပါရုံ၊မြေကွက်အမှတ် ၇၄၃/က၊ မြေကွက်တည်နေရာအမှတ် (၇၄၃/က)၊ ထူပါရုံ(၁၈)လမ်း၊ အနောက် (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဘစော CI -၀၄၄၃၆) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဦးဘထွန်း၊ ဒေါ်အေးအေးသက်တို့မှ ၂၀၁၅ ခုနှစ် တရားမကြီးမှု အမှတ်(၅၁)ဖြင့် ဦးဘစော အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ ရာ ၄-၃-၂၀၁၆ ရက် စီရင်ချက်အနိုင်ဒီကရီ များနှင့် ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ် (၂၅)အမိန့် တို့တင်ပြ၍ တရားရှုံးကိုယ်စား ဘီလစ်ဒေါ်သင်းသင်းလှိုင် ၁၂/ဒလန(နိုင်) ၀၃၆၉၄၄မှ ဂရန်မှုရင်းတင်ပြ၍ အရောင်း အဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၉/ပန်းခင်း၊ မြေကွက်အမှတ် ၆၇၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးမြအုံး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးငယ်ငယ်စိုး ၉/ပမန(နိုင်)၁၅၈၈၀၃ (ဘ) ဦးတင်စိုးမှ ပျဉ်းမနားမြို့မြေတိုင်းချဲ့ နေရာချထားရေးကော်မတီ၏ ပိုင်းကွက် တန်ဖိုးငွေရပြေစာမူရင်း၊ အရောင်းအဝယ် စာချုပ်မူရင်း၊ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်း မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံ ချက်များတင်ပြ၍ မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခ ဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၃၈၅၉) အမည်ပေါက် ဦးတင်မောင်ရည် ၉/ညဥန(နိုင်) ၀၁၅၁၀၃ (ဘ)ဦးလှသည် ၁-၆-၂၀၁၅ရက် တွင် ကွယ်လွန်သွားပါသဖြင့် ဦးတင်မောင်ရည် ၏တရားဝင် အမွေခံညီ၊ ညီမများဟုဆိုသူ (၁)ဒေါ်သင်းသင်းမိုး ၉/မရမ(နိုင်)၀၁၀၅၆၅ (ဘ)ဦးလှ၊ (၂) ဦးစိုးမြင့်ဝင်း ၉/မရမ(နိုင်) ၀၀၂၀၄၇ (ဘ) ဦးလှတို့မှ အမွေခံမှန်ကန် ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မှတ်ပုံ တင်ပြီး)မူရင်း၊ ဦးတင်မောင်ရည် သေဆုံးမှု လက်မှတ်မိတ္တူ၊ မီးသင်္ဂြိုဟ်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံချက်မိတ္တူတင်ပြ၍ မြေကွက် အမှတ်(ပ-၃၃၈၅၉)ကို ၎င်းတို့၏အမည်ဖြင့် နှစ် ၃၀ မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ် ၃၀ မြေငှား စာချုပ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## မြန်မာကျောက် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများကို နွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့် စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်း အောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်းရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ၊ ဘောဂဗေဒ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးစဉ်းစားမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါ ကူညီထောက်ပံ့ပေးမည်။
(ဆ) ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်။**

အမှတ် (၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၈၃၈၈၆၄၊ ၀၉၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း (ဌာနမှူး)၊ ၀၉၄၀၁၅၈၀၄၀၃၊ ၀၉၇၉၅၃၇၂၂၄၉၊
ဒေါ်ငွေးငွေးဝင်း (ဌာနမှူး)၊ ၀၉၉၇၉၆၂၁၆၃၉၊ ၀၉၂၅၃၀၃၈၇၂၂၊
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉၂၅၀၇၇၄၉၀၈၊ ၀၉၄၂၅၂၇၆၉၀၈၊


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဃ/၉၇၂၃၆ Honda Wave 125/ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးရွှေပြန် ၁၀/ကမရ (နိုင်)၀၁၆၁၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)


ကိုဝင်းနိုင် 09425355758,09-252990976
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော (၄)ရက်၊ ဆက်၍-လွိုင်ကော်ပါ (၅)ရက်
ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ဒမီ၊ ဇက်စဲ (၅)ရက်၊ မြိတ်ပါ (၇)ရက်
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၃)ရက်၊ ဆက်၍-မန္တလေး၊ ပြင်ဦးလွင် (၅)ရက်
မန်းရွှေစက်တော်နှင့် လမ်းဘုရားစုံ (၃)ရက်၊ ဆက်၍-အလောင်းတော်ကဿပ (၅)ရက်
မန်းရွှေစက်တော်နှင့် ပုပ္ပါး ပုဂံ၊ ညောင်ဦး (၅)ရက်၊ ဆက်၍-အလောင်းတော်ကဿပ (၇)ရက်
ဘားအံ၊ မြဝတီ၊ ပဲခူး ဆောက် ခရီးစဉ် (၃)ရက် Guest- 75000
ပုဂံ၊ ပုပ္ပါး၊ ဇွဲကပင်တော်လေးဆူ ပခုက္ကူ (၃)ရက် Hotel- 75000
မန္တလေး၊ ပြင်ဦးလွင်၊ ရေပြာအိုင်၊ ကျောက်စိမ်းဘုရား (၃)ရက် Hotel- 65000
ဘားအံ ဂူ(၅)ဂူ၊ တောင်ဝိုင်း၊ ချစ်သူမြိုင်၊ ကျောက်ကလော့ (၃)ရက် Hotel- 65000









ချာချီးယား ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

KTZ
Decoration & Management
လူကြီးမင်းတို့၏အိမ်၊ ရုံးခန်း၊ ဆိုင်ခန်းများအတွက် ပြုပြင်ခြင်း၊ အလှဆင်ခြင်းများကို ဈေးနှုန်းချိုသာစွာဖြင့်ပြုလုပ်ပေးနေပါသည်။
အမှတ်(၃၀/ခ)၊ သီဟလမ်းသွယ်၊ ဖော့ကန်၊
09-31295900, 09-250436056
09-31226030, 09-442593962







(၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ စာမျက်နှာ-၄

# ရန်ကုန်မြို့၏ဘတ်စ်ကားလိုင်း စနစ်သစ်ပြောင်းလဲပြေးဆွဲရာတွင် သတ်မှတ်ယာဉ်စီးခထက် ပိုမို တောင်းခံသည့်ယာဉ်များကို ပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်၍ အရေးယူသွားမည်




**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်မြို့၏ ဘတ်စ်ကားလိုင်း စနစ်သစ် ပြောင်းလဲ ပြေးဆွဲရာတွင် သတ်မှတ်ယာဉ်စီးခထက် ပိုမိုတောင်းခံသည့် ယာဉ်များကို ပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်၍ အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"ယာဉ်စီးခ ပိုမိုတောင်းခံရင် ထိရောက်တဲ့အရေးယူဆောင်ရွက်မှုမျိုး လုပ်သွားမှာပါ။ ထိရောက်တဲ့အရေးယူဆောင်ရွက်မှုကတော့ ပြင်းထန်မှာဖြစ်ပါတယ်၊ အဲဒီကားပိတ်သိမ်းခံရတဲ့အထိ အရေးယူဆောင်ရွက်တာတွေရှိလာမှာဖြစ်ပါတယ်၊ အရင်ဆောင်ရွက်ခဲ့တဲ့အခြေအနေက အားနည်းပါတယ်၊ ဒါကြောင့် ကားပါဆုံးရှုံးသွားနိုင်တဲ့အခြေအနေအထိ ထိထိရောက်ရောက် အရေးယူသွားမှာဖြစ်ပါတယ်၊ စည်းမျဉ်းစည်းကမ်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့က အားလုံးပါဝင် ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းနေသလို တစ်ဖက်ကလည်း စည်းမျဉ်းစည်းကမ်းနဲ့ ထိထိရောက်ရောက် ဆောင်ရွက်သွားမှာပါ" ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘတ်စ်ကားလိုင်းစနစ်ပြောင်းလဲ ပြေးဆွဲခြင်းနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် မီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားရာတွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ရန်ကုန်မြို့အတွင်း ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရန်နှင့် ဘတ်စ်ကားလိုင်းများစနစ်တကျဖြစ်စေရန်အတွက် ရန်ကုန်မြို့တွင်း လက်ရှိပြေးဆွဲနေသည့် ဘတ်စ်ကားယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ကို ထိန်းချုပ်လျက်ရှိသော မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ *စာမျက်နှာ ၅ ကော်လံ ၁* ❐

## လာနီညာရာသီဥတုဖြစ်ပေါ်နေဆဲဖြစ်၍ အထက်ပိုင်းဒေသများ ညအပူချိန်လျော့ကျနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစတင်ကာ ၂၀၁၇ ဇန်နဝါရီလဆန်းအထိ ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းလေးကြိမ်၊ လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နေခဲ့သည့်အတွက် မြန်မာနိုင်ငံ၌ ဆောင်းရာသီကာလ အအေးပေါ့ခဲ့သော်လည်း ယခုအခါ မုန်တိုင်းများစဲသွားသည်နှင့် အအေးဓာတ်များစတင်ပိုမိုလာခဲ့ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သုံးသပ်သည်။

ယခုနှစ်အစတွင် အားအနည်းငယ်သာရှိခဲ့သည့် လာနီညာရာသီဥတုသည် ဖြစ်ပေါ်နေဆဲဖြစ်ပြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ ညအပူချိန် ဆက်လက်လျော့ကျနိုင်ကြောင်း ဒေါက်တာထွန်းလွင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် သုံးသပ်တင်ပြထားသည်။

လက်ရှိအချိန်အထိ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် Nino 3,4 ဧရိယာများ၌ ပုံမှန်၏အောက် -0.5°C အထိ ကျဆင်းနေကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၅* ✻

## ရေတာရှည်အမှတ်(၆)သကြားစက်ရုံမှ ကြံတစ်တန် ကျပ် ၇၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ဝယ်ယူ



**ကိုလွင်(ဆွာ)**

**ရေတာရှည် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ်(၆)သကြားစက်ရုံမှ နိုင်ငံတော်နှင့် နှစ်ရှည်စီမံချက်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Delicious Food Limited က တောင်သူများ အကျိုးစီးပွားမြင့်မားစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ ကြံတစ်တန်လျှင် ကျပ် ၇၀၀၀၀ နှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့တွင် ကြံထွက်နှုန်း *စာမျက်နှာ ၅ ကော်လံ ၁* ❖



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

*(ယမန်နေ့မှအဆက်)*

(၅) အစုရှယ်ယာအမှတ်စဉ်များနှင့် အစုရှယ်ယာ သက်သေခံလက်မှတ်များ၏ အမှတ်စဉ်များ၊

(၆) အစုရှယ်ယာများအတွက် ပေးချေထားသည့်ငွေပမာဏ၊

(၇) အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေထားခြင်း ရှိ မရှိနှင့်

(၈) အစုရှယ်ယာများအတွက် ပေးချေရန် ကျန်ရှိသည့်ငွေပမာဏ ရှိခဲ့လျှင် ယင်းငွေပမာဏ။

၉၁။ **ကုမ္ပဏီတွင် ပါဝင်သူများနှင့် စပ်လျဉ်းသည့်အညွှန်းစာရင်း**

(က) ပါဝင်သူဦးရေ (၅၀) အထက်ရှိသော ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အညွှန်းစာရင်းတစ်ရပ်အဖြစ် ပြုစုထားရှိခြင်း မဟုတ်လျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်များအတွက် နောက်ဆုံးအချက်အလက်များပါရှိသော အညွှန်းစာရင်းတစ်ရပ်ကို ပြုစုထားရှိရမည်ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲ ပြင်ဆင်မှုတစ်ရပ်ရပ် ပြုလုပ်သည့်နေ့မှ (၁၄) ရက်အတွင်း အညွှန်းစာရင်းတွင် လိုအပ်သော ပြောင်းလဲပြင်ဆင်မှုကို ပြုလုပ်ရမည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူများအတွက် အညွှန်းစာရင်းတွင် ၎င်းနှင့်သက်ဆိုင်သည့် အချက်အလက်များအား မှတ်ပုံတင်စာရင်း၌ လွယ်ကူစွာ ရှာဖွေသိရှိနိုင်ရန်အတွက် လုံလောက်သည့် အညွှန်းသင်္ကေတများကို ထည့်သွင်းဖော်ပြရမည်။

၉၂။ **အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်း**

(က) ထုတ်ဝေခြင်းမပြုရသေးသော အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို အော့ပ်ရှင်(option) ပြုထားသော ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည်-

(၁) ကုမ္ပဏီတွင်အော့ပ်ရှင် (option) ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများအတွက် အော့ပ်ရှင်(option) ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့် ရက်စွဲ၊

(၃) အော့ပ်ရှင် (option) ကို ကျင့်သုံးဆောင်ရွက်နိုင်သည့်ကာလ သို့မဟုတ် အချိန်၊

(၄) အော့ပ်ရှင် (option)ကို ကျင့်သုံးဆောင်ရွက်ခြင်းမပြုမီက ပေါ်ပေါက်ရမည့် အဖြစ်အပျက်တစ်ရပ်ရပ်၊

(၅) အော့ပ်ရှင် (option) ပေးခြင်းအတွက် ပေးချေရသည့် ငွေပမာဏတစ်ရပ်ရပ်၊

(၆) အော့ပ်ရှင် (option) ကျင့်သုံးဆောင်ရွက်မှုအတွက် ပေးချေရမည့် ငွေပမာဏတစ်ရပ်ရပ် သို့မဟုတ် အဆိုပါ ငွေပမာဏအား သတ်မှတ်သည့် နည်းလမ်းနှင့်

(၇) ပုဂ္ဂိုလ်တစ်ဦးအား အော့ပ်ရှင်(option) ရှိသူတစ်ဦး အဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

(ခ) အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်းသည် အော့ပ်ရှင် (option) များအား ကျင့်သုံးဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့်အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက် ပြုစုထားရှိရမည်။

(ဂ) အော့ပ်ရှင် (option) များအား လွှဲပြောင်းသည့် ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် အော့ပ်ရှင် (option) တစ်ရပ်အား လွှဲပြောင်းခြင်းအတွက် အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ရန် လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီမှ အော့ပ်ရှင် (option) အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အော့ပ်ရှင် (option) လွှဲပြောင်းမှုကို ထိခိုက်စေခြင်းမရှိစေရ။

၉၃။ **ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း**

ဒီဘင်ချာများထုတ်ဝေသည့် ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(က) ဒီဘင်ချာရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့ လက်ဝယ်ရှိသည့် ဒီဘင်ချာများ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(ခ) ပုဂ္ဂိုလ်တစ်ဦးစီအား ဒီဘင်ချာ ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲနှင့်

(ဂ) ပုဂ္ဂိုလ်တစ်ဦးအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

၉၄။ **အခြား အကျိုးခံစားခွင့်များ၏ မှတ်ပုံတင်စာရင်း**

(က) ကုမ္ပဏီတစ်ခုသည် ယင်း၏အစုရှယ်ယာ မတည်ငွေရင်းရှိ အခြားအကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထုတ်ဝေထားသည့် အကျိုးခံစားခွင့်တစ်ရပ်အားရယူရန် အခွင့်အရေးပေးအပ်ထားသော ငွေချေးသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ဖြစ်စေ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(၁) အကျိုးခံစားခွင့် လက်ဝယ်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့် နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့ လက်ဝယ်ရှိသည့် အကျိုးခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲ၊

(၃) ပုဂ္ဂိုလ်တစ်ဦးအား အကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦး အဖြစ်မှ ရပ်စဲသည့် ရက်စွဲနှင့်

(၄) အကျိုးခံစားခွင့်သက်တမ်း ကုန်ဆုံးခြင်း၊ ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် လဲလှယ်ခြင်းများနှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များ။

(ခ) ဤပုဒ်မအရ အကျိုးခံစားခွင့်တစ်ရပ်ရပ်၏ မှတ်ပုံတင်စာရင်းသည် ကုမ္ပဏီရှိ အစုရှယ်ယာများအဖြစ်သို့ လဲလှယ်နိုင်သည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ဝယ်ပိုင်ဆိုင်ထားသူများ၏ မှတ်ပုံတင်စာရင်းတစ်ရပ်ဖြစ်ခဲ့လျှင် အကျိုးခံစားခွင့်များအား လဲလှယ်ဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့်အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ပြုစုထားရှိရမည်။

(ဂ) အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်း ရေးသွင်းထားသည့် အကျိုးခံစားခွင့်အား လွှဲပြောင်းခြင်း တစ်ရပ်ရပ်နှင့်ပတ်သက်၍ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) တွင် ဖော်ပြပါရှိသည့် အမျိုးအစားနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ရန် လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီက အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အကျိုးခံစားခွင့်လွှဲပြောင်းမှု တရားဝင်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

၉၅။ **ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း၌ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများ**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤအခန်းအရ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် အညွှန်းစာရင်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိက ဆောင်ရွက်ရာနေရာ၌ ထိန်းသိမ်းထားရှိရမည်။

(ခ) ကုမ္ပဏီသည် ၎င်း၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်အတွက် နိုင်ငံတော်အတွင်း မည်သူ့ကိုမဆို ခန့်အပ်နိုင်သည်။ ထိုသို့ ဆောင်ရွက်သည့်အခါ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ဖော်ပြပါ ခန့်အပ်ခံရသူ ပုဂ္ဂိုလ်၏ရုံးခန်း၌ ကုမ္ပဏီကိုယ်စား ထိန်းသိမ်းထားရှိနိုင်သည်။

(ဂ) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိက ဆောင်ရွက်သောနေရာ မဖြစ်သည့် အခြားနေရာတစ်ခုခု၌ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်အခါ ထိုသို့ ထားရှိသည့်နေ့မှ (၂၁) ရက်အတွင်း ကုမ္ပဏီသည် အဆိုပါ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်နေရာအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်ဖြစ်သည့်အပြင် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်နေရာ ပြောင်းလဲမှုရှိခဲ့ပါကလည်း ထိုသို့ ပြောင်းလဲသည့်နေ့မှ (၂၁) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

၉၆။ **မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုများအား အကြောင်းကြားရခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ဤအခန်းတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်စာရင်းတွင် ပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှု အသေးစိတ်ကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(ခ) သက်ဆိုင်ရာ ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည့်နေ့မှ (၂၁)ရက်အတွင်း အကြောင်းကြားတင်ပြခြင်းကို ပြုလုပ်ရမည်။

၉၇။ **နှစ်စဉ်အစီရင်ခံစာ၊ ကုမ္ပဏီတွင်ပါဝင်သူများစာရင်းနှင့် အကျဉ်းချုပ်ဖော်ပြချက်**

(က) ကုမ္ပဏီအားလုံးသည် ယင်းအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ (၂)လ အတွင်းနှင့် ၎င်းနောက်ပိုင်းကာလအတွက် နှစ်စဉ်အနည်းဆုံးတစ်ကြိမ် သို့ရာတွင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် (၁) လထက်နောက်မကျစေဘဲ ကုမ္ပဏီ၏ အသေးစိတ်ဖော်ပြချက်များပါရှိသော နှစ်စဉ် အစီရင်ခံစာတစ်ခုကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်။

(ခ) သို့ရာတွင် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်မှတစ်ပါး နှစ်စဉ်အစီရင်ခံစာ၌ အောက်ပါအချက်အလက်များ ပါရှိစေရမည် -

(၁) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောအမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ်စဉ်၊

(၃) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အခြားနေရာတစ်ခုခုတွင် ထိန်းသိမ်းထားရှိခဲ့ပါက ထိုသို့ထိန်းသိမ်းထားရှိသည့်နေရာ၏ လိပ်စာ(ကွဲလွဲလျှင်)၊

(၄) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် အစုရှယ်ယာအရေအတွက် အများဆုံးပိုင်ဆိုင်ထားသည့် ပါဝင်သူဦးရေ (၅၀) ၏ စာရင်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူဦးရေ (၅၀) အောက်နည်းလျှင် ထိုသို့ ပါဝင်သူများ၏ စာရင်းနှင့် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့်အစုရှယ်ယာအရေအတွက်၊

(၅) အခြားကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူများစာရင်းနှင့် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသား ဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်အပြင် နောက်ဆုံး နှစ်စဉ်အစီရင်ခံစာတင်ပြသည့်နေ့ရက်မှစတင်၍ ကုမ္ပဏီတွင် ပါဝင်သူများအဖြစ်မှ ရပ်စဲခဲ့သူများ စာရင်း၊

(၆) ကုမ္ပဏီ၏ နောက်ဆုံးပြုလုပ်ခဲ့သော နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပဆောင်ရွက်ခဲ့လျှင် ကျင်းပသည့်နေ့ရက်၊

(၇) ကုမ္ပဏီ၏ငွေစာရင်းများအား ပြုလုပ်ခဲ့သည့်နေ့ရက်နှင့် နှစ်စဉ်အစီရင်ခံစာအား ဖော်ပြသည့်နေ့ရက်တို့တွင် ကုမ္ပဏီ၏အဓိက လုပ်ဆောင်မှုသို့မဟုတ် လုပ်ဆောင်မှုများဆိုင်ရာ သီးခြားဖော်ပြချက်များ၊

(၈) ငွေသားဖြင့် ထုတ်ဝေသည့် အစုရှယ်ယာများနှင့် ငွေသားမှတစ်ပါး အခြားနည်းဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြထားသည့် အကျဉ်းချုပ်၊

(၉) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းပမာဏနှင့် ပိုင်းခြားသတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက်၊

(၁၀) အစုရှယ်ယာတစ်ခုစီအတွက် သတ်မှတ်တောင်းဆိုထားသည့် ပေးချေရန်ငွေပမာဏ၊

(၁၁) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် လက်လွှတ်ဆုံးရှုံးသော သို့မဟုတ် ပယ်ဖျက်သော အစုရှယ်ယာအရေအတွက် စုစုပေါင်း၊

(၁၂) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီ ဖြစ်လာသည့်အကြောင်း သို့မဟုတ် နိုင်ငံခြား ကုမ္ပဏီအဖြစ်မှ ရပ်စဲသည့်အကြောင်းနှင့် ပြောင်းလဲသွားသော နေ့ရက်၊

(၁၃) ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ၊ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီနှင့် မူရင်း အစုများပိုင်ဆိုင်သည့် ကုမ္ပဏီရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊

(၁၄) နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့တွင် ကုမ္ပဏီ၏ ဒါရိုက်တာ ဖြစ်ကြသူများနှင့် ကုမ္ပဏီ၏ အတွင်းရေးမှူးများရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ ကျား/မ၊ မည်သည့်နိုင်ငံသားဖြစ်သည်ဟူသော အကြောင်းနှင့် နောက်ဆုံးနှစ်စဉ် အစီရင်ခံစာ ပြုစုပြီးနောက်ပိုင်း ၎င်းတို့ကို ပြောင်းလဲပြင်ဆင်ခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ထိုသို့ ပြောင်းလဲပြင်ဆင်ခဲ့သည့် နေ့ရက်။

(၁၅) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံတင်ပြ၍ မှတ်ပုံတင်ထားရန် လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ထားပြီးကြောင်း အတည်ပြုချက်နှင့်

(၁၆) အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခြားအချက်အလက်များ။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြပါအချက်အလက်များအား တင်ပြရမည့်အပြင် အထက်ပါ အချက်အလက်များနှင့် အကျဉ်းချုပ် ဖော်ပြချက်များကို ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ သီးခြားအပိုင်းတွင် ထည့်သွင်းဖော်ပြရမည်။ မှတ်ပုံတင်စာရင်းနှင့်အတူ ထိန်းသိမ်းထားရှိသည့် နှစ်စဉ်အစီရင်ခံစာနှင့် မိတ္တူများကို ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦး သို့မဟုတ် အတွင်းရေးမှူးတစ်ဦးက လက်မှတ်ရေးထိုးထားရမည့်အပြင် စာရင်းနှင့် အကျဉ်းချုပ်များတွင်ပါသည့် အချက်အလက်များကို ဖော်ပြပါနေ့အထိ မှန်ကန်ကြောင်းဖော်ပြရမည်။

(ဃ) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသည် ယင်း၏ ဒါရိုက်တာတစ်ဦးက ဖြစ်စေ၊ အတွင်းရေးမှူးကဖြစ်စေ၊ အခြားအရာရှိကဖြစ်စေ လက်မှတ်ရေးထိုးထားသည့် သက်သေခံလက်မှတ်တစ်ခုကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။ ထိုသက်သေခံလက်မှတ်၌ နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာပြုလုပ်သည့်နေ့ နောက်ပိုင်း သို့မဟုတ် ပထမအကြိမ်ပြုလုပ်သည့် နှစ်စဉ်အစီရင်ခံစာဖြစ်ပါက ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့်နေ့ရက် နောက်ပိုင်းတွင် ကုမ္ပဏီသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်စေရန် အများပြည်သူများအား တစ်စုံတစ်ရာ ကမ်းလှမ်းထားခြင်းမရှိကြောင်း ဖော်ပြပါရှိစေရမည်။

၉၈။ **မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်းမပြုရမည့် ယုံကြည်အပ်နှံမှုများ**

(က) အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သို့မဟုတ် အကျိုးဖြစ်ထွန်းမှု ရှိစေမည်ဖြစ်သော မည်သည့်ယုံကြည်အပ်နှံမှုကိုမျှ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်းသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိက လက်ခံခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) ၌ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် သေဆုံးသူတစ်ဦး၏ တရားဝင်ကိုယ်စားလှယ်သည် အဆိုပါ သေဆုံးသူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စားလှယ်အနေဖြင့် ဖော်ပြပါ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့် ရရှိသည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) ၌ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် ဒေဝါလီခံရသူတစ်ဦး၏ ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူသည် အဆိုပါ ဒေဝါလီခံရသူ၏ ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူအနေဖြင့် ဖော်ပြပါ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့် ရရှိသည်။

၉၉။ **မှတ်ပုံတင်စာရင်းများအား စစ်ဆေးခြင်း**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သော မှတ်ပုံတင် စာရင်းများနှင့် အညွှန်းစာရင်းများ အားလုံးကို နေ့စဉ်အလုပ်ချိန်အတွင်း ကုမ္ပဏီမှ အထွေထွေအစည်းအဝေးတွင် ချမှတ်နိုင်သော စစ်ဆေးရန် ခွင့်ပြုမည့် နေ့ရက် တစ်ရက်စီတွင် သာမန်အလုပ်ချိန်အတွင်း အချိန်(၂)နာရီအောက် မနည်းစေမည့် သင့်လျော်သော စည်းကမ်းကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက စစ်ဆေးနိုင်ရန်အတွက် အခမဲ့ခွင့်ပြုပေးရမည်ဖြစ်ပြီး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးမှ စစ်ဆေးမှုတစ်ရပ်စီအတွက် ဒါရိုက်တာများမှ သတ်မှတ်ထားသော သင့်လျော်သည့်ငွေပမာဏကို ပေးဆောင်သည့် စစ်ဆေးခြင်းကိုလည်း ခွင့်ပြုရမည်။ အဆိုပါ ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသည် ဖော်ပြပါ စာရင်းများမှ ကောက်နုတ်ချက်များကို ပြုလုပ်ရယူနိုင်သည်။

(ခ) ဤဥပဒေအရ ပြုစုထားရှိရန် လိုအပ်သော မှတ်ပုံတင်စာရင်း၊ အညွှန်းစာရင်း၊ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသ၊ စာရင်းများနှင့် အကျဉ်းချုပ်များ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသတို့၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသော သင့်လျော်သည့် ငွေပမာဏကို ပေးဆောင်စေခြင်းဖြင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက သော်လည်းကောင်း၊ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးက သော်လည်းကောင်း ရယူနိုင်သည်။ ကုမ္ပဏီသည် ပါဝင်သူသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးမှ ထိုသို့ တောင်းခံလာသော မိတ္တူတစ်စုံတစ်ရာအား ထိုသူမှ သတ်မှတ်ထားသော ငွေပမာဏကို ပေးသွင်းပြီး ကုမ္ပဏီကလိုအပ်သော အချက်အလက်များကို လက်ခံရရှိပြီးသည့် နောက်တစ်ရက်မှစတင်၍ (၁၀) ရက် ကာလအတွင်း ထိုသို့တောင်းခံသူထံသို့ ပေးပို့ရမည်။

၁၀၀။ ပုဒ်မ ၉၉ ၏ ပုဒ်မခွဲ(က) အရ လိုအပ်သောစစ်ဆေးမှု တစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၉၉ ၏ ပုဒ်မခွဲ(ခ) အရ လိုအပ်သော မိတ္တူတစ်စုံတစ်ရာကို သတ်မှတ်ထားသည့်ကာလအတွင်း ပေးပို့ခြင်းမရှိခဲ့လျှင် ထိုသို့ပျက်ကွက်ခဲ့သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာသို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် အမိန့်တစ်ရပ် ထုတ်ပြန်၍ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ချက်ချင်းစစ်ဆေးဆောင်ရွက်စေနိုင်သည် သို့မဟုတ် လိုအပ်သောမိတ္တူများကို ယင်းတို့အား ရယူလိုသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

၁၀၁။ **မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

(က) အကယ်၍ -

(၁) ဤဥပဒေအရ ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်ဖြစ်သော မှတ်ပုံတင်စာရင်းတစ်ခု၌ ပုဂ္ဂိုလ်တစ်ဦးဦး၏အမည်ကို မှားယွင်း၍ဖော်ပြခဲ့လျှင် သို့မဟုတ် ပယ်ဖျက်ခဲ့လျှင်၊ သို့မဟုတ်

(၂) ပုဂ္ဂိုလ်တစ်ဦးဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့် အချက်အလက်ကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ် မလိုလားအပ်သော နှောင့်နှေးမှုကို ပြုလုပ်ခဲ့လျှင်၊ နစ်နာသည့်ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင်ပါရှိသော မှားယွင်းမှုကို ပြင်ဆင်ပေးနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။

*စာမျက်နှာ ၂ သို့*

*စာမျက်နှာ ၁ မှ*

(ခ) တရားရုံးသည် လျှော့က်ထားမှုအား ငြင်းပယ်နိုင်သည် သို့မဟုတ် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်နှင့် နစ်နာသူပုဂ္ဂိုလ် ကြုံတွေ့ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများအတွက် ကုမ္ပဏီမှပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားရုံးက သင့်သည်ထင်မြင်သည့် ကုန်ကျစရိတ်များကိုလည်း ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးအနေဖြင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှော့က်ထားမှုတစ်ရပ်ရပ်အရ တင်ပြလာသည့်ကိစ္စရပ်သည် လျှောက်ထားမှုတွင် သက်ဆိုင်သူအဖြစ်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးက ၎င်း၏အမည်အား မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ချန်လှပ်ထားခြင်းနှင့်စပ်လျဉ်း၍ ရထိုက်ခွင့်ရှိသော အကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆုံးဖြတ်နိုင်သည်။ တရားရုံးသည် အများအားဖြင့် မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ပေးနိုင်ရန်အတွက် လိုအပ်သောကိစ္စရပ်များ သို့မဟုတ် ဆုံးဖြတ်ပေးရမည်ဖြစ်သော လိုအပ်သောဆောင်ရွက်မှုများကို ဆုံးဖြတ်နိုင်သည်။

သို့ရာတွင် တရားရုံးသည် ဥပဒေရေးရာပြဿနာတစ်ရပ်ရပ် ပါရှိနိုင်သည့် ကိစ္စရပ်တစ်ခုခုကို ဖြေရှင်းစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါကိစ္စရပ်အပေါ် ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်အား အယူခံတင်ပြခြင်းကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ တွင် ဖော်ပြထားသည့် အကြောင်းအချက်များအပေါ် အခြေပြုလျက် ယင်းဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀၂။ **မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ခြင်းအား မှတ်ပုံတင်အရာရှိထံ တင်ပြအကြောင်းကြားရခြင်း**

တရားရုံးသည် မှတ်ပုံတင်စာရင်းရှိမှားယွင်းမှုများကိုပြင်ဆင်ရန် အမိန့်တစ်ရပ်ချမှတ်ခဲ့ပါက မှားယွင်းမှုများအား ပြင်ဆင်ခြင်းကို အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ (၁၄) ရက်အတွင်း မှတ်ပုံတင် အရာရှိထံသို့ တင်ပြအကြောင်းကြားရမည်ဟု ယင်းအမိန့်တွင် ထည့်သွင်းဖော်ပြ၍ ညွှန်ကြားရမည်။

၁၀၃။ **အထောက်အထားဖြစ်စေရမည့် ကုမ္ပဏီတွင်ပါဝင်သူများနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်း**

(က) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိဘဲ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းသည် မှတ်ပုံတင်စာရင်း ရေးသွင်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစုရှယ်ယာများ ရပိုင်ခွင့်အပါအဝင် ယင်းမှတ်ပုံတင်စာရင်းတွင်ဤဥပဒေအရ ညွှန်ကြားထားသည့် သို့မဟုတ် ခွင့်ပြုထားသည့်အတိုင်း ထည့်သွင်းဖော်ပြရမည်ဖြစ်သော ကိစ္စရပ်တစ်ခုခုအတွက် မှန်ကန်ကြောင်းထင်ရှားသော အထောက်အထားဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုသည် ယင်း၏မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးအား အောက်ပါတို့ကို လက်ခံဆောင်ရွက်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦး အနေဖြင့်သာလျှင် သတ်မှတ်ရမည် -

(၁) အစုရှယ်ယာနှင့်ဆက်စပ်သော ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၂) အကြောင်းကြားချက်များကို လက်ခံရယူခြင်း၊

(၃) အစုရှယ်ယာနှင့်သက်ဆိုင်သည့် အမြတ်ဝေခွဲဝေမှုများကို လက်ခံရယူခြင်းနှင့်၊

(၄) အစုရှယ်ယာနှင့်ဆက်စပ်သော ရပိုင်ခွင့်များနှင့် အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်ခြင်း။

၁၀၄။ **မှတ်ပုံတင်စာရင်းများနှင့်စပ်လျဉ်း၍ ပျက်ကွက်မှုများ**

ကုမ္ပဏီဒါရိုက်တာများနှင့် အခြားအရာရှိအားလုံး၏တာဝန်မှာ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်နှင့် လိုအပ်သည့်အခါ ရရှိနိုင်စေရန်၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောအရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်နှင့် ကုမ္ပဏီ၏ အခြားတာဝန်များကို ဆောင်ရွက်ရာတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် လိုအပ်မည့် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

၁၀၅။ ပုဒ်မ ၁၀၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့်ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၀)ခုထက်မပိုသော ငွေဒဏ်ကို ပေးဆောင်ရမည်။

**အခန်း(၁၄) အမြတ်ဝေစုများ**

၁၀၆။ **အမြတ်ဝေစုများ သတ်မှတ်ခြင်း**

(က) ပုဒ်မ ၁၀၇ နှင့် ၁၀၉ အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများနှင့်အညီ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီမှတစ်ပါး ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ၎င်း၏အစုရှယ်ယာရှင်များသို့ အမြတ်ဝေစု ခွဲဝေပေးမည်ဟု သတ်မှတ်၍ အမြတ်ဝေစု ပမာဏ၊ ပေးချေရမည့်အချိန်နှင့် ပေးချေရမည့်နည်းလမ်းများကို သတ်မှတ်ရမည်။

(ခ) အမြတ်ဝေစု ပေးချေရမည့် နည်းလမ်းများတွင် ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေခြင်းဖြင့်ဖြစ်စေ၊ အော့ပ်ရှင် (option) ပြုခြင်းဖြင့်ဖြစ်စေ၊ ပိုင်ဆိုင်ပစ္စည်းများကို လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းများ ပါဝင်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အမြတ်ဝေစုအား သတ်မှတ်ခြင်းကို ကုမ္ပဏီမှပေးချေရမည့် ကြွေးမြီအဖြစ် မမှတ်ယူရ။ အဆိုပါသတ်မှတ်ချက်ကို အမြတ်ဝေစု ပေးချေခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ကြွေးမြီတင်ရှိခြင်းသည် ငွေပေးချေရန် သတ်မှတ်ထားသည့်အချိန်မှသာ ကျရောက်သည်။

၁၀၇။ **အမြတ်ဝေစုများအတွက် လိုအပ်သည့်အချက်များ**

(က) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် အမြတ်ဝေစု ခွဲဝေပေးခြင်းကို ဆောင်ရွက်နိုင်ခြင်း မရှိစေရ -

(၁) ကုမ္ပဏီသည် အမြတ်ဝေစု ခွဲဝေပေးပြီးနောက် ချက်ချင်း ကြွေးမြီ စစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) အမြတ်ဝေစုခွဲဝေခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်းနှင့်

(၃) အမြတ်ဝေစုပေးချေခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစု ထိခိုက်မှုမရှိခြင်း။

(ခ) အမြတ်ဝေစုအား ခွဲဝေဆုံးဖြတ်ပြီးနောက် ယင်းအတွက် ငွေပေးချေခြင်း မပြုသေးမီ ကာလအတွင်း ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ လိုအပ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိလျှင် အမြတ်ဝေစုအား ပေးချေခြင်းမပြုဘဲ ထားရှိနိုင်သည်။ ကုမ္ပဏီက အဆိုပါ အမြတ်ဝေစုအား ပေးချေခဲ့ပြီး ဖြစ်ပါကလည်း ထိုသို့ပေးချေခြင်းသည် တရားဝင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

၁၀၈။ **ပုဒ်မ ၁၀၇ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ခြင်း**

(က) ကုမ္ပဏီသည် ပုဒ်မ ၁၀၇ ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက ပြစ်ဒဏ်ပမာဏ (၁၀)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့် ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာနှင့် အခြားအရာရှိ တစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အပြင် ကုမ္ပဏီသည် အမြတ်ဝေစုပေးချေပြီးနောက် ယင်းနှင့် စပ်လျဉ်း၍ လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၀၇ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ အမြတ်ဝေစု ပေးချေခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် အမြတ်ဝေစုပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက သော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

၁၀၉။ **အမြတ်ဝေစုများခွဲဝေပေးချေခြင်းအား ထိခိုက်စေမည့် အခြားကိစ္စရပ်များ**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြတ်ဝေစုအား ခွဲဝေသတ်မှတ်ခြင်း မပြုရ -

(၁) အစုရှယ်ယာ အမျိုးအစား တစ်ရပ်ရပ်တည်းတွင် အစုရှယ်ယာ အချို့နှင့်သာ သက်ဆိုင်ပြီး အစုရှယ်ယာအားလုံးနှင့် သက်ဆိုင်ခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) အစုရှယ်ယာအမျိုးအစား တစ်ရပ်တည်းတွင် အစုရှယ်ယာအချို့မှ အခြား အစုရှယ်ယာများထက် အမြတ်ဝေစုပမာဏ ပိုမိုရရှိခြင်း၊

တစ်စိတ်တစ်ဒေသ ငွေပေးချေရန်လိုအပ်သည့် အစုရှယ်ယာများနှင့် သက်ဆိုင်လျှင် အဆိုပါအစုရှယ်ယာအတွက် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏသည် ထိုသို့ ပေးချေထားသည့် ငွေပမာဏအချိုးအစားအတိုင်း အမြတ်ဝေစုများအား ခွဲဝေသတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါအချက်များနှင့် ညီညွတ်လျှင် ကုမ္ပဏီသည် အဆိုပြု အမြတ်ဝေစုအစား ယင်းအမြတ်ဝေစု၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစုရှယ်ယာများအဖြစ် လက်ခံရန် သဘောတူညီသည့် အစုရှယ်ယာရှင်များကို အစုရှယ်ယာများအား ထုတ်ပေးနိုင်သည်-

(၁) အဆိုပြုထားသော အမြတ်ဝေစုအစား အားလုံးအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ တူညီသည့် စည်းကမ်းချက်များဖြင့် တူညီသည့် အစုရှယ်ယာအမျိုးအစားကို ပိုင်ဆိုင်သူသို့ ကမ်းလှမ်းရမည်၊

(၂) သဘောတူညီထားသည့် အစုရှယ်ယာရှင်များ၏ လက်ခံသော အစုရှယ်ယာများနှင့် ဆက်စပ်သည့် ဆန္ဒမဲပေးခွင့်နှင့် ခွဲဝေဆောင်ရွက်နိုင်ခွင့် ထားရှိရမည်၊

(၃) အဆိုပါကမ်းလှမ်းမှုကို လက်ခံနိုင်ရန်အတွက် အနည်းဆုံး (၂၀)ရက် ကာလထားရှိရမည်၊

(၄) အစုရှယ်ယာများကို လက်ခံရန်သဘောတူသည့် အမျိုးအစားတူ အစုရှယ်ယာရှင်တစ်ဦးစီသို့ ထုတ်ဝေသည့် အစုရှယ်ယာများမှာ တူညီသော အခွင့်အရေးများ၊ တူညီသောစည်းကမ်းချက်များဖြင့် ထုတ်ဝေခြင်း ဖြစ်ရမည်၊ ၎င်းပြင်

(၅) ပုဒ်မ ၆၃ နှင့် ပုဒ်မ ၇၁ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ယင်းတို့နှင့် သက်ဆိုင်သမျှ လိုက်နာရမည်။

၁၁၀။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၀၉ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၂၀) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၁၁။ **အကျိုးအမြတ်များကို မတည်ရင်းနှီးမြှုပ်နှံခြင်း**

ပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ယင်း၏ အကျိုးအမြတ်များကို ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းသည် အစုရှယ်ယာများ ထုတ်ဝေရန် မလိုပါ။

**အခန်း(၁၅)အစုရှယ်ယာမတည်ငွေရင်းကိုအကျိုးသက်ရောက်စေမည့်ဆောင်ရွက်ချက်များနှင့်အကြောင်းအရာများ**

**အစုရှယ်ယာမတည်ငွေရင်းအား ပြောင်းလဲပြင်ဆင်ခြင်း**

၁၁၂။ **အစုရှယ်ယာမတည်ငွေရင်းအား ပြောင်းလဲရန်အတွက် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ၏ အခွင့်အာဏာ**

(က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ယင်း၏ အစုရှယ်ယာမတည်ငွေရင်း ပြောင်းလဲပြင်ဆင်ခြင်းကို အောက်တွင်ဖော်ပြထားသည့်အတိုင်း ပြုလုပ်နိုင်သည်-

(၁) အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ မတည်ငွေရင်းအား တိုးမြှင့်ခြင်းအတွက် လိုအပ်သည်ဟု ထင်မြင်သည့် အစုရှယ်ယာ အသစ်များကို ထုတ်ဝေနိုင်သည်၊

(၂) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ကို အထောက်အထားပြု၍ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း အားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ပေါင်းစည်း၍ ပိုမိုများပြားသော အစုရှယ်ယာများအဖြစ် ပိုင်းခြားခြင်း ပြုလုပ်နိုင်သည်၊ လက်ရှိ အစုရှယ်ယာများဖြင့် မပေးချေရသေးသော ငွေပမာဏရှိခဲ့လျှင် အဆိုပါ ငွေပမဏကို အစားဖြည့်စွက်သည့် အစုရှယ်ယာအနက် ညီမျှစွာ ပိုင်းခြားရမည်၊

(၃) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို သို့မဟုတ် အချို့ကို မူလထုတ်ဝေထားသော ပမာဏထက် နည်းပါးသည့် အစုရှယ်ယာများအဖြစ်သို့ ထပ်မံပိုင်းခြားနိုင်သည်။ သို့ရာတွင် ထိုသို့ ထပ်မံပိုင်းခြားသည့်အခါ ပိုင်းခြားခဲ့သော အစုရှယ်ယာအသစ်တစ်ခုတွင် ငွေပေးချေပြီးသည့် ပမာဏနှင့် ငွေပေးချေခြင်း မပြုရသေးသည့်ပမာဏ အချိုးအစားသည် မူလ အစုရှယ်ယာများကဲ့သို့ပင် တူညီရမည်ဖြစ်သည်။

(၄) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် သာမန်အစုရှယ်ယာတစ်ခုကို ဦးစားပေးအစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်၊

(၅) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ဦးစားပေး အစုရှယ်ယာတစ်ခုကို သာမန်အစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်၊

(၆) ဤအပိုင်း၏ အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည် ရွေးနုတ်ယူနိုင်သော ဦးစားပေးအစုရှယ်ယာတစ်ရပ်ရပ်ကိုပြန်လည် ရွေးနုတ်နိုင်သည်၊

(၇) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဤအခန်းတွင် ဖော်ပြပါရှိသော နည်းလမ်းများဖြင့် လျှော့ချနိုင်သည်၊

(၈) အစုရှယ်ယာများကို ဤအခန်းတွင် ဖော်ပြပါရှိသော နည်းလမ်းများဖြင့် ပြန်လည်ဝယ်ယူနိုင်သည်၊

(၉) ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခြင်းနှင့် သက်ဆိုင်သည့် ငွေကြေး အထောက်အပံ့များကို ဤအခန်းတွင်ဖော်ပြပါရှိသော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)သည် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကသော်လည်းကောင်း ခွင့်ပြုနိုင်သော အစုရှယ်ယာမတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်မည့် အခြားသောအခွင့်အရေးတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်း မရှိသည့်အပြင် ဤဥပဒေ၏ အခြားအခန်းများတွင်ပါရှိသော ပြဋ္ဌာန်းချက်များကိုလည်း ထိခိုက်စေခြင်း မရှိစေရ။

၁၁၃။ **အစုရှယ်ယာ မတည်ငွေရင်းအား ပေါင်းစည်းသည့်အခါ မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရခြင်း**

အစုရှယ်ယာမတည်ငွေရင်းရှိသော ကုမ္ပဏီတစ်ခုသည် ၎င်း၏ အစုရှယ်ယာ မတည်ငွေရင်းကို ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က) အပိုဒ် (၂) မှ (၇) အထိတွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းများဖြင့် ပြောင်းလဲပြင်ဆင်ခဲ့လျှင် ထိုကုမ္ပဏီသည် ပြောင်းလဲပြင်ဆင်သည့်နေ့မှ (၂၁) ရက်အတွင်း အစုရှယ်ယာများကို ပေါင်းစည်းသည်၊ ပိုင်းခြားသည် သို့မဟုတ် ထပ်မံပိုင်းခြားသည် စသည်တို့ကို ဖော်ပြလျက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြား တင်ပြရမည်။

၁၁၄။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၃ ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ် ပမာဏ(၂၀)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့် ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၁၅။ **အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း**

(က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေပါ ခွင့်ပြုချက်များကို ကန့်သတ်ခြင်းမရှိဘဲ ယင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ယင်းကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချနိုင်သည်-

(၁) ငွေပေးချေထားခြင်း မရှိသေးသည့် အစုရှယ်ယာ မတည်ငွေရင်းအတွက် တာဝန်ရှိမှုကို ပယ်ဖျက်နိုင်သည် သို့မဟုတ် လျှော့ချနိုင်သည်၊

(၂) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကိုပယ်ဖျက်ခြင်း သို့မဟုတ် လျှော့ချခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပျောက်ဆုံးသည့် သို့မဟုတ် ပိုင်ဆိုင်ကြောင်း တင်ပြခြင်းမပြုနိုင်သည့် ငွေပေးချေထားသောအစုရှယ်ယာ မတည်ငွေရင်းတစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည်၊

(၃) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကို ပယ်ဖျက်ခြင်း သို့မဟုတ် လျှော့ချခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီက လိုအပ်သောပမာဏထက် ကျော်လွန်သည့် ငွေပေးချေထားသော အစုရှယ်ယာမတည်ငွေရင်း တစ်ရပ်ရပ်ကို ပြန်လည်ပေးချေနိုင်သည်။

(ခ) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် မတည်ငွေရင်း လျှော့ချခြင်း မပြုရ -

(၁) ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချပြီးနောက် ချက်ချင်းကြွေးမြီ စစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်း၊

(၃) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိခြင်းနှင့်

(၄) ပုဒ်မ ၁၁၆ အရ အစုရှယ်ယာရှင်များမှ အတည်ပြုခြင်း၊

(ဂ) ဤပုဒ်မအရ ကုမ္ပဏီမှ မတည်ငွေရင်းလျှော့ချခြင်းကို အညီအမျှသော်လည်းကောင်း၊ ရွေးချယ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဃ) မတည်ငွေရင်းအညီအမျှ လျှော့ချခြင်းသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည်-

(၁) သာမန်အစုရှယ်ယာများနှင့်သာ သက်ဆိုင်သည်၊

(၂) သာမန်အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးစီအတွက် ၎င်းတို့ပိုင်ဆိုင်သည့် သာမန်အစုရှယ်ယာအရေအတွက် အချိုးအစားအလိုက် ဖြစ်စေရမည်၊ ၎င်းပြင်

(၃) သာမန်အစုရှယ်ယာရှင်တစ်ဦးစီအတွက် တူညီသည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်ရမည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ)မှအပ ဤပုဒ်မအရ အခြားနည်းဖြင့် မတည်ငွေရင်း လျှော့ချခြင်းများသည် ရွေးချယ်လျှော့ချခြင်းဖြစ်သည်။

၁၁၆။ **အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

(က) မတည်ငွေရင်းလျှော့ချခြင်းမှာ အညီအမျှလျှော့ချခြင်းဖြစ်ပါက ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သော သာမန်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ခ) မတည်ငွေရင်းလျှော့ချခြင်းမှာ ရွေးချယ်လျှော့ချခြင်းဖြစ်ပါက ယင်းအား အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုရမည်-

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် မတည်ငွေရင်း လျှော့ချခြင်းအတွက် အဖိုးစားနားအားလက်ခံသူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ လျှော့ချမည့် အစုရှယ်ယာနှင့်စပ်လျဉ်း၍ မပေးချေရသေးသောငွေပမာဏများကို ပေးချေရန်တာဝန်ရှိသူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက်ဖြစ်ရမည်၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစု ရှယ်ယာရှင်အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ဂ) မတည်ငွေရင်းလျှော့ချခြင်းတွင် အစုရှယ်ယာများပယ်ဖျက်ခြင်းပါရှိခဲ့လျှင် ပယ်ဖျက်မည့်အစုရှယ်ယာများအား ပိုင်ဆိုင်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ထိုသို့လျှော့ချခြင်းကို အတည်ပြုရမည်။

(ဃ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၁၅ ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၁) မှ (၃) တို့တွင် ပါရှိသော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း အတည်ပြုဖော်ပြချက်အပါအဝင် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန်ဆုံးဖြတ်ခြင်းနှင့်သက်ဆိုင်သော ကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသောအချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(င) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာအား ပေးပို့ခြင်း မပြုမီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင် အရာရှိထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

*စာမျက်နှာ ၃ သို့*

စာမျက်နှာ ၂ မှ

(၂) အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် မတည်ငွေရင်းလျှော့ချခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဖော်ပြလျက် မတည်ငွေရင်း လျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။

(စ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (င)ပါ စာရွက်စာတမ်းများကို လက်ခံရရှိသည့် နေ့ရက်မှစ၍ (၂၈)ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာပေးပို့ခြင်းကို ဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူများအား ပေးပို့ဆောင်ရွက်နိုင်သည်။

(ဆ) ဤပုဒ်မ၏ ပုဒ်မခွဲ (စ) အရ သတ်မှတ်ချက်တစ်ရပ်ရပ် ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါ ဤပုဒ်မ၏ ပုဒ်မခွဲ(င)အရ တင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ဇ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ) တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူအရေးကြီးသော အကြောင်းများကို တွေ့ရှိရလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(စ)တွင်ပါရှိသည့် အချိန်ကာလအတွင်း အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန် သတ်မှတ်နိုင်သည်။

(ဈ) ကုမ္ပဏီသည် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် (၂၁) ရက်အတွင်း ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံတင်ပြရမည်။ ထို့အပြင် နိုင်ငံတော်တစ်ဝန်းထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် မတည်ငွေရင်း လျှော့ချသည့် အသေးစိတ် ဖော်ပြချက်အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် မတည်ငွေရင်း လျှော့ချခြင်းကို အဆိုပါသတင်းစာတွင် ထုတ်ပြန်ပြီးနောက် (၂၈)ရက် ကြာမြင့်သည်အထိ မပြုလုပ်ရ။

(ည) အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခြင်း သို့မဟုတ် သတ်မှတ်ပြီးဖြစ်ကြောင်း မှတ်ယူခဲ့သည့်အခြေအနေ သို့မဟုတ် မတည်ငွေရင်း လျှော့ချပြီးနောက် ကုမ္ပဏီသည် လူမွဲခံယူရခြင်းရှိခဲ့လျှင် အပါအဝင် ဤပုဒ်မ၏ ပုဒ်မခွဲ (စ) မှ (ဇ) အရ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၊ ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အခြားသူများအပေါ် မှတ်ပုံတင် အရာရှိသည် တာဝန်မရှိစေရ။

(ဋ) ဤပုဒ်မ၏ ပုဒ်မခွဲ (ည)သည် ဤပုဒ်မအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီမှရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်း မရှိစေရ။

၁၁၇။ **မတည်ငွေရင်းလျှော့ချခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်မှု၏ အကျိုးဆက်များ**

(က) ကုမ္ပဏီသည် ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၁၅ အရ မတည်ငွေရင်းလျှော့ချခြင်းကို မပြုလုပ်ရ။

(ခ) ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် မတည်ငွေရင်းလျှော့ချခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

၁၁၈။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၇ ၏ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၁၉။ ပုဒ်မ ၁၁၈ အပြင် ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချခြင်းနှင့် စပ်လျဉ်း၍ လျှော့ချပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၁၇ ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကာ မတည်ငွေရင်းလျှော့ချခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက် ကျော်လွန်သည့် မြီရှင်များသို့ပေးရမည့်ကြွေးမြီများရှိခဲ့လျှင် မတည်ငွေရင်းလျှော့ချမှုပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်။ မြီရှင်က သော်လည်းကောင်း၊ မြီရှင်ကိုယ်စားတရားစွဲဆိုသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက သော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း**

၁၂၀။ **အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း**

(က) အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ကုမ္ပဏီသည် ၎င်း၏ အစုရှယ်ယာများကို ပြန်လည်ဝယ်ယူနိုင်သည်-

(၁) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူပြီးနောက် ချက်ချင်းကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံလျှင်၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိလျှင်၊

(၃) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီက ယင်း၏ မြီရှင်များသို့ငွေပေးချေရမည့်တာဝန်များကိုအများစုထိခိုက်မှုမရှိလျှင်နှင့်

(၄) ပုဒ်မ ၁၂၂ တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ပြီး ပုဒ်မ ၁၂၁ အရ အစုရှယ်ယာရှင်များက အတည်ပြုလျှင်။

(ခ) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အညီအမျှသော်လည်းကောင်း၊ ရွေးချယ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဂ) အစုရှယ်ယာများအား အညီအမျှ ပြန်လည်ဝယ်ယူခြင်းတွင် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(၁) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းမှုသည် သာမန်အစုရှယ်ယာများနှင့်သာ သက်ဆိုင်သည်၊

(၂) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူအားလုံးထံသို့ ၎င်းတို့၏ သာမန်အစုရှယ်ယာအချိုးနှင့်ညီမျှသည့် အစုရှယ်ယာများကို ပြန်လည်ဝယ်ယူနိုင်စေရန်ကမ်းလှမ်းမှု ပြုလုပ်ရမည်၊

(၃) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူ အားလုံးသည် အဆိုပါ ကမ်းလှမ်းချက်များကို လက်ခံရရှိနိုင်သည့် အခွင့်အရေးရှိရမည်၊

(၄) ထိုကမ်းလှမ်းမှုများကို လက်ခံရန်အတွက် သတ်မှတ်ပေးထားသော ကာလအထိ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သဘောတူညီချက်များကို ချုပ်ဆိုဆောင်ရွက်ခြင်း မပြုရ၊ ၎င်းပြင်

(၅) ကမ်းလှမ်းချက်အားလုံးတွင်ပါရှိသည့်စည်းကမ်းချက်များသည် တူညီရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ)မှအပ ဤပုဒ်မအရ အစုရှယ်ယာများ ဝယ်ယူရာတွင် အခြားနည်းဖြင့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း အားလုံးသည် ရွေးချယ်၍ဝယ်ယူခြင်း ဖြစ်သည်။

၁၂၁။ **အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

(က) အစုရှယ်ယာများအား အညီအမျှပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက်တစ်ရပ်ကို ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သော သာမန်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည် သို့မဟုတ် အဆိုပါအတည်ပြုချက်ရရှိသည့်အခါမှ သဘောတူညီချက်ကို တရားဝင်ပြုလုပ်ရမည်။

(ခ) အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက်တစ်ရပ်ကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုရမည် သို့မဟုတ် အတည်ပြုချက်ရရှိသည့်အခါမှ အဆိုပါအတည်ပြုချက်နှင့်အညီ ပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် အဖိုးစားနားအား လက်ခံသူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက် ဖြစ်ရမည်၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင် အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ဂ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၂၀ ပုဒ်မခွဲ (က) အပိုဒ် (၁) မှ (၃) အထိတို့တွင်ပါရှိသော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း အတည်ပြုဖော်ပြချက် အပါအဝင် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန် ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသောအချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ်ပါရှိစေရမည်။

(ဃ) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာအား ပေးပို့ခြင်းမပြုမီ၊ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက်ကိုမပြုလုပ်မီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်းမိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်-

(၁) အစည်းအဝေးအကြောင်းကြားစာ၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမည့် ကမ်းလှမ်းချက်အတွက် စည်းကမ်းချက်များသတ်မှတ်ဖော်ပြပါရှိသော စာရွက်စာတမ်းနှင့်

(၃) အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကိုဖော်ပြလျက် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အတည်ပြုမည့်အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ)ပါ စာရွက်စာတမ်းများကို လက်ခံရရှိသည့် နေ့ရက်မှစ၍ (၂၈)ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာ ပေးပို့ခြင်းကိုဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိမှ အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ပေးပို့ဆောင်ရွက်နိုင်သည့်အပြင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရရှိပါက အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်ကို ပြုလုပ်နိုင်သည်။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ (င)အရ သတ်မှတ်ချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါ ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ)အရ တင်ပြသောစာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ညွှန်ကြားနိုင်သည်။

(ဆ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများကို သင့်လျော်သည့် အကြောင်းအရာအဖြစ် တွေ့ရှိရလျှင် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်ပြုလုပ်ခြင်းနှင့် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန်အား ဤပုဒ်မ၏ ပုဒ်မခွဲ(င) တွင် ပါရှိသည့် အချိန်ကာလအတွင်း ချမှတ်နိုင်သည်။

(ဇ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် (၂၁) ရက်အတွင်း ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့အပြင် နိုင်ငံအဝန်း ထုတ်ဝေသည့်သတင်းစာတွင် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းအတွက် အသေးစိတ်ဖော်ပြချက် အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ထုတ်ပြန်ပြီးနောက် (၂၈) ရက် ကြာမြင့်သည်အထိ မပြုလုပ်ရ။

(ဈ) အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခြင်း သို့မဟုတ် သတ်မှတ်ပြီးဖြစ်ကြောင်း မှတ်ယူခဲ့သည့်အခြေအနေ သို့မဟုတ် မတည်ငွေရင်း လျှော့ချပြီးနောက် ကုမ္ပဏီသည် လူမွဲခံယူရခြင်းရှိခဲ့လျှင် အပါအဝင် ဤပုဒ်မ၏ ပုဒ်မခွဲ (င)မှ (ဆ) အထိတို့အရ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၊ ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အခြားသူများအပေါ် မှတ်ပုံတင်အရာရှိသည် တာဝန်မရှိစေရ။

(ည) ဤပုဒ်မ၏ ပုဒ်မခွဲ (ဈ) သည် ဤပုဒ်မအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီကရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်း မရှိစေရ။

၁၂၂။ **အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ**

(က) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်တစ်ရပ်တွင် ထိုကမ်းလှမ်းချက်အားလက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဆုံးဖြတ်နိုင်ရန် ကုမ္ပဏီမှသိရှိထားသည့် အရေးကြီးသော အချက်အလက်အားလုံးကို ဖော်ပြထားသောတင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(ခ) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန်အတွက် သဘောတူညီချက်တစ်ရပ်ကို ပြုလုပ်ပြီးသည့်အခါတွင် ပြန်လည်ဝယ်ယူမည့် အစုရှယ်ယာများနှင့်အတူ ဆက်စပ်ပါရှိသည့် အခွင့်အရေးများအားလုံးကို ဆိုင်းငံ့ထားရမည်။ အဆိုပါ သဘောတူညီချက်အား ရပ်စဲခဲ့လျှင် ထိုသို့ ဆိုင်းငံ့ထားခြင်းကို ပယ်ဖျက်ရမည်။

(ဂ) ကုမ္ပဏီသည် ၎င်းမှ ပြန်လည်ဝယ်ယူထားသည့် အစုရှယ်ယာများကို စွန့်လွှတ်ခြင်းမပြုရ။ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်၍ ပြုလုပ်ထားသည့် သဘောတူညီချက်တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ဃ) ကုမ္ပဏီသို့ ပြန်လည်ဝယ်ယူသည့် အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို မှတ်ပုံတင်ပြီးနောက် အစုရှယ်ယာများကို ချက်ချင်းပယ်ဖျက်ရမည်။

၁၂၃။ **အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များ**

(က) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၂၀ အရ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို မပြုလုပ်ရ။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ဆောင်ရွက်ခြင်းသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်းမရှိစေရ။

၁၂၄။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၃ ၏ ပုဒ်မခွဲ (က)ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ(၁၀၀)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၂၅။ ပုဒ်မ ၁၂၄ အပြင် ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်ဝယ်ယူပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၂၃ ၏ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက်ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမှုအတွက် ပေးချေရမည့်တန်ဖိုးပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စားတရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို ပြောင်းလဲသတ်မှတ်ခြင်း**

၁၂၆။ **အစုရှယ်ယာအမျိုးအစားများကို ပိုင်ဆိုင်သူများ၏ အခွင့်အရေးကို ပြောင်းလဲသတ်မှတ်ခြင်း**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ အစုရှယ်ယာအမျိုးအစား တစ်ရပ်တွင် ပါရှိသော အစုရှယ်ယာများ၏ အခွင့်အရေးများသို့မဟုတ် အစုရှယ်ယာမတည်ငွေရင်းမပါရှိသော ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူအမျိုးအစား တစ်ရပ်တွင် ပါရှိသောသူများ၏ အခွင့်အရေးကို ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများအား သတ်မှတ်ဖော်ပြထားပါက အဆိုပါ လုပ်ထုံးလုပ်နည်းများနှင့်အညီသာလျှင် ပြောင်းလဲသတ်မှတ်နိုင်မည် သို့မဟုတ် ပယ်ဖျက်နိုင်မည်ဖြစ်သည်။ ထိုလုပ်ထုံးလုပ်နည်းကို ယင်းတွင်ပါရှိသည့် သတ်မှတ်ချက်များနှင့်အညီသာလျှင် ပြောင်းလဲနိုင်သည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)၌ ဖော်ပြထားသော လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်မပါရှိခဲ့လျှင် အဆိုပါအလားတူ အခွင့်အရေးများကို ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်ဖြင့်သာ ပြောင်းလဲသတ်မှတ်နိုင်သည် သို့မဟုတ် ပယ်ဖျက်နိုင်သည်။ ထို့အပြင်

(၁) အောက်ပါ ဖော်ပြထားသည့် ပါဝင်သူများ၏ အစည်းအဝေးမှချမှတ်သော အထူးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်-

(ကက) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုဖြစ်သည်ဆိုလျှင် အဆိုပါအစုရှယ်ယာအမျိုးအစားတွင် အစုရှယ်ယာများ ပိုင်ဆိုင်သည့်သူများ၊ သို့မဟုတ်

(ခခ) အစုရှယ်ယာ မတည်ငွေရင်းမပါရှိသော ကုမ္ပဏီတစ်ခုဖြစ်သည်ဆိုလျှင် ပြောင်းလဲသတ်မှတ်ထားသော သို့မဟုတ် ပယ်ဖျက်ထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည့် အမျိုးအစားတွင် ပါဝင်သူများ၊ သို့မဟုတ်

(၂) အဆိုပါအမျိုးအစားတွင် အနည်းဆုံးဆန္ဒမဲ ၇၅% ရှိသည့် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာဖြင့်ရေးသား သဘောတူညီချက်ဖြင့်လည်း ပြုလုပ်နိုင်သည်။

(ဂ) ကုမ္ပဏီသည် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအား ပြုလုပ်ပြီးနောက် (၇) ရက်အတွင်း ထိုသို့ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို အဆိုပါအမျိုးအစားများတွင် ပါဝင်သူများထံသို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(င) အရပြုလုပ်သော လျှောက်ထားမှုကိုလိုက်နာလျက် သက်ဆိုင်ရာဆုံးဖြတ်ချက်များကို ချမှတ်ပြီးနောက် သို့မဟုတ် သက်ဆိုင်ရာ သဘောတူညီချက်များကို လက်ခံရရှိပြီးနောက် (၂၁) ရက်အတွင်း ကုမ္ပဏီသည် ဤပုဒ်မပါပြဋ္ဌာန်းချက်နှင့်အညီ ပြုလုပ်သည့် ပြောင်းလဲသတ်မှတ်ခြင်းများနှင့် ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်း ပြောင်းလဲစေမည့် ကိစ္စရပ်များအား မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြောင်းလဲသတ်မှတ်ထားသည့် ထုတ်ဝေပြီးဖြစ်သော အစုရှယ်ယာအမျိုးအစားတစ်ခု၏ စုစုပေါင်း ၁၀% ထက်မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့်သူများတွင် ပြောင်းလဲသတ်မှတ်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် သဘောတူညီခြင်းမရှိခဲ့လျှင် သို့မဟုတ် မဲပေးခြင်းမရှိသူက အဆိုပါပြောင်းလဲသတ်မှတ်ခြင်းကို ဆက်လက်၍ သဘောတူညီခြင်းမရှိလျှင် ထိုသူသည် အဆိုပါပြောင်းလဲသတ်မှတ်ခြင်းကို ပယ်ဖျက်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။ ထိုသို့ လျှောက်ထားမှုတစ်စုံတစ်ရာရှိခဲ့ပါက အဆိုပါပြောင်းလဲသတ်မှတ်ခြင်းကို တရားရုံးက အတည်မပြုမီသည့်အထိ ထိုသို့ပြောင်းလဲသတ်မှတ်ခြင်းမှာ အကျိုးသက်ရောက်ခြင်း မရှိစေရ။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ(င)အရ တင်ပြလျှောက်ထားမှုကို သဘောတူညီချက်ပေးသည့်နေ့ရက် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ (၂၁)ရက်အတွင်း ပြုလုပ်ရမည်။ လျှောက်ထားမှုအား ပြုလုပ်ခွင့်ရှိသည့် အစုရှယ်ယာရှင်များကိုယ်စား ၎င်းတို့က ဤကိစ္စအလို့ငှာ စာဖြင့်ရေးသားခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများက ထိုလျှောက်ထားမှုကို ပြုလုပ်နိုင်သည်။

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

(ဆ) လျှောက်ထားမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည် လျှောက်ထားသူ၊ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ကြားနာပေးရန် တရားရုံးသို့ လျှောက်ထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကြားနာစစ်ဆေးပြီးနောက် အဆိုပါပြောင်းလဲသတ်မှတ်ခြင်းသည် လျှောက်ထားသူမှ ကိုယ်စားပြုသော အမျိုးအစားတွင် ပါဝင်သူများကို မတရားထိခိုက်နစ်နာစေကြောင်း အမှုတွင်ပေါ်ပေါက်ခဲ့လျှင် ထိုသို့ ပြောင်းလဲသတ်မှတ်ခြင်းအား ခွင့်မပြုကြောင်း ဆုံးဖြတ်နိုင်သည်။ အမှုတွင် ထိုသို့မပေါ်ပေါက်ပါက ပြောင်းလဲသတ်မှတ်ခြင်းအား အတည်ပြုပေးရမည်။

(ဇ) အဆိုပါ လျှောက်ထားမှုနှင့် စပ်လျဉ်း၍ တရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(ဈ) ကုမ္ပဏီသည် လျှောက်ထားမှုအပေါ် ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို လက်ခံရရှိပြီး နောက်(၂၁)ရက်အတွင်း ထိုအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံပေးပို့ရမည်။

(ည) ကုမ္ပဏီအရာရှိအားလုံး၏ တာဝန်မှာ ဤပုဒ်မပါ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ သက်ဆိုင်သည့် တင်ပြဆောင်ရွက်မှုများကိုလည်းကောင်း ပြုလုပ်ရန်ဖြစ်သည်။

(ဋ) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် "ပြောင်းလဲသတ်မှတ်ခြင်း"နှင့် "ပြောင်းလဲသတ်မှတ်သော"ဆိုသည်တွင် "ပယ်ဖျက်ခြင်း"နှင့် "ပယ်ဖျက်သော"ဟု အဓိပ္ပာယ်လည်း ပါဝင်စေရမည်။

၁၂၇။ ပုဒ်မ ၁၂၆ ၏ ပုဒ်မခွဲ (ည)တွင်ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့်ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ(၂၀)ခု ထက်မပိုသော ငွေဒဏ်ကို ပေးဆောင်ရမည်။

## ငွေကြေးအထောက်အပံ့

**၁၂၈။ ကုမ္ပဏီမှယင်း၏ထုတ်ဝေသည့် အစုရှယ်ယာများကို ဝယ်ယူခြင်းအတွက် ငွေကြေး အထောက်အပံ့ပေးခြင်းဆိုင်ရာ ကန့်သတ်ချက်များ**

(က) ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၃၀ တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များမှတစ်ပါး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီမဟုတ်သော အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီများအပြင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ယင်းကုမ္ပဏီက သို့မဟုတ် ကုမ္ပဏီ၏အစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီက ထုတ်ဝေထားသည့် အစုရှယ်ယာတစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်မည်ဖြစ်သော ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သို့မဟုတ် ဝယ်ယူရန်အတွက် ငွေကြေးအထောက်အပံ့ တစ်စုံတစ်ရာကို ပေးအပ်ခြင်းမပြုရ။ သို့ရာတွင် ငွေထုတ်ချေးခြင်းမှာ ကုမ္ပဏီ၏သာမန်စီးပွားရေးလုပ်ငန်း တစ်စိတ်တစ်ဒေသဖြစ်လျှင် ကုမ္ပဏီ၏သာမန်စီးပွားရေးလုပ်ငန်းအဖြစ် ငွေထုတ်ချေးခြင်းအား ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း မရှိစေရ။

(ခ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခုက အစုရှယ်ယာများကို ပြန်လည်ရွေးနှုတ်ရယူခြင်း၊ အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း သို့မဟုတ် အခန်း(၁၅)တွင်ပါရှိသော ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအပေါ် အကျိုးသက်ရောက်စေမည့် ဆောင်ရွက်မှု သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြုလုပ်ခြင်းတို့နှင့် စပ်လျဉ်းသော အခွင့်အရေးကို ထိခိုက်စေခြင်း မရှိစေရ။

၁၂၉။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၈ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ပြုလုပ်ဆောင်ရွက်ခဲ့လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာသို့မဟုတ် အခြားအရာရှိများတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅၀) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

**၁၃၀။ ငွေကြေးအထောက်အပံ့ ပေးအပ်ရန် ကုမ္ပဏီအားခွင့်ပြုခြင်း**

(က) ပုဒ်မ ၁၂၈ နှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် အောက်ပါအချက်များနှင့် ညီညွတ်မှသာ ကုမ္ပဏီ သို့မဟုတ် ယင်း၏အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာများကို ရယူနိုင်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ငွေကြေး အထောက်အပံ့ပေးအပ်နိုင်သည်

(၁) ဒါရိုက်တာအဖွဲ့သည် အောက်ပါအခြေအနေများကို လက်ခံနိုင်ဖွယ်ရှိသော အကြောင်းပြချက်များရှိကြောင်း ဆုံးဖြတ်ခဲ့လျှင်-

(ကက) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးသင့်ကြောင်း၊

( ခခ ) ထိုသို့ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးခံစားခွင့်များကို ကောင်းစွာရရှိစေမည် ဖြစ်ကြောင်း၊

( ဂဂ ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိကြောင်း၊

(ဃဃ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီကယင်း၏ မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစု ထိခိုက်မှု မရှိကြောင်းနှင့်

( ငင ) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးပြီးနောက် ချက်ချင်း ကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံကြောင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၁၃၃ အရ ငွေကြေးအထောက်အပံ့ပေးခြင်းအား အစုရှယ်ယာရှင်များက အတည်ပြုကြောင်း။

(ခ) ငွေကြေးအထောက်အပံ့ပေးခြင်းအား ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၁) အရ ဒါရိုက်တာအဖွဲ့မှ ခွင့်ပြုပြီးနောက် အဆိုပါငွေကြေးအထောက်အပံ့ကို ပေးအပ်ခြင်းမပြုသေးမီကာလအတွင်း ကုမ္ပဏီအနေဖြင့် ငွေကြေး အထောက်အပံ့ပေးပြီးနောက် ချက်ချင်း ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ်(၁) ပါ လိုအပ်ချက်များကို လိုက်နာနိုင်သည့် အခြေအနေရှိမည် မဟုတ်ကြောင်း ဒါရိုက်တာအဖွဲ့ကတွေ့ရှိလျှင် ကုမ္ပဏီက ပြုလုပ်မည့် ငွေကြေးအထောက်အပံ့ တစ်ရပ်ရပ်ကို ပြုလုပ်ခွင့်ရှိသည်ဟုမှတ်ယူခြင်း မရှိစေရ။

၁၃၁။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၃၀ ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၅၀)ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်မှုကို ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများတစ်ဦးဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၃၂။ ပုဒ်မ ၁၃၁ အပြင် ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့များ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပေးအပ်ပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၃၀ ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ ငွေကြေးအထောက်အပံ့ပေးခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက်ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် ငွေကြေးအထောက်အပံ့များပေးခဲ့သည့် တန်ဖိုးပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စားတရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက သော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**၁၃၃။ အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

(က) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးခြင်းအတွက် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို အောက်ပါအတိုင်းပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်မှာ အစုရှယ်ယာများရရှိသူကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်း မပါရှိသည့် အထူးဆုံးဖြတ်ချက်ချမှတ်ခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်များ အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၃၀ တွင် ဖော်ပြပါရှိသည့်အတိုင်း ငွေကြေးအထောက်အပံ့ကို ရယူဆောင်ရွက်ပြီးနောက် ချက်ချင်းနိုင်ငံတော်အတွင်း စတော့ဈေးကွက်၌ အမည်စာရင်းတင်သွင်းထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီဖြစ်သည်ဆိုလျှင် ငွေကြေးအထောက်အပံ့အား အဆိုပါ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ဂ) ကုမ္ပဏီသည်ငွေကြေးအထောက်အပံ့ပေးခြင်း ဆောင်ရွက်ပြီးနောက် ချက်ချင်း အောက်ပါအတိုင်း အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတစ်ခုရှိခဲ့လျှင် ထိုအစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီသည်-

(၁) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားပြီးနိုင်ငံတော်အတွင်း စတော့ ဈေးကွက်၌ အမည်စာရင်းတင်သွင်းထားခြင်းမရှိသေးသည့် ကုမ္ပဏီ ဖြစ်သည်ဆိုလျှင်၊ ၎င်းပြင်

(၂) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုမဟုတ်သော ကုမ္ပဏီဖြစ်သည်ဆိုလျှင်၊ အထက်ပါကိစ္စရပ်တွင် ငွေကြေးအထောက်အပံ့ပေးခြင်းကို ထိုအစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ်(ခ) သို့မဟုတ် (ဂ)တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် အစည်းအဝေးတစ်ရပ်အား ခေါ်ယူကျင်းပလိုသော ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန်ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသောအချက်အလက်များ အားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် ခေါ်ယူကျင်းပမည့် အစည်းအဝေးအကြောင်းကြားစာအား ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါစာရွက် စာတမ်းမိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

(၂) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့မည့် အစည်းအဝေး အကြောင်း ကြားစာနှင့်အတူ ပူးတွဲပါရှိသည့် ငွေကြေးအထောက်အပံ့ပေးခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

(င) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့မပေးမီ အနည်းဆုံး (၂၁) ရက်အတွင်း ထိုငွေကြေးအထောက်အပံ့ပေးခြင်းအား ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြုဆောင်ရွက်ပြီးဖြစ်ကြောင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင် ပါရှိသော ကိစ္စရပ်များအတွက် ချမှတ်ထားသည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ယင်း ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ (၁၄)ရက်အတွင်း ဖော်ပြပါကုမ္ပဏီ၊ နိုင်ငံတော် အတွင်း စတော့ဈေးကွက်၌ အမည်စာရင်းတင်သွင်းထားသည့် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ သို့မဟုတ် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီသည် မှတ်ပုံတင်အရာရှိထံတင်ပြရမည်။

(ဆ) ကုမ္ပဏီ၏ဒါရိုက်တာနှင့် အခြားအရာရှိအားလုံး၏တာဝန်မှာ ဤပုဒ်မပါ လုပ်ထုံး လုပ်နည်းများနှင့်အညီ လိုအပ်သောအရေးယူဆောင်ရွက်မှုများကို လည်းကောင်း၊ သက်ဆိုင်သည့် တင်ပြဆောင်ရွက်မှုများကို လည်းကောင်း သင့်လျော်သောဆောင်ရွက်ချက်ဖြင့် ပြုလုပ်ရန်ဖြစ်သည်။

၁၃၄။ ပုဒ်မ ၁၃၃ ပုဒ်မခွဲ(ဆ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့်ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅၀) ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

**၁၃၅။ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုများ**

ပုဒ်မ ၁၂၈ တွင် ပါရှိသောပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် ကုမ္ပဏီသည် ငွေကြေး အထောက်အပံ့များကိုပေးအပ်ခဲ့လျှင် ထိုသို့ငွေကြေးအထောက်အပံ့ပေးခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

## အစုရှယ်ယာများကို မိမိကိုယ်တိုင်ပြန်လည်ရယူခြင်းအား တားမြစ်ခြင်း

**၁၃၆။ အစုရှယ်ယာများအား တိုက်ရိုက်ရယူခြင်း**

ကုမ္ပဏီတစ်ခုသည် အောက်ပါကိစ္စရပ်မှအပ ၎င်း၏အစုရှယ်ယာများကို ရယူခြင်းမပြုရ-

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ဝယ်ယူခြင်း၊ သို့မဟုတ်

(ခ) တရားရုံး၏ အမိန့်အရ ဆောင်ရွက်ခြင်း။

**၁၃၇။ အစုရှယ်ယာများအပေါ် အာမခံချက်များ ရယူခြင်း**

ကုမ္ပဏီတစ်ခုသည် ယင်း၏အစုရှယ်ယာများ သို့မဟုတ် ယင်းကို ကြီးကြပ်အုပ်ချုပ်နေသည့် အစုများပိုင်ဆိုင်သောကုမ္ပဏီ၏ အစုရှယ်ယာများအပေါ် အာမခံချက်များ ရယူခြင်းမပြုရ။

**၁၃၈။ အစုရှယ်ယာများကို လက်အောက်ခံကုမ္ပဏီတစ်ခုသို့ ထုတ်ဝေခြင်းသို့မဟုတ် လွှဲပြောင်းခြင်း**

အောက်ပါအကြောင်းများ ပေါ်ပေါက်ခြင်းမရှိလျှင် ကုမ္ပဏီတစ်ခုက ယင်း၏ လက်အောက်ခံကုမ္ပဏီသို့ ယင်း၏အစုရှယ်ယာများကို ထုတ်ဝေခြင်းသို့မဟုတ် လွှဲပြောင်းပေးခြင်းသည် ပျက်ပြယ်သည် -

(က) လွှဲပြောင်းလက်ခံသော လက်အောက်ခံကုမ္ပဏီသည် အစုရှယ်ယာများအား ယုံကြည်အပ်နှံခြင်းခံရသူအဖြစ်သာ လက်ခံထားခြင်းဖြစ်ပြီး အစုရှယ်ယာများမှ အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ရယူခြင်းမရှိလျှင်၊ သို့မဟုတ်

(ခ) လွှဲပြောင်းမှုအားအဆိုပါ ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သော ကုမ္ပဏီကပြုလုပ်ပြီး လွှဲပြောင်းလက်ခံသော လက်အောက်ခံကုမ္ပဏီက ထိုအစုများပိုင်ဆိုင်သော ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီဖြစ်လျှင်။

**၁၃၉။ ကင်းလွတ်ချက်များ**

ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားအခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်ခြင်း မရှိစေဘဲ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၁၃၆ မှ ၁၃၈ အထိတို့တွင် တားမြစ်ထားသည့် သို့မဟုတ် ပျက်ပြယ်သည့် ကိစ္စတစ်ရပ်ရပ်ကိုခွင့်ပြုနိုင်ပြီး အကျိုးသက်ရောက်စေနိုင်သည့် အခြေအနေများကို သတ်မှတ်ဖော်ပြနိုင်သည်။

## တာဝန်များကို ဆက်လက်ဆောင်ရွက်ရခြင်း

**၁၄၀။ အခြားတာဝန်များကို ဆက်လက်လိုက်နာဆောင်ရွက်ရခြင်း**

ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာမတည်ငွေရင်းအပေါ် အကျိုးသက်ရောက်စေမည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အပိုင်း ၄ တွင်ပါရှိသော တာဝန်များအပါအဝင် ဤဥပဒေအရ ၎င်းတို့၏တာဝန် သို့မဟုတ် ၎င်းတို့အား ပေးအပ်ထားသည့် တာဝန် တစ်ရပ်ရပ်ကို ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်အရ ခွင့်ပြုထားသည့် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများကဆုံးဖြတ်ချက်ချမှတ်၍ အတည်ပြုထားသည့် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ခွင့်ပြုထားသည့် အကြောင်းမျှဖြင့် ကင်းလွတ် ခွင့်မရှိစေရ။

## အပိုင်း (၄)

## စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်း၊ အများပြည်သူသို့ ကမ်းလှမ်းခြင်း၊ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်ရှိခြင်း၊ ကုမ္ပဏီ၏ငွေစာရင်းများကို ထိန်းသိမ်းထားရှိခြင်း

## အခန်း (၁၆) ကုမ္ပဏီရုံးခန်းနှင့် အမည်

**၁၄၁။ မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်း**

(က) ကုမ္ပဏီတစ်ခုသည် ယင်းအား စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အကြောင်းကြားမှုများအတွက် လိပ်မူပေးပို့နိုင်မည့် မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းတစ်ခု ရှိရမည်။

(ခ) ကုမ္ပဏီသည် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာရှိ အဆောက်အအုံ ဥပစာတွင် လုပ်ငန်းဆောင်ရွက်ရန် မလိုအပ်။ သို့ရာတွင် အဆိုပါအဆောက်အအုံ ဥပစာ တွင် ဝင်ရောက်နေထိုင်သူက ယင်းနေရာအား ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးကြောင်း သဘောတူညီချက်ကို ရယူထိန်းသိမ်း ထားရမည်။ အဆိုပါသဘောတူညီချက်အား ပြန်လည်ရုပ်သိမ်းခဲ့လျှင် ကုမ္ပဏီသည် မှတ်ပုံတင်ထားသော ရုံးခန်းအသစ်တစ်ခုကို ထပ်မံဖော်ပြရမည်။ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မခွဲအရ လိုအပ်သောသဘောတူညီချက် အထောက်အထားကို ကုမ္ပဏီအား တင်ပြစေနိုင်သည်။

(ဂ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်သည့် လျှောက်လွှာတွင် မှတ်ပုံတင်ထားသော ရုံးခန်း လိပ်စာအပြည့်အစုံကို အကြောင်းကြားထည့်သွင်း ဖော်ပြရမည်ဖြစ်ပြီး အဆိုပါလိပ်စာတွင် အဆိုပြုပြောင်းလဲပြင်ဆင်မှု တစ်စုံတစ်ရာရှိခဲ့ပါက ထိုသို့ ပြောင်းလဲပြင်ဆင်သည့်နေ့မတိုင်မီ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါ ပြောင်းလဲမှုများကို မှတ်တမ်းတင် ထားရှိရမည်။

(ဃ) ကုမ္ပဏီ၏ နှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည့် မှတ်ပုံတင် ထားသော ကုမ္ပဏီရုံးခန်းလိပ်စာသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် တာဝန်အတွက် ပြည့်စုံလုံလောက်သည်ဟု သတ်မှတ်ခြင်း မရှိစေရ။

(င) မှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များပေါ်ပေါက်ကြောင်း ထင်မြင်ခဲ့လျှင် နိုင်ငံအတွင်းနေထိုင်သည့် ဒါရိုက်တာတစ်ဦးဦးထံသို့ အကြောင်းကြားစာ ပေးပို့၍ မှတ်ပုံတင်ထားသောရုံးခန်းလိပ်စာကို အဆိုပါ ဒါရိုက်တာ၏လိပ်စာဖြင့် ပြောင်းလဲသတ်မှတ်လိုကြောင်း အသိပေးနိုင်သည်-

(၁) အကယ်၍မှတ်ပုံတင်ထားသောရုံးခန်းသည် ကုမ္ပဏီ လုပ်ငန်းဆောင်ရွက် သည့် အဆောက်အအုံဥပစာတွင် တည်ရှိခဲ့သော်လည်း ထိုအဆောက် အအုံဥပစာတွင် ကုမ္ပဏီက ဆက်လက်လုပ်ငန်းဆောင်ရွက်ခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) အကယ်၍ မှတ်ပုံတင်ထားသောရုံးခန်းသည် ကုမ္ပဏီလုပ်ငန်း ဆောင်ရွက်သည့် အဆောက်အအုံဥပစာတွင် လုပ်ငန်းဆောင်ရွက်ခြင်း မရှိလျှင် ထိုအဆောက်အအုံဥပစာတွင် ဝင်ရောက်နေထိုင်သူက ယင်းဥပစာအား ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးရန် သဘောတူညီခြင်းမရှိလျှင် သို့မဟုတ် ပြန်လည် ရုပ်သိမ်းလျှင် သို့မဟုတ် ၎င်းအနေဖြင့် ယင်းဥပစာတွင် ဆက်လက် နေထိုင်ခြင်း မရှိလျှင်၊

အဆိုပါအကြောင်းကြားစာအား ထုတ်ပြန်သည့်နေ့မှ (၂၈)ရက်အတွင်း ကုမ္ပဏီသည် ရုံးခန်းလိပ်စာအသစ်ကို သတ်မှတ်ဖော်ပြနိုင်ခြင်းမရှိပါက မှတ်ပုံတင်အရာရှိသည် အထက်ပါလိပ်စာကို မှတ်ပုံတင်ထားသောရုံးခန်း လိပ်စာအဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည်။

၁၄၂။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၄၁ အရ သတ်မှတ်ထားသည့်အချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၈) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

**၁၄၃။ တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ၏အမည်ကို ဖော်ပြရခြင်း**

တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီအားလုံးသည်-

(က) ယင်း၏အမည်အား မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းတွင်လည်းကောင်း၊ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်သည့် ရုံးခန်းသို့မဟုတ် နေရာ အားလုံးတို့တွင်လည်းကောင်း မြင်သာသည့်နေရာ၌ မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းစွာရေးသားဖော်ပြရမည်။

(ခ) ကုမ္ပဏီ၏ ရုံးတံဆိပ် ရှိခဲ့လျှင် ယင်းရုံးတံဆိပ်တွင် ၎င်း၏အမည်အား ရှင်းလင်း လွယ်ကူသည့် စာလုံးများဖြင့် ဖော်ပြပါရှိစေရမည်။

(ဂ) အောက်ပါကိစ္စရပ်များအားလုံးတွင် ယင်း၏အမည်အား မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လွယ်ကူစွာဖတ်ရှုနိုင်စေရန် ဖော်ပြရမည် -

(၁) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း စာဖြင့် ရေးသားပေးပို့သည့် ဆက်သွယ်ဆောင်ရွက်မှုများနှင့်

(၂) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သည့် သို့မဟုတ် လက်မှတ်ရေးထိုးပြီး ကုမ္ပဏီအတွက် ဥပဒေအရတာဝန်ရှိမှုတစ်ရပ်ရပ်ကို ဖြစ်စေသော စာရွက်စာတမ်းများ။

**၁၄၄။ ကုမ္ပဏီ၏အမည်ကို ဖော်ပြခြင်းမပြုသည့်အတွက် ပြစ်ဒဏ်**

(က) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ဤဥပဒေ အရ ညွှန်ကြားထားသည့် နည်းလမ်းများအတိုင်း ရှင်းလင်းထင်ရှားစွာ လိုက်နာ ဖော်ပြခြင်းမရှိလျှင် ပြစ်ဒဏ်ပမာဏ (၁)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်စေခဲ့သည့် သို့မဟုတ် ပျက်ကွက်ရန်ခွင့်ပြုခဲ့သည့် ကုမ္ပဏီအရာရှိတစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

(ခ) တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခု၏ အရာရှိတစ်ဦးဦး သို့မဟုတ် ယင်းကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးသည် အထက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ယင်း၏အမည်ကို ရှင်းလင်းထင်ရှားစွာ ဖော်ပြခြင်းမပြုဘဲ ကုမ္ပဏီ၏ ရုံးတံဆိပ်တစ်ခုအဖြစ် ရည်ရွယ်လျက် ရုံးတံဆိပ်တစ်ခုခုကို အသုံးပြုခဲ့လျှင် သို့မဟုတ် ထိုသို့အသုံးပြုရန် ခွင့်ပြုခဲ့လျှင် သို့မဟုတ် အထက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယင်း၏အမည်ကို ပုဒ်မ ၁၄၃ ၏ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြပါရှိသည့် ဆက်သွယ်ဆောင်ရွက်မှု သို့မဟုတ် စာရွက်စာတမ်းတစ်ခုခုကို ဖော်ပြခြင်းမပြုဘဲ ပြုလုပ်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ ပြုလုပ်ဆောင်ရွက်ရန် ခွင့်ပြုခဲ့လျှင် ပြစ်ဒဏ် ပမာဏ (၁)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။ ၎င်းအပြင် အဆိုပါ စာရွက်စာတမ်းသည် ကုမ္ပဏီအတွက် ဥပဒေအရ တာဝန်ရှိမှု တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပြီး အောက်ပါကိစ္စရပ်များ မပေါ်ပေါက်ခဲ့လျှင် ထိုတာဝန်ရှိမှုကို ကုမ္ပဏီက မဆောင်ရွက်နိုင်သဖြင့် ကုမ္ပဏီအပေါ်တွင် ဖြစ်ပေါ်လာသည့် တာဝန်ရှိမှုများအတွက်လည်း ထိုသူက တာဝန်ယူဆောင်ရွက်ရမည်-

(၁) အခြားပုဂ္ဂိုလ်အတွက် ကုမ္ပဏီသည် တာဝန်ယူဆောင်ရွက်မည်ဟု အဆိုပါ ပုဂ္ဂိုလ်သည် သိရှိသူ သို့မဟုတ် သိရှိသည်ဟု မှတ်ယူခံရသူ ပုဂ္ဂိုလ်ဖြစ်ကြောင်း စာရွက်စာတမ်းကို ထုတ်ပြန်ခဲ့သူ သို့မဟုတ် လက်မှတ်ရေးထိုးခဲ့သူက ထင်ရှားပြသနိုင်ခြင်း၊ သို့မဟုတ်

(၂) တရားရုံးက အဆိုပါစာရွက်စာတမ်းကို ထုတ်ပြန်ခဲ့သူ သို့မဟုတ် လက်မှတ် ရေးထိုးခဲ့သူအပေါ် ထိုသို့တာဝန်ရှိစေခြင်းမှာတရားမျှတမှုမရှိကြောင်းတွေ့ရှိခြင်း။

## အခန်း (၁၇) အစည်းအဝေးများနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်မှုများ

၁၄၅။ **ဒါရိုက်တာများ၏ အစည်းအဝေးများ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ -

(၁) ဒါရိုက်တာများ၏ အစည်းအဝေးတစ်ရပ်ကို ဒါရိုက်တာတစ်ဦးက အခြား ဒါရိုက်တာများထံသို့ သင့်လျော်သော အချိန်ကာလအတွင်း အကြောင်းကြားစာ ပေးပို့၍ ခေါ်ယူကျင်းပနိုင်သည်၊

(၂) အစည်းအဝေးအား ဒါရိုက်တာများအားလုံးက သဘောတူလက်ခံသည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့်ဖြစ်စေ ခေါ်ယူနိုင်သည် သို့မဟုတ် ကျင်းပနိုင်သည်၊

(၃) ဒါရိုက်တာများ၏ အစည်းအဝေးတစ်ရပ်အတွက် အစည်းအဝေး အထမြောက်စေရန်တက်ရောက်ရမည့် ဒါရိုက်တာဦးရေမှာ နှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် အရေအတွက် ရှိရမည်ဖြစ်ပြီး ထိုဒါရိုက်တာအားလုံးသည် အစည်းအဝေး အချိန်ကာလ တစ်လျှောက်လုံး တက်ရောက်ရမည်၊ ၎င်းပြင်

(၄) အစည်းအဝေး ဆုံးဖြတ်ချက်တစ်ရပ်အား အဆိုပါ ဆုံးဖြတ်ချက်အတွက် မဲပေးခွင့်ရရှိသူ ဒါရိုက်တာများ၏ ဆုံးဖြတ်မဲ အများစုဖြင့် ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် ကုမ္ပဏီ၏ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးကို ဒါရိုက်တာများက ရွေးချယ်ရမည်။ အစည်းအဝေးတစ်ရပ်တွင်ဖြစ်စေ၊ အစည်းအဝေးဆောင်ရွက်နေသည့် အချိန်ကာလ အပိုင်းအခြားတစ်ရပ်တွင်ဖြစ်စေ ရွေးချယ်ခံထားရသော ဥက္ကဋ္ဌက တက်ရောက်ရန် ပျက်ကွက်ခဲ့လျှင် အစားထိုး ဆောင်ရွက် မည့် ဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်နိုင်သည်။

(ဂ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဥက္ကဋ္ဌသည် ဒါရိုက်တာများ၏ အစည်းအဝေးတွင် အဆုံးအဖြတ်မဲတစ်မဲ ပေးခွင့်ရှိသည်။

၁၄၆။ **နှစ်ပတ်လည် အထွေထွေအစည်းအဝေး**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ယင်း၏နှစ်ပတ်လည် အထွေထွေအစည်းအဝေးအဖြစ် အထွေထွေအစည်းအဝေးတစ်ရပ်ကို ယင်းကုမ္ပဏီအား စတင်ဖွဲ့စည်း တည်ထောင်သည့်နေ့ရက်မှ (၁၈) လအတွင်း ကျင်းပရမည်ဖြစ်ပြီး ၎င်းအစည်းအဝေးအား ကျင်းပပြီးနောက်ပိုင်း ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် နောက်ဆုံးအကြိမ် ခေါ်ယူကျင်းပခဲ့သည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ (၁၅) လထက်မပိုသော ကာလအတွင်းဖြစ်စေရမည်။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ဖြစ်စေ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင်ဆွေးနွေးဆောင်ရွက်မည့် အကြောင်းအရာများသည် အစည်းအဝေး အကြောင်းကြားစာ၌ ဖော်ပြထားခြင်း မရှိစေကာမူ အောက်ပါကိစ္စရပ်များ ပါဝင်ရမည်-

(၁) ကုမ္ပဏီအနေဖြင့် နှစ်စဉ် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ၊ ဒါရိုက်တာများ၏ အစီရင်ခံစာများနှင့် စာရင်းစစ်အစီရင်ခံစာများကို ပြုစုရန် လိုအပ်သည့်အခါ ထိုအစီရင်ခံစာများအတွက် ဆွေးနွေးဆုံးဖြတ်ခြင်း၊

(၂) ဒါရိုက်တာများကို ရွေးချယ်ခြင်းနှင့်

(၃) ကုမ္ပဏီအနေဖြင့် စာရင်းစစ်တစ်ဦးခန့်ထားရန် လိုအပ်သည့်အခါ အဆိုပါ စာရင်းစစ်အား ခန့်ထားခြင်း။

(ဂ) ဥက္ကဋ္ဌသည် ကုမ္ပဏီတွင်ပါဝင်သူများအား ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းရန် သို့မဟုတ်သဘောထား မှတ်ချက်များ ပေးရန် တို့အတွက် သင့်လျော်သော အခွင့်အရေးပေးရမည်။

(ဃ) ကုမ္ပဏီ၏စာရင်းစစ်သည် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌသည် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီ၏ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ်အစီရင်ခံစာ သို့မဟုတ် ငွေစာရင်းများနှင့် စပ်လျဉ်း၍ စာရင်းစစ်သို့ မေးခွန်းများ မေးမြန်းနိုင်ရန်အတွက် သင့်လျော်သော အခွင့်အရေးပေးရမည်။

(င) အောက်ပါကိစ္စရပ်များပေါ်ပေါက်ခြင်းမှတစ်ပါး ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အသေးစား ကုမ္ပဏီများနှင့် သက်ဆိုင်ခြင်း မရှိစေရ-

(၁) ထိုအသေးစားကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်မှုရှိခြင်း သို့မဟုတ် အလားတူ သတ်မှတ်ချက်များပါရှိခြင်း၊ သို့မဟုတ်

(၂) ထိုအသေးစားကုမ္ပဏီတွင် ပါဝင်သူများက သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်စေရန် ဆုံးဖြတ်ခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက ထိုအသေးစားကုမ္ပဏီအနေဖြင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအား ကျင့်သုံးဆောင်ရွက်သင့်သည်ဟုဆုံးဖြတ်ခြင်း။

၁၄၇။ **ပုဒ်မ ၁၄၆ ပါ ပြဋ္ဌာန်းချက်များအား ပျက်ကွက်ခြင်း**

ပုဒ်မ ၁၄၆ ပါ ပြဋ္ဌာန်းချက်များအရ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတစ်ရပ်အား ကျင်းပရာတွင် ပျက်ကွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက-

(က) ထိုပျက်ကွက်မှုတွင် သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေပါဝင်ခဲ့သော ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်၊ ၎င်းပြင်

(ခ) တရားရုံးသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ တင်ပြလျှောက်ထားချက်အရ ကုမ္ပဏီ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပစေနိုင်သည် သို့မဟုတ် ခေါ်ယူကျင်းပရန် ညွှန်ကြားနိုင်သည်။ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အစည်းအဝေးကျင်းပ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်။

၁၄၈။ **ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး**

(က) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၊ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများအားလုံးသည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ၂၈ ရက်အောက်မနည်း၊ (၆)လထက် မများသော ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူများ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရမည်။ ထိုအစည်းအဝေးကို ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေးဟု ခေါ်တွင်စေရမည်။

(ခ) ဒါရိုက်တာများသည် အစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး (၂၁) ရက် ကြိုတင်၍ ဤပုဒ်မတွင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဤဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ တစ်စောင်ကို ကုမ္ပဏီတွင် ပါဝင်သူအားလုံးထံသို့ ဖြန့်ဝေရမည်။

(ဂ) ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီ၏ ဒါရိုက်တာများအနက်မှ နှစ်ဦးထက်မနည်းသော ဒါရိုက်တာများမှဖြစ်စေ၊ ဒါရိုက်တာတစ်ဦးတည်းရှိသောကုမ္ပဏီတွင် တစ်ဦးတည်းရှိသောဒါရိုက်တာမှဖြစ်စေ၊ ဒါရိုက်တာများကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ဒါရိုက်တာများ၏ ဥက္ကဋ္ဌကဖြစ်စေ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ယင်းအစီရင်ခံစာတွင် အောက်ပါတို့ကိုဖော်ပြရမည် -

(၁) ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက်စုစုပေါင်း၊ ယင်းတို့တွင် အပြည့်အဝကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငွေသားဖြင့် ပေးချေထားသော ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြချက်၊ ငွေသားဖြင့်မဟုတ်ဘဲ အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေထားသော အစုရှယ်ယာ ပိုင်းခြားဖော်ပြချက်၊ တစ်စိတ်တစ်ဒေသကို ပေးချေထားသည့် အစုရှယ်ယာဖြစ်လျှင် ထိုသို့ပေးချေထားသည့် ပမာဏနှင့် အပြည့်အဝကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေထားသည့် အစုရှယ်ယာ တန်ဖိုး၊

(၂) အထက်တွင်ဖော်ပြပါရှိသကဲ့သို့ ခွဲဝေသတ်မှတ်ပြီး ပိုင်းခြားဖော်ပြထားသော အစုရှယ်ယာအားလုံးနှင့် စပ်လျဉ်း၍ ကုမ္ပဏီက လက်ခံရရှိပြီးဖြစ်သည့် ငွေသား ပမာဏစုစုပေါင်း၊

(၃) ခေါင်းစဉ်အလိုက် ခွဲခြားဖော်ပြထားသောအစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြားကဏ္ဍများမှ ကုမ္ပဏီက လက်ခံရရှိမှု၊ ငွေပေးချေမှု၊ လက်ဝယ်ရှိ ရငွေသုံးငွေဆိုင်ရာနှင့် သက်ဆိုင်သည့် အသေးစိတ်ဖော်ပြချက်များ၊ အစုရှယ်ယာများ ထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးချေရသော ကော်မရှင်ကြေး သို့မဟုတ် လျှော့ပေါ့တန်ဖိုးတို့ကို သီးခြားစီဖော်ပြလျက် ကုမ္ပဏီ၏ ကနဦး ကုန်ကျစရိတ်များအတွက် ငွေစာရင်း သို့မဟုတ် ခန့်မှန်းတွက်ချက်မှုများနှင့်အတူ အစီရင်ခံစာ ပြုလုပ်သည့်နေ့မှ (၇)ရက် ကာလအတွင်းရှိ နေ့ရက် တစ်ရက်ရက်အထိ ကုမ္ပဏီက လက်ခံရရှိမှုများ၊ ပြုလုပ်ခဲ့သော ငွေပေးချေမှုများနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ဖော်ပြချက်၊

(၄) ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ဖော်ပြပါရှိခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ စာရင်းစစ်များနှင့် အတွင်းရေးမှူးရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အခြားသက်ဆိုင်သည့် ဖော်ပြချက်များ၊ ယင်းတို့အားပြောင်းလဲ ပြင်ဆင်ထားသည့် ဖော်ပြချက်များရှိခဲ့လျှင် ယင်းပြင်ဆင် ဖော်ပြချက်များ၊

(၅) အစည်းအဝေးတွင် အတည်ပြုချက်ရယူရန် တင်ပြမည့် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ပါ အကြောင်းအရာများ၊ ပြင်ဆင်ချက်များနှင့် ပြင်ဆင်မည့် အကြောင်းအရာများ သို့မဟုတ် အဆိုပြုတင်ပြသည့် ပြင်ဆင်ချက်များ၊

(၆) အာမခံ ပဋိညာဉ်စာချုပ်များရှိခဲ့လျှင် ယင်းစာချုပ်များအရ ဆောင်ရွက်ပေးရမည့် တာဝန်များကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးစီးခြင်းများ၊

(၇) ဒါရိုက်တာများထံမှ တောင်းခေါ်မှုအရ ပေးချေရမည့် ကြွေးကျန်များ ရှိခဲ့လျှင် ယင်းကြွေးကျန်များနှင့်

(၈) အစုရှယ်ယာများအား ထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဒါရိုက်တာ သို့မဟုတ် အရာရှိထံသို့ ပေးချေခဲ့သော သို့မဟုတ် ပေးချေရမည်ဖြစ်သော ကော်မရှင်ကြေး သို့မဟုတ် ပွဲစားခများအတွက် ဖော်ပြချက်များ၊

(ဃ) ကုမ္ပဏီမှ ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများနှင့်လည်းကောင်း၊ ကုမ္ပဏီမှ အဆိုပါ အစုရှယ်ယာများအတွက် လက်ခံရရှိခဲ့သည့်ငွေကြေး၊ လက်ခံရရှိမှုများနှင့် ပေးချေမှုများနှင့်လည်းကောင်း သက်ဆိုင်ခဲ့လျှင် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီ၏ စာရင်းစစ်များမှ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(င) ဒါရိုက်တာများသည် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့်အစီရင်ခံစာအား ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ပေးပို့ပြီးနောက် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့်အဆိုပါ အစီရင်ခံစာ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ထားရှိနိုင်ရန်အတွက် မှတ်ပုံတင် အရာရှိထံသို့ ပေးပို့ရမည်။

(စ) ဒါရိုက်တာများသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်များ၊ ၎င်းတို့နှင့် သက်ဆိုင်သည့် ဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာတို့ကို လည်းကောင်း၊ ကုမ္ပဏီတွင် ပါဝင်သူ အသီးသီးက ပိုင်ဆိုင်ထားသည့် အစုရှယ်ယာ အရေအတွက်ကိုလည်းကောင်း ဖော်ပြထားသည့် စာရင်းတစ်ခုကို အစည်းအဝေး စတင်သည့်အခါတွင် တင်ပြနိုင်ရန်အတွက် ပြုစုထားရှိရမည်ဖြစ်ပြီး အစည်းအဝေး ကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင် ပါဝင်သူများက အလွယ်တကူ ရယူအသုံးပြုနိုင်စေရန် ထားရှိရမည်။

(ဆ) အစည်းအဝေးသို့ တက်ရောက်ကြသော ကုမ္ပဏီတွင်ပါဝင်သူများသည် ကုမ္ပဏီဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လည်းကောင်း ကြိုတင်အကြောင်းကြားခြင်း ပြုခဲ့သည်ဖြစ်စေ၊ မပြုခဲ့သည်ဖြစ်စေ ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြောင်းကြားခြင်း မရှိခဲ့လျှင် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ခြင်း မပြုရ။

(ဇ) အစည်းအဝေးကို အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်ပြီး ထိုသို့ရွှေ့ဆိုင်းကျင်းပသည့်အစည်းအဝေးတစ်ရပ်ရပ်တွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အကြောင်းကြား၍ ယခင်အစည်းအဝေး မကျင်းပမီတွင်လည်းကောင်း၊ ကျင်းပပြီးနောက်ပိုင်းတွင် လည်းကောင်း ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ ထိုသို့ ရွှေ့ဆိုင်းဆောင်ရွက်သည့် အစည်းအဝေးသည် ပုံမှန်ကျင်းပသည့် အစည်းအဝေးတစ်ရပ်ကဲ့သို့ အလားတူ ဆောင်ရွက်နိုင်ခွင့်အာဏာများ ရှိစေရမည်။

(ဈ) ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား တင်ပြဆောင်ရွက်ရာတွင် လည်းကောင်း၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပရာတွင် လည်းကောင်း ပျက်ကွက်မှု တစ်စုံတစ်ရာရှိသော အကြောင်းကြောင့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို အပိုင်း (၅) တွင် သတ်မှတ်ဖော်ပြထားသော နည်းလမ်းများနှင့်အညီ တရားရုံးသို့ တင်ပြလာပါက တရားရုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ညွှန်ကြားမည့်အစား ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကို တင်ပြဆောင်ရွက်စေခြင်း သို့မဟုတ် ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပစေခြင်းတို့အတွက် လမ်းညွှန်မှုများ ပြုလုပ်နိုင်သည် သို့မဟုတ် သင့်လျော်မျှတမည့်အခြားဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။

၁၄၉။ ပုဒ်မ ၁၄၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အဆိုပါ ပျက်ကွက်မှုအတွက် အပြစ်ရှိသော သို့မဟုတ် သိလျက်ဖြင့် တမင်ဆောင်ရွက်ခွင့်ပြုသော ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၅၀။ **အစည်းအဝေးများ**

ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား အောက်ပါအတိုင်း သတ်မှတ်နိုင်မည်ဖြစ်သည်-

(က) ပုဒ်မ ၁၄၆ အရ ကျင်းပသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၊ သို့မဟုတ်

(ခ) ပုဒ်မ ၁၄၈ အရကျင်းပသည့် ဥပဒေအရ လိုက်နာကျင်းပရသည့်အစည်းအဝေး၊ သို့မဟုတ်

(ဂ) အထူးကျင်းပသည့် အထွေထွေအစည်းအဝေး၊ ယင်းသည် ပုဒ်မ ၁၅၁ ၏ ပုဒ်မခွဲ(က) အပါအဝင် ဤဥပဒေ၌ ဖော်ပြထားသည့် အခွင့်အရေးနှင့် လုပ်ထုံးလုပ်နည်းများအရ ခေါ်ယူကျင်းပသော ကုမ္ပဏီတွင် ပါဝင်သူများ၏ အခြားသော အထွေထွေအစည်းအဝေးတစ်ရပ်ရပ်ဖြစ်သည်။

၁၅၁။ **အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း**

(က) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို -

(၁) လျော်ကန်သင့်မြတ်သည့်ကိစ္စရပ်အတွက် သင့်လျော်သော အချိန်နှင့် နေရာတွင် ကျင်းပရမည်၊

(၂) အစည်းအဝေးကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင် ပါဝင်သူ အနည်းဆုံးနှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် ပိုမိုများပြားသည့်အရေအတွက်ရှိမှသာ အစည်းအဝေးအထမြောက်စေရမည်၊

(၃) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာများက ရွေးချယ်ထားသော ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ သို့ရာတွင် အစည်းအဝေးသို့ ထိုပုဂ္ဂိုလ်မတက်ရောက်နိုင်ပါက အစည်းအဝေး တက်ရောက်သူများက ဥက္ကဋ္ဌကို ရွေးချယ်ရမည်၊

(၄) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင်မဲအရေအတွက် အများစုပိုင်ဆိုင်ကြသည့် တက်ရောက်သူများက ဥက္ကဋ္ဌအား အစည်းအဝေးရွှေ့ဆိုင်းပေးစေရန် သဘောတူညီလျှင် သို့မဟုတ် ညွှန်ကြားလျှင် အစည်းအဝေးအား ရွှေ့ဆိုင်းရမည်၊

(၅) ကုမ္ပဏီ၏ စာရင်းစစ်သည် တက်ရောက်နိုင်၍ ထိုစာရင်းစစ်သည် အစည်းအဝေး အကြောင်းကြားစာများအားလုံးကို လက်ခံနိုင်ပြီး၊ အစည်းအဝေးတွင် စာရင်းစစ်နှင့် သက်ဆိုင်သည့် အစည်းအဝေး လုပ်ငန်းအစိတ်အပိုင်းအားလုံးနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခွင့်ရှိသည်၊

(၆) ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌသည် အခါအားလျော်စွာ ခေါ်ယူကျင်းပနိုင်သည်၊

(၇) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာတစ်ဦးဦးက သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် အခြားသူတစ်ဦးဦးက ခေါ်ယူနိုင်သည်၊

(၈) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့်အညီ ကုမ္ပဏီတွင်ပါဝင်သူများက တရားဝင်စာဖြင့် ရေးသားတောင်းဆိုလျှင် ဒါရိုက်တာများက ခေါ်ယူကျင်းပရမည်၊

(၉) ကုမ္ပဏီ၏ အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံအောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ထားသော ကုမ္ပဏီတွင် ပါဝင်သူများက ခေါ်ယူကျင်းပဆောင်ရွက်နိုင်သည်။ သို့ရာတွင် အဆိုပါ ကုမ္ပဏီတွင်ပါဝင်သူများသည် အစည်းအဝေး ခေါ်ယူကျင်းပသည့် စရိတ်များကို ကျခံရမည်ဖြစ်ပြီး ဒါရိုက်တာများမှ ခေါ်ယူကျင်းပသည့် ကုမ္ပဏီ၏ အစည်းအဝေးများတွင် ဆောင်ရွက်သည့် နည်းလမ်းများအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက်ကျင်းပရမည်၊ ၎င်းပြင်

(၁၀) ကုမ္ပဏီ၏အစည်းအဝေး၌ အခြားနည်းဖြင့် ခေါ်ယူကျင်းပရန် မသင့်လျော်၍ ဖြစ်စေ၊ ထိုသို့ဆောင်ရွက်ရန် သင့်လျော်မျှတမှုမရှိသည်ဟု တွေ့ရှိလျှင်ဖြစ်စေ တရားရုံးသည် အမိန့်တစ်ရပ်ရပ်ချမှတ်၍ အစည်းအဝေးအား ခေါ်ယူကျင်းပနိုင်သည်။ အစည်းအဝေးတွင်မဲပေးခွင့်ရှိသော ဒါရိုက်တာ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ တရားရုံးသည် သင့်သည်ထင်မြင်သည့် အတိုင်း အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

(ခ) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံ အောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ထားသော အစုရှယ်ယာရှင်များက ဖြစ်စေ၊ သို့မဟုတ် အစည်းအဝေး၌ ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ အနည်းဆုံး ဦးရေ (၁၀၀)က ဖြစ်စေ စာဖြင့်ရေးသား တောင်းဆိုသည့်အခါ အဆိုပြုထားသော ဆောင်ရွက်မည့် လုပ်ငန်းသည် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည့်ကိစ္စရပ် ဖြစ်ခဲ့လျှင် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်မရှိစေကာမူ အစုရှယ်ယာ မတည်ငွေရင်းပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာများသည် ကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) လျှောက်ထားတောင်းဆိုမှုကို စာဖြင့်ရေးသား ပြုလုပ်ရမည်ဖြစ်ပြီး အစည်းအဝေး၏ ရည်ရွယ်ချက်များနှင့် အဆိုပြုလိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်တို့ကို ဖော်ပြပါရှိစေ ရမည်။ ၎င်းအား လျှောက်ထားသူများက လက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏ မှတ်ပုံတင် ထားသောရုံးခန်းသို့ ပေးပို့ရမည်။ ထိုလျှောက်ထားမှုတွင် အလားတူ စာရွက်စာတမ်း များစွာ ပါရှိနိုင်ပြီး ထိုစာရွက်စာတမ်း တစ်ခုစီတွင် လျှောက်ထားသူတစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ လက်မှတ်ရေးထိုးထားရမည်။

(ဃ) သို့ရာတွင် အစည်းအဝေးမှာ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ ခေါ်ယူကျင်းပခြင်း မပြုသင့်ကြောင်း ဒါရိုက်တာများက ဆုံးဖြတ်ခဲ့ပြီး ထိုအကြောင်းအရာအား လျှောက်ထား သူများသို့ အကြောင်းကြားခဲ့ခြင်းမှအပ ဒါရိုက်တာများသည် အစည်းအဝေးအား ခေါ်ယူကျင်းပမည် ဖြစ်ကြောင်း လျှောက်ထားတင်ပြအကြောင်းကြားသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ဆောင်ရွက်ခြင်း မပြုခဲ့လျှင် လျှောက်ထားသူများကဖြစ်စေ ၎င်းတို့အနက်မှ မဲအများစု ပေးခွင့်ရှိသူမှဖြစ်စေ ၎င်းတို့ကိုယ်တိုင် အစည်းအဝေးအား ခေါ်ယူကျင်းပနိုင်သည်။ သို့သော် ထိုသို့ခေါ်ယူကျင်းပသည့် အစည်းအဝေးသည် လျှောက်ထားတင်ပြ အကြောင်းကြားသည့်နေ့မှစ၍ (၃)လအတွင်း ကျင်းပရမည်။

(င) လျှောက်ထားသူများက ဤပုဒ်မအရ ခေါ်ယူကျင်းပသည့် အစည်းအဝေးကို ဒါရိုက်တာများက ခေါ်ယူကျင်းပသည့် အစည်းအဝေးများတွင် ဆောင်ရွက်သည့် နည်းလမ်းများအတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက် ကျင်းပရမည်။ လျှောက်ထားသူများက ဤကိစ္စရပ်အတွက် မှတ်ပုံတင်စာရင်း၏ မိတ္တူတစ်ရပ်ရပ်ကို တောင်းဆိုလျှင် ကုမ္ပဏီသည် အဆိုပါမိတ္တူကို ၎င်းတို့ထံ တင်ပြရမည်။

(စ) ဒါရိုက်တာများက အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် ပျက်ကွက်ခဲ့သည့်အတွက် လျှောက်ထားသူများက ကျခံခဲ့ရသည့် ထိုက်သင့်သည့် ကုန်ကျစရိတ်များကို ကုမ္ပဏီက လျှောက်ထားသူများထံ ပြန်လည်ပေးချေရမည်။ ထိုသို့ ပြန်လည် ပေးချေခဲ့သည့် ငွေပမာဏကို ကုမ္ပဏီသည် ပျက်ကွက်ခဲ့သည့် ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအတွက် ကုမ္ပဏီမှ ပေးချေရမည့်အဖိုးအခ သို့မဟုတ် အခြားအခကြေးငွေတို့မှ ထုတ်နုတ်၍ ပြန်လည်ရယူရမည်။

(ဆ) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံအောက် မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ရရှိထားသော အစုရှယ်ယာရှင်များမှ ဖြစ်စေ၊ သို့မဟုတ် အစည်းအဝေး၌ ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ အနည်းဆုံး ဦးရေ (၁၀၀)မှ ဖြစ်စေ ကုမ္ပဏီ၏ အစည်းအဝေး၌ ပြောင်းလဲရမည့် အဆိုပြုထားသော ဆုံးဖြတ်ချက်အတွက် ကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့နိုင်သည်။

(ဇ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဆ) အရပေးပို့သည့်အကြောင်းကြားစာအား စာဖြင့်ရေးသား ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပြုသည့်ဆုံးဖြတ်ချက်ကို ရေးသား ဖော်ပြ ပါရှိစေရမည်။ ထိုအကြောင်းကြားစာအား ယင်းသို့ဆောင်ရွက်ရန် အဆိုပြုသည့် ကုမ္ပဏီတွင် ပါဝင်သူများမှ လက်မှတ်ရေးထိုးရမည်။ အကြောင်းကြားစာတွင် အကျဉ်းချုပ် ရှင်းလင်းဖော်ပြချက်ကို ပူးတွဲ၍တင်ပြနိုင်သည်။

(ဈ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသည့် အဆိုပြုထားသော ဆုံးဖြတ်ချက်သည် အစည်းအဝေး၌ တင်ပြရမည့် အဆိုပြုထားသော ဆုံးဖြတ်ချက်ဖြစ်ပြီး ဆုံးဖြတ်ချက်သည်လည်းကောင်း၊ ပူးတွဲတင်ပြသည့် ရှင်းလင်းဖော်ပြချက်သည်လည်းကောင်း အလွန်ရှည်လျားခြင်း သို့မဟုတ် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေခြင်း မရှိလျှင် ကုမ္ပဏီသည် အဆိုပါအကြောင်းကြားစာနှင့် ရှင်းလင်းဖော်ပြချက်များကို ကုမ္ပဏီသို့ ပေးပို့သော နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ သို့ရာတွင် နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးသည် ဆုံးဖြတ်ချက်ဆိုင်ရာ အကြောင်းကြားစာအား လက်ခံရရှိသည့်နေ့မှ(၂) လအတွင်း၌ ကျင်းပမည် ဆိုလျှင် အဆိုပါ အကြောင်းကြားစာကို ပေးပို့ရန်မလို။ သို့သော်အကြောင်းကြားစာကို ပေးပို့၍ အစည်းအဝေးအား လက်ခံရရှိသည့်နေ့မှ (၁၂) လ အတွင်း ကျင်းပရမည်။

(ည) ဤဥပဒေအရ သတ်မှတ်ထားသော အစည်းအဝေးအကြောင်းကြားချက်များနှင့် မဲပေးခြင်းဆိုင်ရာများအတွက် သတ်မှတ်ချက်များကို လိုက်နာလျက် ကုမ္ပဏီတွင် ပါဝင်သူများက အစည်းအဝေးကို သင့်လျော်စွာ ကျင်းပဆောင်ရွက်ပြီး ပါဝင်နိုင်ကြမည့် နည်းလမ်းတစ်ရပ်ဖြင့် အစည်းအဝေးများ ကျင်းပနိုင်စေရန် ကုမ္ပဏီသည် ယင်း၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် အစည်းအဝေး ခေါ်ယူကျင်းပခြင်းအတွက် ကုမ္ပဏီတွင် ပါဝင်သူများ ဆောင်ရွက်နိုင်မည့် နည်းလမ်း တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်နိုင်စေရန် သတ်မှတ်ထည့်သွင်းဖော်ပြနိုင်သည်။

၁၅၂။ **အစည်းအဝေးများအတွက် အကြောင်းကြားခြင်းနှင့် မဲပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

(က) အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ အစည်းအဝေးများခေါ်ယူခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည် -

(၁) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို စာဖြင့်ရေးသား၍ (၂၁) ရက်ထက် မနည်းသော သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသော ပိုမိုကြာမြင့်သည့်ကာလအတွင်း ကြိုတင်အကြောင်းကြားစာ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် စာဖြင့်ရေးသား၍ (၂၈) ရက်အတွင်း ကြိုတင်အကြောင်းကြားစာဖြင့် ခေါ်ယူကျင်းပနိုင်သည်။ သို့သော် အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာကို လက်ခံရရှိနိုင်သည့် ကုမ္ပဏီတွင် ပါဝင်သူများ အားလုံး၏ သဘောတူညီချက်ဖြင့် အစည်းအဝေးကို ပိုမိုတိုတောင်းသည့် ကာလအတွင်း ပေးပို့သည့် အကြောင်းကြားစာဖြင့် ခေါ်ယူနိုင်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက သင့်သည် ထင်မြင်သော နည်းလမ်းများဖြင့် ကျင်းပနိုင်သည်။

(၂) ကုမ္ပဏီ၏အစည်းအဝေးအတွက် စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို အစည်းအဝေးတွင် မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူများ အားလုံး၊ ဒါရိုက်တာအားလုံးနှင့် စာရင်းစစ်များထံသို့ ပေးပို့ရမည်။ အကြောင်းကြားစာကို အောက်ပါနည်းလမ်းများဖြင့် ပေးပို့နိုင်သည် -

(ကက)လူကိုယ်တိုင်သော်လည်းကောင်း၊

(ခခ) ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသော ၎င်းတို့၏လိပ်စာများ သို့မဟုတ် ဤကိစ္စရပ်အလို့ငှာ ကုမ္ပဏီတွင် ပါဝင်သူများက သတ်မှတ်ဖော်ပြထားသည့် အခြားလိပ်စာများသို့ စာတိုက်မှဖြစ်စေ၊ အခြားတိုက်ရိုက်ပေးပို့သည့် နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊

(ဂဂ) ဤကိစ္စရပ်အလို့ငှာ ကုမ္ပဏီတွင် ပါဝင်သူများက သတ်မှတ်ဖော်ပြထားသည့် ဖက်စ်နံပါတ် သို့မဟုတ် အီလက်ထရွန်နစ်လိပ်စာ သို့ အီလက်ထရွန်နစ်နည်း ဖြင့်လည်းကောင်း၊

(ဃဃ)ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်လည်းကောင်း၊

သို့ရာတွင် ကုမ္ပဏီတွင် ပါဝင်သူများထံသို့ အကြောင်းကြားစာ ပေးပို့ရာတွင် မတော်တဆ ကျန်ရစ်ခဲ့ခြင်း သို့မဟုတ် အကြောင်းကြားစာမရရှိခြင်းတို့သည် အစည်းအဝေးတစ်ရပ်ရပ်၏ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တရားမဝင်ခြင်း မရှိစေရ။

(၃) အစည်းအဝေးအကြောင်းကြားစာတွင် အောက်ပါတို့ကို ဖော်ပြပါရှိစေရမည်-

(ကက)အစည်းအဝေးကျင်းပမည့် နေရာ၊ နေ့ရက် နှင့် အချိန်၊

(ခခ) အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ အထွေထွေ ဖော်ပြချက်များ၊

(ဂဂ) အစည်းအဝေးသည် နှစ်ပတ်လည် အထွေထွေအစည်းအဝေး၊ ဥပဒေအရ လိုက်နာကျင်းပရသည့်အစည်းအဝေး သို့မဟုတ် အထူး ကျင်းပသည့် အထွေထွေအစည်းအဝေး တစ်ရပ်ရပ်ဖြစ်ကြောင်း ဖော်ပြချက်များ၊

(ဃဃ)ကုမ္ပဏီတွင်ပါဝင်သူများက အဆိုပြုသည့် ဆုံးဖြတ်ချက်များ သို့မဟုတ် အထူးဆုံးဖြတ်ချက်များ ပါရှိခြင်း သို့မဟုတ် မပါရခြင်းဆိုသော အချက်များ အပါအဝင် လိုအပ်သော ရှင်းလင်း တင်ပြချက်များနှင့်တကွ အစည်းအဝေးတွင် အဆိုပြုမည့် ဆုံးဖြတ်ချက်များ၊

(ငင) ကိုယ်စားလှယ်များ သို့မဟုတ် ကုမ္ပဏီကိုယ်စားပြု ပုဂ္ဂိုလ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်များ၊ ယင်းတို့တွင် အဆိုပါခန့်အပ်မှုများအတွက် အကြောင်းကြားစာများ လက်ခံရရှိနိုင်သည့်အချိန်၊ အဆိုပါ ခန့်အပ်မှုများအား ပေးပို့ရမည့် နည်းလမ်းများ ပါဝင်ရမည်၊ ၎င်းပြင်

(စစ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင်ဖြစ်စေ၊ ဤဥပဒေတွင်ဖြစ်စေ သတ်မှတ်ဖော်ပြထားသော လိုအပ်သည့် အခြားအချက်အလက်များ။

(၄) ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းဖော်ပြပါရှိသော အစုရှယ်ယာပိုင်ရှင်တစ်ဦးဦးသည် တူညီသော အစုရှယ်ယာအမျိုးအစားကို ပိုင်ဆိုင်ကြသော အခြားအစုရှယ်ယာရှင်များကဲ့သို့ တူညီသည့် အခွင့်အရေးများ ရရှိခံစားနိုင်ပြီး တူညီသော တာဝန်ရှိမှုများနှင့်လည်း သက်ဆိုင်စေရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ အစည်းအဝေးများ၌ မဲပေးခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည် -

(၁) အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်နှင့်အတူ ဆက်စပ်ပါရှိသော အခွင့်အရေးများ သို့မဟုတ် ကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီ၏ အစည်းအဝေး၌ -

(ကက)ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီက လက်ပြ၍ ဆန္ဒမဲတစ်မဲပေးခွင့်ရှိသည်၊

(ခခ) ဆန္ဒမဲပေးရာတွင် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီသည် ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာ တစ်ခုစီအတွက် ဆန္ဒမဲတစ်မဲပေးခွင့်ရှိသည်၊

(ဂဂ) အစုရှယ်ယာတစ်ခုအား ပူးတွဲ ပိုင်ဆိုင်ကြလျှင် အမည်စာရင်းတင်သွင်းထားသော အစုရှယ်ယာပိုင်သူများအနက်မှ တစ်ဦးက မဲပေးခွင့်ရှိသည်၊ ၎င်းပြင်

(ဃဃ)ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲတစ်မဲ ပေးခွင့်ရှိသည်၊

(၂) မဲပေးနိုင်သည့် အခွင့်အရေးတစ်စုံတစ်ရာအပေါ် ဆန့်ကျင်တင်ပြလိုလျှင် အစည်းအဝေး၌သာ ပြုလုပ်နိုင်ပြီး ယင်းနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးသတ် ဖြစ်စေရမည်၊

(၃) အစည်းအဝေးတွင် မဲခွဲဆောင်ရွက်ရန် တင်ပြသည့် ဆုံးဖြတ်ချက်ကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်းမရှိလျှင် လက်ပြ၍ ဆန္ဒပြုခြင်းဖြင့် ဆုံးဖြတ်ရမည်။

(၄) ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးရန် အောက်ပါပုဂ္ဂိုလ်များက တောင်းဆိုဆောင်ရွက်နိုင်သည် -

(ကက)ဥက္ကဋ္ဌ၊ သို့မဟုတ်

(ခခ) ကုမ္ပဏီတွင်ပါဝင်သူများမှ အနည်းဆုံး (၅) ဦး၊ သို့မဟုတ်

(ဂဂ) ဆန္ဒမဲပေးရာတွင် အဆုံးအဖြတ်ပေးနိုင်သည့် မဲအရေအတွက် အနည်းဆုံး ၁၀% ကို ရရှိထားသည့် ကုမ္ပဏီတွင်ပါဝင်သူများ

(၅) လက်ပြ၍ ဆန္ဒမဲပေးခြင်း မပြုမီအချိန်တွင် သော်လည်းကောင်း၊ လက်ပြ၍ ဆန္ဒမဲပေးသည့်ရလဒ်များကို ကြေညာခြင်းမပြုမီ သို့မဟုတ် ကြေညာပြီးနောက် ချက်ချင်းအချိန်တွင်လည်းကောင်း ဆန္ဒမဲပေးခြင်းကို ပြုလုပ်ရန် တောင်းဆိုနိုင်သည်၊

(၆) ဆန္ဒမဲပေးခြင်းကို ဥက္ကဋ္ဌက ညွှန်ကြားသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်၊

(၇) လက်ပြ၍ဖြစ်စေ၊ ဆန္ဒမဲဖြင့်ဖြစ်စေ ဆန္ဒမဲပေးခြင်း မပြုလုပ်မီ အချိန်တွင် ဥက္ကဋ္ဌသည် လက်ခံရရှိထားသော ကိုယ်စားလှယ်ဖြင့်ပေးသည့် မဲများနှင့် အဆိုပါ မဲများကို မည်သို့အဆုံးအဖြတ်ပြုစေမည် ဆိုသည်ကို အစည်းအဝေးသို့ အသိပေးပြောကြားရမည်၊ ၎င်းပြင်

(၈) လက်ပြ၍ ဆန္ဒမဲပေးရာတွင် ဥက္ကဋ္ဌ၏ ကြေညာချက်သည် အဆုံးအဖြတ် ရလဒ်အတွက် ပြည့်စုံခိုင်လုံသောသက်သေခံချက် ဖြစ်စေရမည်။ သို့ရာတွင် အဆိုပါကြေညာချက်သည် လက်ပြ၍ဆန္ဒပြုမှုများနှင့် လက်ခံရရှိထားသော ကိုယ်စားလှယ်များ၏ ဆန္ဒပြုမှုများကို အခြေခံရမည်။

(ဂ) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ရပ်ကို ခေါ်ယူကျင်းပနိုင်မည့် နည်းလမ်းတစ်ရပ်ရပ်အရ အစည်းအဝေးအား ခေါ်ယူကျင်းပရန်အတွက် ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ကုမ္ပဏီ၏ အစည်းအဝေးအား ကျင်းပရန်အတွက်ဖြစ်စေ အကြောင်းတစ်စုံတစ်ရာကြောင့် မပြုလုပ်နိုင်ခဲ့လျှင် တရားရုံးသည် ကိုယ်တိုင်အရေးယူ ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ အစည်းအဝေးတွင် မဲပေးခွင့်ရရှိသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏လျှောက်ထားချက်အရဖြစ်စေ၊ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို တရားရုံးမှ သင့်သည်ထင်မြင်သည့် နည်းလမ်းဖြင့် ခေါ်ယူကျင်းပစေရန် အမိန့်ချမှတ်နိုင်သည်။ အဆိုပါအမိန့်တစ်ရပ်ကို ချမှတ်သည့်အခါ တရားရုံးသည် လိုအပ်မည်ထင်သော အထောက်အပံ့ ဖြစ်စေမည့် ညွှန်ကြားချက်များကို ချမှတ်နိုင်သည်။ ဖော်ပြပါ အမိန့်တစ်ရပ်ရပ်နှင့်အညီ ခေါ်ယူကျင်းပသည့် အစည်းအဝေး တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးတစ်ရပ်အဖြစ် မှတ်ယူရမည်။

၁၅၃။ **ကုမ္ပဏီများ၏အစည်းအဝေးများသို့ တက်ရောက်ရန် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များ ခန့်ထားခြင်း**

(က) အခြားကုမ္ပဏီတစ်ခု၏ အဖွဲ့ဝင်ဖြစ်သော ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် ယင်း၏ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ အခြားသူ တစ်ဦးဦးကိုဖြစ်စေ ဖော်ပြပါ အခြားကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ရပ်၌ ယင်း၏ ကိုယ်စားပြုပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်စေရန်နှင့် မဲပေးရန်အတွက် ယင်း၏ အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်နိုင်စေရန် အပ်နှင်းနိုင်သည်။ ထိုသို့ အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အခြားကုမ္ပဏီ၏ အစည်းအဝေး ၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌လည်းကောင်း၊ ၎င်းအားအခွင့်အာဏာ အပ်နှင်းသည့်ကုမ္ပဏီက ကျင့်သုံး ဆောင်ရွက်သကဲ့သို့ ယင်းကုမ္ပဏီ၏ ကိုယ်စား အလားတူအခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ တစ်ဦးထက်ပိုသော ကုမ္ပဏီကိုယ်စားပြု ပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ သို့ရာတွင် ဖော်ပြပါ အခွင့်အာဏာများကို တစ်ကြိမ်တွင် ကိုယ်စားပြု ပုဂ္ဂိုလ်တစ်ဦးကသာလျှင် ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ခန့်အပ်ထားသော ကုမ္ပဏီ ကိုယ်စားပြုပုဂ္ဂိုလ်အား ကုမ္ပဏီ၏ အစည်းအဝေးသို့ တက်ရောက်စေခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီသည် ယင်းကိုယ်စားပြု ပုဂ္ဂိုလ်အားတရားဝင်ခန့်ထားခြင်းနှင့်သက်ဆိုင်သောအထောက်အထားများကို ကြည့်ရှုရန်အတွက် တောင်းဆိုနိုင်သည်။ ထို့အပြင်ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များခန့်အပ်ခြင်းအတွက် ပုံစံတစ်ခုကို ကုမ္ပဏီဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်နိုင်သည်။

၁၅၄။ **ကုမ္ပဏီများ၏အစည်းအဝေးများသို့ တက်ရောက်ရန် ကိုယ်စားလှယ်များအား ခန့်ထားခြင်း**

(က) ကုမ္ပဏီ၏အစည်းအဝေးသို့ တက်ရောက်၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများနှင့် အညီ ၎င်းကိုယ်စား အစည်းအဝေးသို့ တက်ရောက် စေရန်နှင့် မဲပေးရန်အတွက် ယင်း၏ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် ကိုယ်စားလှယ်တစ်ဦးဦးကို ခန့်ထားနိုင်သည်။

(ခ) ကိုယ်စားလှယ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ရန် မလို။ ၎င်းသည် ကုမ္ပဏီ၏ အစည်းအဝေး၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌ လည်းကောင်း ၎င်းအားခန့်အပ်သည့် ကုမ္ပဏီတွင်ပါဝင်သူက ကျင့်သုံးဆောင်ရွက်သကဲ့သို့ ၎င်းကိုယ်စား အလားတူ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးက ကိုယ်စားလှယ်တစ်ဦးကို ခန့်ထားရာတွင် အသုံးပြုမည့် လျှောက်လွှာပုံစံကို ယင်းကုမ္ပဏီက ဒါရိုက်တာများ၏ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားနိုင်ပြီး ထိုသို့သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ ရှိခဲ့လျှင် ၎င်းအား ကုမ္ပဏီတွင် ပါဝင်သူများအားလုံးထံသို့ ပေးပို့ရမည်။ ကုမ္ပဏီသည် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်သူများ၏ စာရင်းတစ်ခုကို ထိုလျှောက်လွှာပုံစံနှင့်အတူ ထည့်သွင်းဖော်ပြနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)အရ လျှောက်လွှာပုံစံတစ်ခုကို သတ်မှတ်ထားခြင်း ရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ ကိုယ်စားလှယ်ခန့်အပ်မှုသည် ခန့်အပ်သူက လက်မှတ်ရေးထိုးပြီး ၎င်းတွင် အောက်ပါအချက်အလက်များပါဝင်ခဲ့လျှင် တရားဝင်သည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူ၏အမည်နှင့် နေရပ်လိပ်စာ၊

(၂) ကုမ္ပဏီ၏အမည်၊

(၃) ကိုယ်စားလှယ်၏အမည်နှင့်

(၄) ကိုယ်စားလှယ်မှ တက်ရောက်မည့် အစည်းအဝေးများ (အစည်းအဝေးများအားလုံးလည်း ဖြစ်နိုင်သည်။)

(င) ကိုယ်စားလှယ်ခန့်အပ်မှုတစ်ရပ် စတင်အကျိုးသက်ရောက်စေရန်အတွက် ကိုယ်စားလှယ်ခန့်အပ်သည့်စာရွက်စာတမ်းကို သက်ဆိုင်ရာအစည်းအဝေး မစတင်မီ အနည်းဆုံး (၄၈)နာရီ ကြိုတင်၍ ကုမ္ပဏီမှ လက်ခံရရှိပြီး ဖြစ်ရမည်။ အကြောင်းကိစ္စအသီးသီးတွင် အဆိုပါ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် အစည်းအဝေး အကြောင်းကြားစာတွင် ကုမ္ပဏီက ဖော်ပြထားသည့် အခြားနေရာ၊ လိပ်စာ သို့မဟုတ် နံပါတ်များသို့ ပေးပို့ရမည်။

(စ) ကုမ္ပဏီသည် ကိုယ်စားလှယ်ခန့်အပ်သော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးထံမှ စာရွက်စာတမ်းတစ်ခုထက်ပိုမို၍ လက်ခံရရှိခဲ့လျှင်နောက်ဆုံးလက်ခံရရှိခဲ့သော စာရွက်စာတမ်းသည် ယခင်ပေးပို့ခဲ့သောစာရွက်စာတမ်းကို ပြန်လည်ရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

(ဆ) ကိုယ်စားလှယ်ခန့်အပ်သည့် စာရွက်စာတမ်းတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်က မည်သို့ဆန္ဒမဲပေးရမည်ကို သတ်မှတ်ဖော်ပြရမည် သို့မဟုတ် ကိုယ်စားလှယ်၏ ဆုံးဖြတ်ချက်ဖြင့် မဲပေးနိုင်ခွင့်ရှိကြောင်း ဖော်ပြနိုင်ပြီး မည်သို့မဲပေးရန် သတ်မှတ်ထားလျှင် ကိုယ်စားလှယ်သည် အဆိုပါ သတ်မှတ်ချက်အတိုင်း ဆန္ဒမဲ ပေးရမည်။

(ဇ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးသည်အကြောင်းတစ်ခုခုကြောင့်ဆုံးဖြတ်ချက်တစ်ခုအတွက် မဲပေးနိုင်ခွင့်မရှိခဲ့လျှင်ထိုသူ၏ကိုယ်စားလှယ်သည်၎င်း၏ကိုယ်စားမဲပေးခွင့်မရှိစေရ။

၁၅၅။ **သာမန်ဆုံးဖြတ်ချက်များ**

ဤဥပဒေတွင်ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းတွင်ဖြစ်စေ အထူးဆုံးဖြတ်ချက် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ သတ်မှတ်ထားသော ရာခိုင်နှုန်း သို့မဟုတ် အရေအတွက်ဖြင့် အတည်ပြု၍ဆောင်ရွက်ရမည်ဟုအတိအလင်း ဖော်ပြထားသည့် ကိစ္စများမှတစ်ပါး ဤဥပဒေအရဖြစ်စေ၊ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရဖြစ်စေ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန်လိုအပ်သည့်ကိစ္စရပ်တွင် ထိုကိစ္စရပ်ကို သာမန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ဆောင်ရွက်နိုင်သည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၁၅၆။ **အစည်းအဝေးများ ကျင်းပခြင်း မပြုဘဲ စာဖြင့်ရေးသား၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း**

(က) ဒါရိုက်တာတစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာများ၏ အစည်းအဝေးများကို ခေါ်ယူကျင်းပရန်မလိုပါ။ လိုအပ်သော ဆုံးဖြတ်ချက်များကို စာဖြင့်ရေးသား မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးများကို ခေါ်ယူကျင်းပရန် မလို။ လိုအပ်သော ဆုံးဖြတ်ချက်များကို စာဖြင့်ရေးသားမှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

(ဂ) ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မဲပေးခွင့်ရှိသော ဒါရိုက်တာအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်း ဖော်ပြချက် ပါရှိသော အဆိုပါ စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် ကုမ္ပဏီတစ်ခုခုသည် ဒါရိုက်တာများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်နိုင်သည်။ အဆိုပါ စာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး နောက်ဆုံးဒါရိုက်တာတစ်ဦးကလက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဃ) ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူအားလုံးသည် စာရွက်စာတမ်းတွင် ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်း ဖော်ပြချက်ပါရှိသော အဆိုပါစာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုခုသည် အထွေထွေ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါစာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး ကုမ္ပဏီတွင် ပါဝင်သူ နောက်ဆုံးတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့်အခါတွင် ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) အရ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည့် ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်အား အထွေထွေအစည်းအဝေး၌ ချမှတ်ရာတွင် လိုအပ်သော ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ပြီး ဖြစ်စေရမည့်အပြင် ဤဥပဒေအရ အောက်ပါလိုအပ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ပြီး ဖြစ်စေရမည်-

(၁) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သော အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများအား လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်းနှင့်အတူ ပေးပို့ရန်၊

(၂) မှတ်ပုံတင်အရာရှိထံသို့ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေးအကြောင်းကြားစာတင်ပြရန် ကုမ္ပဏီတွင်ပါဝင်သူများက လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်း၏ မိတ္တူတစ်စောင်တို့အား ပေးပို့တင်ပြရန်နှင့်

(၃) ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေး အကြောင်း ကြားစာတင်ပြရန် ဤပုဒ်မ၏ ပုဒ်မခွဲ(င)အပိုဒ်(၁)တွင် သတ်မှတ်ဖော်ပြထားသော အချက်အလက် သို့မဟုတ်စာရွက်စာတမ်းများ၏မိတ္တူတစ်စောင်စီကိုပေးပို့တင်ပြရန်

၁၅၇။ **အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်သည့် ဆုံးဖြတ်ချက်များဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများ**

(က) ကုမ္ပဏီအားလုံးသည် အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သည့် ဆောင်ရွက်မှုများ အားလုံး၏ မှတ်တမ်းများကို ယင်းတို့အတွက် ပြုလုပ်ထားရှိသော မှတ်တမ်းစာအုပ်အသီးသီးတွင် ရေးသားဖော်ပြရန်အတွက် ပြုလုပ်ဆောင်ရွက်ရမည်။ သက်ဆိုင်ရာ မှတ်တမ်းများ သို့မဟုတ် ဆုံးဖြတ်ချက်များကို ယင်းတို့နှင့်သက်ဆိုင်သည့် မှတ်တမ်းစာအုပ်များတွင် အစည်းအဝေး ကျင်းပသည့်နေ့ရက် သို့မဟုတ် စာဖြင့်ရေးသား ပြုလုပ်သည့် ဆုံးဖြတ်ချက်ချမှတ်သော နေ့ရက်မှစ၍ ၂၁ရက်အတွင်း ရေးသားဖော်ပြရမည်ဖြစ်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် အခြား ဒါရိုက်တာ တစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(ခ) အဆိုပါမှတ်တမ်း သို့မဟုတ် စာဖြင့်ရေးသားချမှတ်သည့်ဆုံးဖြတ်ချက် တစ်ရပ်ရပ်သည် ၎င်းတို့အား ပြုလုပ်ဆောင်ရွက်ခဲ့သည့် အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ၊ နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ လက်မှတ်ရေးထိုးသကဲ့သို့ ဆောင်ရွက်ခဲ့လျှင် ၎င်းဆောင်ရွက်မှုများ သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုများအတွက် သက်သေထင်ရှားပြီး ဖြစ်စေရမည်။

(ဂ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာ မရှိခဲ့လျှင် အတည်ပြုလက်မှတ်ရေးထိုးထားသော မှတ်တမ်းများတွင် ပါရှိသော ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး သို့မဟုတ် ဒါရိုက်တာအစည်းအဝေးများအားလုံးကို နည်းလမ်းတကျ ခေါ်ယူကျင်းပဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုအားလုံးသည် နည်းလမ်းတကျရှိခဲ့သည်ဟု သတ်မှတ်ရမည့်အပြင် ဒါရိုက်တာများ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်မှုအားလုံးသည်လည်း တရားဝင်သည်ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာဖြင့်ရေးသားချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ ပါရှိသော စာရင်းစာအုပ်များကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း၌ဖြစ်စေ၊ ဤဥပဒေနှင့်အညီ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာတွင်ဖြစ်စေ ထိန်းသိမ်း ထားရှိရမည်။ ယင်းတို့အား ရုံးလုပ်ငန်း အချိန်ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန်(၂)နာရီ အောက်မနည်းသော ကာလကို ခွင့်ပြုရန် သတ်မှတ်နိုင်သည်ဟူသော ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(င) အစည်းအဝေးကျင်းပသည့်နေ့မှ (၇)ရက်ကာလနောက်ပိုင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) တွင် ဖော်ပြပါရှိသော မှတ်တမ်း သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသောသင့်လျော်သည့်အဖိုးအခကို ပေးသွင်း၍ ၎င်းတောင်းဆိုသည့် နေ့ရက်မှ (၇) ရက်အတွင်း ရရှိခွင့် ရှိစေရမည်။

၁၅၈။ ပုဒ်မ ၁၅၇ ၏ ပုဒ်မခွဲ(ဃ)အရ ဆောင်ရွက်သည့် စစ်ဆေးမှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၁၅၇ ၏ ပုဒ်မခွဲ(င) အရ တောင်းဆိုသည့် မိတ္တူတစ်စုံတစ်ရာကို ပုဒ်မ ၁၅၇ ၏ ပုဒ်မခွဲ(င) တွင် သတ်မှတ်ထားသည့် အချိန်အတွင်း ပေးအပ်ခြင်း မပြုခဲ့လျှင် ထိုသို့ပျက်ကွက်မှု၌ သိလျက်ဖြင့် တမင်ပြုလုပ်ဆောင်ရွက်ခဲ့သော အဆိုပါ ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ(၃)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၅၉။ ပုဒ်မ ၁၅၈ တွင် ဖော်ပြထားသည့် ငြင်းပယ်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းအတွက် တရားရုံးသည် အမိန့်တစ်ရပ် ချမှတ်၍ အထွေထွေအစည်းအဝေး၏ ဆောင်ရွက်မှုများ အားလုံး သို့မဟုတ် စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သော စာရင်းစာအုပ်များကို ချက်ချင်း စစ်ဆေးဆောင်ရွက်မှု ပြုလုပ်စေနိုင်သည် သို့မဟုတ် မိတ္တူတောင်းခံသော ပုဂ္ဂိုလ်များထံသို့ လိုအပ်သော မိတ္တူများကို ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

## အခန်း (၁၈) ဒါရိုက်တာများ၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ

### ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များ

၁၆၀။ **ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များ**

(က) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဒါရိုက်တာအဖွဲ့၏ညွှန်ကြားချက်ဖြင့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည် သို့မဟုတ် ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင်အဆိုပါဒါရိုက်တာတစ်ဦးတည်း၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံဆောင်ရွက်ရာတွင် ဒါရိုက်တာများ သို့မဟုတ် တစ်ဦးတည်းရှိသော ဒါရိုက်တာသည် ကုမ္ပဏီ၏ လုပ်ပိုင်ခွင့်များ အားလုံးကို ဤဥပဒေတွင်လည်းကောင်း၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်လည်းကောင်း အတိအလင်းဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီတွင် ပါဝင်သူများက ကျင့်သုံးဆောင်ရွက်ရန်လိုအပ်သော လုပ်ပိုင်ခွင့်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာများက ကျင့်သုံးဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အုပ်ချုပ်မှု ဒါရိုက်တာ (managing director) တစ်ဦးထံသို့ အပ်နှင်းနိုင်သည်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ယင်း၏ လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များထံသို့ အပ်နှင်းနိုင်သည်-

(၁) ဒါရိုက်တာများမှ ပါဝင်သော ကော်မတီတစ်ရပ်ရပ်၊

(၂) ဒါရိုက်တာတစ်ဦးဦး၊

(၃) ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦး၊

(၄) အခြားပုဂ္ဂိုလ်တစ်ဦးဦး။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်းခံရသူသည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အဆိုပါလုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်ရမည့်အပြင် ထိုသို့အပ်နှင်းခြင်းခံရသူက လုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်မှုသည် ဒါရိုက်တာများက အဆိုပါ လုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်သည့်အတိုင်း အကျိုးသက်ရောက်သည်။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ ဒါရိုက်တာများသည် လုပ်ပိုင်ခွင့်တစ်ရပ်ကို အပ်နှင်းခဲ့သည့်အခါ အောက်ပါအချက်များကို ဖော်ပြနိုင်ခြင်းမရှိခဲ့လျှင် ဒါရိုက်တာများ ကိုယ်တိုင် အဆိုပါ လုပ်ပိုင်ခွင့်အား ကျင့်သုံးဆောင်ရွက်သကဲ့သို့ လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ၏ ဆောင်ရွက်မှုအတွက် တာဝန်ရှိစေရမည်-

(၁) လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် ဤဥပဒေနှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အရ ကုမ္ပဏီ၏ဒါရိုက်တာများအပေါ် သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများနှင့်အညီ လုပ်ပိုင်ခွင့်အား အမြဲကျင့်သုံးဆောင်ရွက်သည်ဟု သင့်လျော်သည့်အကြောင်းပြချက်များရှိခြင်းနှင့်

(၂) သဘောရိုးဖြင့် သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးရန် လိုအပ်သည့် အခြေအနေရှိခဲ့လျှင် လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူသည် လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အားထားရသော အရည်အချင်း ပြည့်ဝသူဖြစ်သည်ဟု သင့်လျော်သည့် အကြောင်းပြချက်များ ရှိခြင်း။

၁၆၁။ **ဒါရိုက်တာများက အချက်အလက်များကို ရယူနိုင်ခြင်း**

(က) ဒါရိုက်တာတစ်ဦးသည် သင့်လျော်သည့်အချိန်တိုင်းတွင် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) ဒါရိုက်တာအဖြစ်မှ ရပ်နားခဲ့သူတစ်ဦးဦးသည် ဒါရိုက်တာအဖြစ်မှ ရပ်နားပြီးနောက် (၇)နှစ်ကာလအတွင်း သင့်လျော်သည့်အချိန်တိုင်းတွင်အောက်ပါ တရားစွဲဆို ဆောင်ရွက်မှုများအတွက် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်ပြီး ယင်းတို့၏မိတ္တူများကို ရယူနိုင်သည်-

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် အမှုသည်အဖြစ်ပါဝင်နေသောကိစ္စ၊

(၂) ဖော်ပြပါပုဂ္ဂိုလ်သည် သဘောရိုးဖြင့် တရားစွဲဆိုရန် ရည်ရွယ်ခြင်း၊

(၃) ဖော်ပြပါပုဂ္ဂိုလ်သည် ယင်းအပေါ် တရားစွဲဆိုရန်အကြောင်းရှိခြင်း။

၁၆၂။ **ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်ထားလျှင် အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာများသည် အထွေထွေအစည်းအဝေးတွင် သဘောတူညီချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှအပ အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ -

(က) ကုမ္ပဏီ၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာတစ်ဦးက ပေးချေရမည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေခြင်း။

၁၆၃။ **မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်မည့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ်ရှိခဲ့လျှင် ယင်းဒါရိုက်တာသည် အစည်းအဝေးတွင် အဆိုပါကိစ္စရပ်အား ဆုံးဖြတ်ဆောင်ရွက်နေချိန်၌ တက်ရောက်ခြင်း မပြုရသည့်အပြင် ယင်းကိစ္စရပ်အတွက် မဲပေးခြင်းမပြုရ။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင် ဆုံးဖြတ်မည့် ကိစ္စတစ်ရပ်ရပ်၌ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ်ပါရှိသော ဒါရိုက်တာတစ်ဦးသည် အောက်ပါအချက်များ ရှိခဲ့လျှင် ဒါရိုက်တာ အစည်းအဝေးသို့ တက်ရောက်နိုင်ပြီး ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသည် -

(၁) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာသည် ကုမ္ပဏီ၏လုပ်ငန်းများတွင် ၎င်း၏ အကျိုးခံစားခွင့်နှင့် ပါဝင်ပတ်သက်မှုများ၏ အခြေအနေနှင့် အတိုင်းအတာများကို ထုတ်ဖော်ပြောဆိုခြင်း၊ အခြားဒါရိုက်တာများက အဆိုပါ ဒါရိုက်တာနှင့် အကျိုးခံစားခွင့်၏ အခြေအနေကို ဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်၍ အဆိုပါအကျိုးခံစားခွင့်သည် ထိုဒါရိုက်တာအား အစည်းအဝေးသို့ တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်းများအတွက် ထိခိုက်စေခြင်းမရှိဟု တွေ့ရှိရကြောင်း ဖော်ပြခဲ့ခြင်းများရှိခဲ့လျှင်၊ သို့မဟုတ်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၁)၌ဖော်ပြထားသော ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကဲ့သို့ အလားတူ အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်တစ်ရပ်အား ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေး၌ ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(၃) အကျိုးခံစားခွင့်သည် ပုဒ်မ ၁၇၂ အရ ထုတ်ဖော်ပြောဆိုရန် မလိုအပ်သော အကျိုးခံစားခွင့်တစ်ရပ်ဖြစ်ခဲ့လျှင်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)တွင် ပါရှိသည့် သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် -

(၁) အဆိုပါဒါရိုက်တာသည် အကျိုးခံစားခွင့် ပါရှိသော ကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲပေးနိုင်သည်၊

(၂) အကျိုးခံစားခွင့်ပါရှိသော လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆက်လက် ပြုလုပ်နိုင်သည်၊

(၃) ဒါရိုက်တာတွင် အကျိုးခံစားခွင့် ရှိစေကာမူ အဆိုပါဒါရိုက်တာသည် လုပ်ငန်းဆောင်ရွက်မှုမှရရှိသည့် အကျိုးအမြတ်များကို ရယူနိုင်သည်၊ ၎င်းပြင်

(၄) အကျိုးခံစားခွင့် ပါရှိသည်ဆိုကာမျှဖြင့် ကုမ္ပဏီသည် လုပ်ငန်းဆောင်ရွက်မှုကို ရှောင်ရှားခြင်းမပြုနိုင်။

### ဒါရိုက်တာများနှင့် အရာရှိများ၏ တာဝန်များ

၁၆၄။ **တာဝန်များ**

ပုဒ်မ ၁၆၅ မှ ပုဒ်မ ၁၇၂ အထိတို့တွင် ဒါရိုက်တာများနှင့် အရာရှိများအား ပေးအပ်ထားသည့် အဓိကတာဝန်များကို ပြဋ္ဌာန်းထားပါသည်။ သို့သော်ဤ ဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်ထားသော တာဝန်များကို ကန့်သတ်ထားခြင်းမရှိစေရ။

၁၆၅။ **ထိုက်သင့်သောဂရုပြုမှု နှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်**

(က) ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် အောက်ပါအခြေအနေများတွင် သာမန် ပုဂ္ဂိုလ်တစ်ဦးကထားရှိသော ဂရုပြုမှုနှင့် လုံ့လဝီရိယတို့ဖြင့် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် တာဝန်များကို ထမ်းဆောင်ခြင်းတို့ကို ပြုလုပ် ရမည် -

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် ကုမ္ပဏီ၏အခြေအနေအရပ်ရပ်တို့တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအဖြစ် ရှိခဲ့ကြလျှင်၊ သို့မဟုတ်

(၂) ဖော်ပြပါပုဂ္ဂိုလ်သည် ကုမ္ပဏီတွင်ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ် ရာထူးရယူခဲ့ပြီး ယင်းတို့ကဲ့သို့ အလားတူတာဝန်များရှိခဲ့ကြလျှင်။

(ခ) ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးသည် ယင်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခြင်းနှင့် တာဝန်များကို ထမ်းဆောင်သောအခါ ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းအား ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသောလုပ်ဆောင်မှုတစ်ရပ်ရပ်ကို ပြုလုပ်မည်၊ မပြုလုပ်မည်ဟူသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရာတွင် အောက်ပါကိစ္စရပ်များကို ပြုလုပ်ခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က)အရ သတ်မှတ်ချက်များ၊ အလားတူ ဥပဒေနှင့် အညီဖြစ်သော တာဝန်များနှင့် ပုဒ်မ ၁၇၀ ပါ တာဝန်များကို လိုက်နာဆောင်ရွက်သည်ဟုမှတ်ယူရမည် -

(၁) ဆုံးဖြတ်ချက်အား လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက် သဘောရိုးဖြင့် ချမှတ်ခဲ့လျှင်၊

(၂) ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် မပါရှိလျှင်၊

(၃) ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာများ ကိုယ်တိုင် သင့်လျော်မျှတသည်ဟု ယုံကြည်လျှင်၊ ၎င်းပြင်

(၄) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်လျှင်။

၁၆၆။ **ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို အောက်ပါအတိုင်း ကျင့်သုံး ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့် သဘောရိုးဖြင့် ဆောင်ရွက်ခြင်းနှင့်

(၂) လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက် ဆောင်ရွက်ခြင်း။

(ခ) ရာနှုန်းပြည့်လက်အောက်ခံကုမ္ပဏီ (wholly-owned subsidiary) ဖြစ်သည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့ လိုက်နာဆောင်ရွက်ရန် အတိအလင်း ခွင့်ပြုထားလျှင် အဆိုပါ လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ်မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ (holding company) အတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ရာနှုန်းပြည့် ပိုင်ဆိုင်ထားသော လက်အောက်ခံ ကုမ္ပဏီတစ်ခု မဟုတ်သည့် လက်အောက်ခံ ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်း၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း၌ ထိုသို့ လိုက်နာဆောင်ရွက်ရန် အတိအလင်း ခွင့်ပြုထားပြီး ယင်း၏ အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီမှအပ ကုမ္ပဏီတွင် အခြားပါဝင်သူများ၏ ကြိုတင်သဘောတူညီမှု ရှိခဲ့လျှင် လက်အောက်ခံ ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ယုံကြည်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) အစုရှယ်ယာရှင်များအကြား ဖက်စပ်လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဖက်စပ်လုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၌ ထိုသို့ လိုက်နာဆောင်ရွက်ရန် အတိအလင်း ခွင့်ပြုထားလျှင် ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် အစုရှယ်ယာရှင်များအတွက် အကောင်းဆုံး အကျိုးရလဒ်များ ရှိသည်ဟု ၎င်းတို့ယုံကြည်သည့်နည်းလမ်း များဖြင့် ဆောင်ရွက်နိုင်သည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

(င) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ်(၁) အရတာဝန်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့် ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည့်အခါ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) အောက်ပါတို့အပေါ် အကျိုးသက်ရောက်ခြင်း အပါအဝင် ဆုံးဖြတ်ချက်ကြောင့် ကာလရှည်ဖြစ်ပေါ်မည့် အကျိုးဆက်များ -

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းများ၊

(ခခ) ကုမ္ပဏီ၏စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်နေမှုများတွင် ကုမ္ပဏီ၏ ဝန်ဆောင်မှုများကို သုံးစွဲနေသူများနှင့် ကုမ္ပဏီသို့ ပစ္စည်းပေးသွင်းနေသူများ၊

(ဂဂ) သဘာဝပတ်ဝန်းကျင်၊

(ဃဃ) ကုမ္ပဏီ၏ဂုဏ်သိက္ခာနှင့်

(၂) ကုမ္ပဏီတွင်ပါဝင်သူများအကြားတရားမျှတစွာ ဆောင်ရွက်ရန် လိုအပ်သည်များ။

၁၆၇။ **ရာထူးနေရာကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ၎င်းတို့၏ ရာထူးနေရာအား အောက်ပါကိစ္စရပ်များအတွက် မလျော်မကန် အသုံးပြုခြင်းမရှိစေရ -

(က) မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း အကျိုးတစ်စုံတစ်ရာ ရရှိစေရန် သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

၁၆၈။ **သတင်းအချက်အလက်များကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦး အနေဖြင့် ၎င်းတို့ လက်ခံရရှိထားသော သတင်းအချက်အလက်များကို အောက်ပါကိစ္စရပ်များအတွက် မလျော်မကန် အသုံးပြုခြင်း မရှိစေရ -

(က) မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက် သော်လည်းကောင်း အကျိုးတစ်စုံတစ်ရာ ရရှိစေရန်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

၁၆၉။ **ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား လိုက်နာရန်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား ဆန့်ကျင်သော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် ကုမ္ပဏီတွင် ထိုသို့ဆန့်ကျင်လျက် ဆောင်ရွက်မည်ဟု သဘောတူလက်ခံခြင်း မပြုရ။

၁၇၀။ **ကျိုးကြောင်းစဉ်းစားမှုမပြုဘဲကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းအား ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏မြီရှင်များအတွက် ကြီးမားသည့်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေမည့် နည်းလမ်းများဖြင့်ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် သဘောတူခြင်းကိုမပြုလုပ်ရ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်မပြုရ။

၁၇၁။ **တာဝန်များ ရယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့်တာဝန်**

ကုမ္ပဏီသည် တာဝန်တစ်ရပ်ရပ်ကို လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီက ဆောင်ရွက်နိုင်သည်ဟု သင့်လျော်သောအကြောင်းများရှိကြောင်း ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးက ယုံကြည်ခြင်းမရှိလျှင် ၎င်းသည် ကုမ္ပဏီမှဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်ကို သဘောတူလက်ခံခြင်း မပြုရ။

၁၇၂။ **အချို့သော အကျိုးခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်**

(က) ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ်ပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် အောက်ပါအကြောင်းအရာများအပြင် ယင်း၏အကျိုးခံစားခွင့်နှင့် စပ်လျဉ်းသည့်ကိစ္စများအတွက် အကြောင်းကြားစာကို အခြားဒါရိုက်တာများထံသို့ ပေးပို့ရမည် -

(၁) အကျိုးခံစားခွင့်သည် -

(ကက) ဒါရိုက်တာမှာ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဖြစ်ပြီး အခြားပါဝင်သူများနှင့် အလားတူ ပိုင်ဆိုင်မှုကြောင့် ရရှိခြင်း၊

(ခခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ဒါရိုက်တာ လုပ်အားခနှင့် စပ်လျဉ်း၍ ရရှိခြင်း၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက်လိုအပ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက အတည်မပြုခဲ့လျှင် ကုမ္ပဏီအပေါ် တာဝန်တစ်ရပ်ရပ် မဖြစ်ပေါ်စေမည့် ကုမ္ပဏီက ပါဝင်ချုပ်ဆိုရန် အဆိုပြုထားသည့် ပဋိညာဉ်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း၊

(ဃဃ) ဒါရိုက်တာက အာမခံသူဖြစ်ခြင်း သို့မဟုတ် ၎င်းအားကုမ္ပဏီက ရယူသည့်ချေးငွေ သို့မဟုတ် အဆိုပြုထားသောချေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအတွက် လျော်ကြေးငွေတစ်ရပ်ရပ် သို့မဟုတ် အာမခံချက်တစ်ရပ်ရပ် ပေးခြင်းကြောင့် ဖြစ်ပေါ်လာခြင်း၊

(ငင) အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသည့် အာမခံချက် သို့မဟုတ် လျော်ကြေးငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဒါရိုက်တာသည် အစားထိုးဆောင်ရွက်နိုင်ခွင့် (right of subrogation) ရှိခြင်းကြောင့် ဖြစ်ပေါ်လာခြင်း၊

(စစ) ကုမ္ပဏီကိုဖြစ်စေ၊ ဆက်စပ်သည့်အဖွဲ့အစည်းကိုဖြစ်စေ အာမခံချက်ပေးသူအဖြစ် ဆောင်ရွက်စေခြင်းမရှိစေဘဲ ကုမ္ပဏီ၏အရာရှိတစ်ဦးအဖြစ် ဒါရိုက်တာက ဆောင်ရွက်ပေးရသော တာဝန်ရှိမှုများအပေါ် အာမခံစေသော သို့မဟုတ် အာမခံစေမည်ဖြစ်သော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာခြင်း၊

(ဆဆ) ပုဒ်မ ၁၈၁ အရ ခွင့်ပြုထားသော လျော်ကြေးငွေ သို့မဟုတ် အဆိုပါ လျော်ကြေးငွေနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းက ငွေပေးချေမှုတစ်ရပ်ရပ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာခြင်း၊

(ဇဇ) ဆက်စပ်သည့်အဖွဲ့အစည်း တစ်ခုနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏ အကျိုးအတွက် ဖြစ်စေ သို့မဟုတ် ထိုအဖွဲ့အစည်း၏ ကိုယ်စားဖြစ်စေ ချုပ်ဆိုသော သို့မဟုတ် ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်တွင်ပါရှိပြီး ဒါရိုက်တာသည် ဆက်စပ်သည့်အဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာခြင်း။

(၂) ဒါရိုက်တာသည် အကျိုးခံစားခွင့်၏အခြေအနေ၊ အတိုင်းအတာပမာဏနှင့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ယင်း၏သက်ဆိုင်မှုတို့နှင့် စပ်လျဉ်းသော အကြောင်းကြားစာကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးပို့ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ထိုအကြောင်းကြားစာမှာ ဆက်လက်အကျိုးသက်ရောက်နေခြင်း၊ သို့မဟုတ်

(၃) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးသာရှိပြီး အဆိုပါဒါရိုက်တာ၊ ၎င်းနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသာလျှင် ဖြစ်ခြင်း။

တစ်ဦးတည်းဒါရိုက်တာရှိသည့် ကုမ္ပဏီတွင် အခြားအစုရှယ်ယာရှင် ရှိခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ပေးပို့ရန် လိုအပ်သည့် အကြောင်းကြားစာကို ထိုအစုရှယ်ယာရှင်များထံသို့ ပေးပို့ရမည်။

(ခ) အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် အကြောင်းကြားစာကို လိုအပ်သည့်အချိန်တိုင်းတွင် ပေးပို့နိုင်သည် သို့မဟုတ် ပေါ်ပေါက်လာသည့်ကိစ္စရပ်တွင် အကျိုးခံစားခွင့်ပါရှိသော ကုမ္ပဏီ၏ဒါရိုက်တာသည် အခြားဒါရိုက်တာများထံသို့ အကျိုးခံစားခွင့်၏အခြေအနေနှင့် အတိုင်းအတာပမာဏတို့နှင့် သက်ဆိုင်သော တည်မြဲအကြောင်းကြားစာ (standing notice) ကို ပေးပို့နိုင်သည်။

(ဂ) အကြောင်းကြားစာပေးပို့သည့်အချိန်တွင် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သောကိစ္စရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ တည်မြဲအကြောင်းကြားစာကို မည်သည့်အချိန်တွင်မဆို ပေးပို့နိုင်သည်။ သို့ရာတွင် ဒါရိုက်တာအဖွဲ့တွင် ဒါရိုက်တာအသစ်တစ်ဦးအား ခန့်ထားပါက ယခင်ကပေးပို့ထားသော တည်မြဲအကြောင်းကြားစာများကို အသစ်ဖွဲ့စည်းထားသော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးတွင် ပြန်လည်တင်ပြရမည်။

(ဃ) အကြောင်းကြားစာတွင် ဖော်ပြထားသော အကျိုးခံစားခွင့်၏အခြေအနေ သို့မဟုတ် အတိုင်းအတာပမာဏမှာ သိသာစွာတိုးမြင့်လာလျှင် အဆိုပါတည်မြဲအကြောင်းကြားစာ၏ အကျိုးသက်ရောက်မှုမှာ ရပ်စဲသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ထားသော အကြောင်းကြားစာတစ်ရပ်ရပ်သည် -

(၁) အကျိုးခံစားခွင့်၏ အခြေအနေ၊ အတိုင်းအတာပမာဏတို့နှင့် သက်ဆိုင်သော အချက်အလက်အသေးစိတ်ကို ဖော်ပြပါရှိစေရမည်၊၎င်းပြင်

(၂) ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ပေးပို့တင်ပြရမည်ဖြစ်ပြီး မှတ်တမ်းများတွင် စာရင်းရေးသွင်းထားရမည်။

(စ) ဒါရိုက်တာတစ်ဦးဦးက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် ဆောင်ရွက်ခြင်းများသည် မည်သည့်ဆောင်ရွက်ချက်၊ လုပ်ငန်းဆောင်ရွက်မှု၊ သဘောတူညီချက်၊ စာချုပ်စာတမ်း၊ ဆုံးဖြတ်ချက် သို့မဟုတ် အခြားကိစ္စရပ်များ၏ တရားဝင် အတည်ဖြစ်မှုကို ထိခိုက်စေခြင်း မရှိစေရ။

(ဆ) အကျိုးစီးပွားဆန့်ကျင်ခြင်းနှင့် စပ်လျဉ်းသော အခြားဥပဒေတစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်ရပ်တို့အပြင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရမည်။

**ဒါရိုက်တာများအား ခန့်အပ်ခြင်း၊ ၎င်းတို့၏အခကြေးငွေနှင့် ခန့်အပ်မှုအား ရပ်စဲခြင်း**

၁၇၃။ **ဒါရိုက်တာများအား ခန့်အပ်ခြင်း**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိခြင်းမရှိလျှင် ယင်း၏ အခြားစည်းမျဉ်းစည်းကမ်းများနှင့်အညီ -

(၁) ကုမ္ပဏီ၏ ပထမဦးဆုံးဒါရိုက်တာများမှာ ဤဥပဒေ၏ အပိုင်း(၂) အရ ပြုလုပ်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအတွက် လျှောက်လွှာတွင် အမည်စာရင်း ဖော်ပြထားသော ပုဂ္ဂိုလ်များဖြစ်သည်၊

(၂) ယင်းနောက်ပိုင်းတွင် ကုမ္ပဏီ၏ဒါရိုက်တာများကို အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ကုမ္ပဏီတွင် ပါဝင်သူများက ခန့်အပ်ရမည်၊ ၎င်းပြင်

(၃) ဒါရိုက်တာများအနက် ရုတ်တရက် လစ်လပ်သွားသော ဒါရိုက်တာနေရာတွင် အဆိုပါဒါရိုက်တာများသည် အစည်းအဝေး အထမြောက်စေမည့် အရေအတွက်တွင် မပါဝင်သော်လည်း ထိုသို့လစ်လပ်သွားသော နေရာအတွက် ဒါရိုက်တာများက ဖြည့်စွက်ခန့်ထားရမည်။ သို့သော် ထိုသို့ခန့်အပ်ခံရသူအတွက် အဆိုပါခန့်အပ်မှုကို ပြုလုပ်ပြီးနောက်တွင် ကျင်းပသည့် ကုမ္ပဏီ၏အထွေထွေအစည်းအဝေး၌ ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက်ကို ရယူရမည်။ အဆိုပါ အစည်းအဝေးအား ခန့်အပ်မှုပြုလုပ်ပြီးနောက် (၆)လ အတွင်း ခေါ်ယူကျင်းပရမည်။

(ခ) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့်အညီ နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်စီ၌ ဒါရိုက်တာဦးရေ စုစုပေါင်း၏ သုံးပုံတစ်ပုံသို့မဟုတ် သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးဖြစ်သည့် အရေအတွက်သည် ရာထူးမှ အငြိမ်းစားယူရမည်။ အစည်းအဝေးတစ်ရပ်ရပ်တွင် အငြိမ်းစားယူရမည့် ဒါရိုက်တာများသည် နောက်ဆုံးရွေးကောက်တင်မြှောက်ထားသည့် အချိန်မှစ၍ ရာထူးနေရာတွင် သက်တမ်းအကြာဆုံး ထမ်းဆောင်ပြီးသူများ ဖြစ်ရမည်။ သို့သော်တစ်နေ့တည်းတွင် ဒါရိုက်တာများအဖြစ် ရွေးချယ်ခံခဲ့ရသူများအကြား အနားယူရမည့်သူကို ရွေးချယ်ရာတွင် ဥက္ကဋ္ဌက ဆုံးဖြတ်ရမည်။

(ဂ) ဒါရိုက်တာတစ်ဦးကို ခန့်အပ်နိုင်ရန်အတွက် အထွေထွေအစည်းအဝေး၌ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်တွင် အဆိုပြုထားသည့် ဒါရိုက်တာတစ်ဦးကိုသာလျှင် ဖော်ပြနိုင်မည် ဖြစ်သည်။ သို့သော်အခြား ဒါရိုက်တာများ ခန့်ထားရန် သီးခြားဆုံးဖြတ်ချက်များကို အစည်းအဝေးတစ်ရပ်တည်း၌ ချမှတ်နိုင်သည်။

(ဃ) ဒါရိုက်တာများသည်ယင်းတို့အနက်မှ ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကို ကာလတစ်ရပ်အတွက် ဒါရိုက်တာများက သင့်သည်ထင်မြင်သော စည်းကမ်းချက်များဖြင့် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ (managing director) အဖြစ် ခန့်အပ်နိုင်သည်။ ထိုသူသည် ဒါရိုက်တာ တစ်ဦးအဖြစ်မှ ရပ်စဲလျှင် အုပ်ချုပ်မှုဒါရိုက်တာ အဖြစ်မှ ရပ်စဲရမည်။

(င) အခြားဒါရိုက်တာများ၏ အတည်ပြုချက်ဖြင့် ဒါရိုက်တာတစ်ဦးသည် သတ်မှတ်ထားသော ကာလတစ်ရပ်အတွက် ထိုဒါရိုက်တာ၏လုပ်ပိုင်ခွင့် အချို့ကိုဖြစ်စေ သို့မဟုတ် အားလုံးကိုဖြစ်စေ ကျင့်သုံးစေရန် အခြားသူ တစ်ဦးကို ခန့်အပ်နိုင်သည်။ အဆိုပါ အလှည့်ကျဒါရိုက်တာအဖြစ် ခန့်အပ်ခံရသူသည် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဒါရိုက်တာက ကျင့်သုံးဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။ ခန့်အပ်မှုအား စာဖြင့်ရေးသား ဆောင်ရွက်ရမည်ဖြစ်ပြီး ကုမ္ပဏီသို့ ပေးပို့တင်ပြရမည်။ ခန့်အပ်မှုအား ထိုသို့ခန့်အပ်သည့် ဒါရိုက်တာက မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(စ) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သော၊ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်းဖြစ်သော ဒါရိုက်တာသည် စာဖြင့် ရေးသား ချမှတ်သည့် ဆုံးဖြတ်ချက်ဖြင့် အခြား ဒါရိုက်တာတစ်ဦးကို ခန့်အပ်နိုင်သည်။

(ဆ) ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သော၊ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်းဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး သေဆုံးခြင်း သို့မဟုတ် မသန်စွမ်းသူတစ်ဦး ဖြစ်လာခြင်းရှိခဲ့လျှင် ထိုပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူသည် ပုဂ္ဂိုလ်တစ်ဦးဦးအား ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်သည်။

(ဇ) ကုမ္ပဏီတွင် ဒါရိုက်တာများမရှိခဲ့လျှင် သို့မဟုတ် ဒါရိုက်တာဦးရေသည် ဒါရိုက်တာအစည်းအဝေးတစ်ရပ် ကျင်းပရာတွင် အထမြောက်စေရန် သတ်မှတ်ထားသည့် အနည်းဆုံးဦးရေ မပြည့်မီခဲ့လျှင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ဒါရိုက်တာများကို ခန့်ထားရန် မဖြစ်နိုင်လျှင် သို့မဟုတ် ဆောင်ရွက်၍မရခဲ့လျှင် အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီအတွက် ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကို ခန့်ထားပေးစေရန်အတွက် တရားရုံးသို့လျှောက်ထား တင်ပြနိုင်သည်။ တရားရုံးသည် ကုမ္ပဏီ၏ အကျိုးအတွက် ထိုသို့ခန့်အပ်ရန် ဆုံးဖြတ်လျှင် ထိုခန့်အပ်မှုအား ပြုလုပ်နိုင်ပြီး ထိုသို့ ခန့်အပ်မှု တစ်ရပ်ရပ်ကို တရားရုံးကသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၇၄။ **ဒါရိုက်တာများကို ဖယ်ရှားခြင်း**

ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာတစ်ဦးဦးအား ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် ခေါ်ယူကျင်းပသည့် အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ ဖြစ်စေ၊ ဤဥပဒေနှင့်အညီ စာဖြင့် ရေးသားထားသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ဖြစ်စေ ဒါရိုက်တာတစ်ဦးဦးကို ဖယ်ရှားနိုင်သည်။

၁၇၅။ **ဒါရိုက်တာ၏ အရည်အချင်းများ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော အစုရှယ်ယာများကို ပိုင်ဆိုင်ရန် လိုအပ်ပြီး ထိုသို့သတ်မှတ်ချက်နှင့် မပြည့်စုံသေးသော ဒါရိုက်တာအားလုံးသည် ၎င်းအား ဒါရိုက်တာအဖြစ် ခန့်အပ်သည့်နေ့မှ (၂) လအတွင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်နိုင်သည့် ပိုမိုတိုတောင်းသောကာလအတွင်း အဆိုပါ သတ်မှတ်ချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ရမည့်တာဝန်ရှိသည်။

(ခ) အနည်းဆုံး အသက် (၁၈) နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် ဒါရိုက်တာတစ်ဦးအဖြစ် ခန့်ထားရမည်။

(ဂ) ဒါရိုက်တာသည် စိတ်ပေါ့သွပ်သောသူ မဖြစ်စေရ။

(ဃ) ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဒါရိုက်တာတစ်ဦးအဖြစ်ဆောင်ရွက်ရန် တားမြစ်ထားခြင်းခံရသူ တစ်ဦးသည် ထိုသို့တားမြစ်ထားသည့် အချိန်ကာလအတွင်း ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခြင်း မပြုနိုင်။

(င) လူမွဲအဖြစ်ခံယူထားသူတစ်ဦးသည် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခြင်း မပြုနိုင်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီက ထည့်သွင်းသတ်မှတ်နိုင်သော သီးခြားအရည်အချင်းများကို ထိခိုက်စေခြင်းမရှိစေရ၊ သို့သော် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သောအရည်အချင်းတစ်ရပ်ရပ်နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

(ဆ) ဒါရိုက်တာတစ်ဦးအဖြစ် ၎င်းအားခန့်အပ်ရာတွင် အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံမှုမရှိဟု ဆိုစေကာမူ ယင်းတာဝန်တွင် ထမ်းဆောင်သူသည် ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့် ဒါရိုက်တာတစ်ဦး၏ တာဝန်ဝတ္တရားများကို ဖောက်ဖျက်ခြင်းအတွက် တာဝန်ရှိသည်ဟု သတ်မှတ်နိုင်သည်။

၁၇၆။ **ဒါရိုက်တာများ၏ ဆောင်ရွက်မှုများသည် တရားဝင်အတည်ဖြစ်ခြင်း**

ဒါရိုက်တာတစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းအားခန့်အပ်ပြီးနောက်ပိုင်း ချို့ယွင်းချက်တစ်ခုခုတွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ ဒါရိုက်တာအဖြစ်ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်းတစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင်အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းသည် တရားဝင် အတည်ဖြစ်ခဲ့သော်လည်း တရားဝင်မဟုတ်သော ဆောင်ရွက်မှုတစ်ရပ်ရပ်ကို တရားဝင်အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ မှတ်ယူခြင်း မရှိစေရ။

၁၇၇။ **ဒါရိုက်တာများ၏ လုပ်ငန်းများကို လွှဲပြောင်းခြင်း**

မည်သည့်ကုမ္ပဏီတွင်မဆိုကုမ္ပဏီ၏ ဒါရိုက်တာသို့မဟုတ် အရာရှိတစ်ဦးအား ယင်း၏ လုပ်ငန်းကို အခြားသူတစ်ဦးဦးသို့ လုပ်ပိုင်ခွင့်လွှဲအပ်နိုင်ရေးအတွက် စည်းကမ်းချက်များကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ကုမ္ပဏီအကြား ချုပ်ဆိုခဲ့သော သဘောတူစာချုပ်ဖြင့်ဖြစ်စေ သတ်မှတ်ခဲ့လျှင် အဆိုပါစည်းကမ်းချက်နှင့်အညီ ပြုလုပ်သည့်လုပ်ငန်း လွှဲအပ်ခြင်းသည် တစ်စုံတစ်ရာနှင့် ဆန့်ကျင်စေကာမူ ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့် အတည်မပြုမီကာလအထိ အကျိုးသက်ရောက်ခြင်း မရှိစေရ။

သို့ရာတွင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် လုပ်ငန်းမဆောင်ရွက်နိုင်သည့် ကာလအတွင်း အလှည့်ကျဒါရိုက်တာတစ်ဦးကို ခန့်အပ်ရန်အတွက် လုပ်ပိုင်ခွင့်အား ကျင့်သုံးခြင်းကို ဤပုဒ်မ၏ အဓိပ္ပာယ်ဖော်ပြချက်အတွင်း လုပ်ငန်းလွှဲပြောင်းခြင်း ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

ထို့အပြင် အဆိုပါအလှည့်ကျဒါရိုက်တာသည် ယင်းအား ခန့်အပ်သောသူကလုပ်ငန်း ဆောင်ရွက်နေသည့်ကာလများတွင် ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်း မပြုရ။

၁၇၈။ **ဒါရိုက်တာ၏ ရာထူးနေရာ ရပ်နားရခြင်း**

(က) ဒါရိုက်တာတစ်ဦး၏ ရာထူးနေရာတွင် အောက်ပါကိစ္စတစ်ရပ်ရပ်သာ ဖြစ်ပေါ်လာခဲ့လျှင် ရပ်နားရမည် -

(၁) ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ရေးအတွက် လိုအပ်သော အစုရှယ်ယာပိုင်ဆိုင်မှု သတ်မှတ်ချက်ရှိပါက ပုဒ်မ ၁၇၅၏ ပုဒ်မခွဲ(က)တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကာလနောက်ပိုင်း ကာလတစ်ရပ်ရပ်တွင် ထားရှိရန် ပျက်ကွက်ခဲ့လျှင်၊

(၂) စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတစ်ခုခုက စိတ်ပေါ့သွပ်သောသူဖြစ်ကြောင်း တွေ့ရှိခဲ့လျှင်၊

(၃) ဒေဝါလီခံရကြောင်း သို့မဟုတ် လူမွဲဖြစ်ကြောင်း ဆုံးဖြတ်ခြင်းခံရလျှင်၊

(၄) အစုရှယ်ယာများအတွက် ငွေပေးချေရန် တောင်းခံမှုပြုလုပ်သည့်နေ့မှ (၆) လအတွင်း ဒါရိုက်တာများ ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ၎င်းတို့အပေါ် တောင်းခံသည့်ငွေအား ပေးချေရန် ပျက်ကွက်လျှင်၊

(၅) တစ်ဆက်တစ်စပ်တည်း ပြုလုပ်သော ဒါရိုက်တာများအစည်းအဝေး (၃)ရပ် သို့မဟုတ် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပြက္ခဒိန်လ (၃) လ၊ ယင်းတို့အနက် ပိုမိုကြာမြင့်သည့် ကာလအတွင်း ကျင်းပပြုလုပ်သော ဒါရိုက်တာများ အစည်းအဝေးအားလုံးသို့ ဒါရိုက်တာအဖွဲ့ထံမှ ခွင့်ယူခြင်းမရှိဘဲ သို့မဟုတ် အလှည့်ကျဒါရိုက်တာအား ခန့်အပ်ခြင်း မပြုဘဲ တက်ရောက်ရန် ပျက်ကွက်လျှင်၊

*(ဆက်လက်ဖော်ပြပါမည်)*